ပိုင်ဆောင်ဆက်သွယ်

TRANSCOM NEWS JOURNAL

သတင်းဂျာနယ်

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်မှ စတင်ထုတ်ဝေသည်။

နှစ်ပတ်တစ်ကြိမ် (ဗုဒ္ဓဟူးနေ့တိုင်း) ထုတ်ဝေသည်။

www.transcomjournal.com

အတွဲ (၈)၊ အမှတ် (၈)

၂၀၁၈ခုနှစ်၊ ဇူလိုင် (၂၅)ရက်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် မြန်မာ-မီယက်နမ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချုပ်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့

»စာ- ၁၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက် အမှာစကား

မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ နှစ်သစ်ကူးအချိန် အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မိုတင်းနေထိုင်ကြကုန်သော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူလူထုအပေါင်း ကိုယ်စိတ်နှစ်ပါး ရှင်လန်းကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီးထူးအောင်ဦးဦး (၂)နှစ်တာ ကာလအတွင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ အချို့လုပ်ငန်းများတွင် အောင်မြင်တိုးတက်မှုများရှိခဲ့သော်လည်း အချို့လုပ်ငန်းများမှာမူနှောင့်နှေးကြန့်ကြာအဆင်မပြေမှုများ ဖြစ်ခဲ့ရသည်လည်းရှိပါသည်။ မိမိတို့တွင် ချို့ယွင်း အားနည်းချက်များ ရှိနိုင်တာကိုလည်း ဝန်ခံပါသည်။ ပြည်သူလူထု၏ ဝေဖန်ထောက်ပြအကြံပြုချက်များကို ဝမ်းမြောက်ဝမ်းသာ လေးလေးစားစား ပြုပြင်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။ မိမိတို့၏ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍမှာ အစစအရာရာ ချို့ယွင်းနိမ့်ကျခဲ့သည့် ပို့ဆောင်ရေးအခြေခံအဆောက်အအုံများကို အသစ်ကဲ့သို့ ပြန်လည်တည်ဆောက်နေရသည့်အတွက် အချိန်ယူပြီး ဖြည်းဖြည်းမှန်မှန် ဆောင်ရွက်နေရခြင်းကို သည်းခံခွင့်လွှတ်နားလည်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

နှစ်သစ်ကူးအခါသမယတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အရာထမ်း၊ ဝန်ထမ်းများ၊ အမှုထမ်းများအပါအဝင် တိုင်းရင်းသားပြည်သူလူထုအပေါင်းအား ကျန်းမာချမ်းသာခြင်း၊ စာနာသနားခြင်း၊ ရိုင်းပင်ကူညီခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ စည်းလုံးညီညွတ်ခြင်းစသော ကောင်းမြတ်သောတရားများ လက်ကိုင်ထားပြီးကိုယ် စိတ်နှစ်ဖြာကျန်းမာရှင်လန်းကြပါစေကြောင်း၊ ငြိမ်းချမ်းသောစိတ်ကို မွေးမြူနိုင် ကြပါစေကြောင်း နှစ်သစ်ကူး ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

သန့်စင်မောင်
ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

myanmar national airlines

70TH ANNIVERSARY

LOW SEASON BUSINESS PROMOTIONS (EX.RGN)

EFFECTIVE FROM
11ST APR 2018 TO 30TH SEP 2018

SALES PERIOD
11ST APR, 2018 - 30TH SEP, 2018

TRAVEL PERIOD
11ST APR, 2018 - 30TH SEP, 2018

MYANMAR NATIONAL AIRLINES HQ
NO.104, KANNA ROAD,
KYAUKTADA TOWNSHIP, YANGON, MYANMAR
+95 1 378 603 ext.117
reservations@flymna.com | www. flymna.com

YANGON · BANGKOK · YANGON
STARTING FROM
$361 | ALL IN FARE

YANGON · SINGAPORE · YANGON
STARTING FROM
$599 | ALL IN FARE

YANGON · HONG KONG · YANGON
STARTING FROM
$599 | ALL IN FARE

MANDALAY · SINGAPORE · MANDALAY
STARTING FROM
$599 | ALL IN FARE

အယ် ဒီ ဟာ့ အာ ဘော် နှစ်ကူးချိန်ခါ မင်္ဂလာ ...

မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်သို့ ခြေလှမ်းသစ်တို့စတင်သည့်အချိန်၊ နှစ်သစ်ကူးအချိန်၊ သီရိကျက်သရေတို့ပြည့်ဖြိုးဝေဆာသည့်အချိန်ဟု ဆိုချင်ပါသည်။ နှစ်ကူးအတာရေပွဲတော်ကို အေးချမ်းပျော်ရွှင်စွာဆင်နွဲခဲ့ကြသည့်တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ပြည်ပမှရောက်ရှိနေကြသည့် ခရီးသွားများမှာမြန်မာနှစ်ဆန်းတစ်ရက်၏လေးစားပျော်ရွှင်နှစ်လို ကြည်နူးစရာမြင်ကွင်းနှင့် သတင်းများနွေ့ပိတောက်ရန့်နှင့်အတူ သင်း၍ပြန့်၍ ကြိုင်၍ လိုင်၍ အေးငြိမ့်ညင်သာစွာရရှိခံစားထိတွေ့ကြားနာကြရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံတော်သမ္မတဦးဝင်းမြင့်၊ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးမြင့်ဆွေ၊ ဦးဟင်နရီဗန်ထီးယူတို့၏ နှစ်သစ်နှုတ်ခွန်းဆက်အမှာစကားများအား ရုပ်သံသတင်းမီဒီယာများတွင်နားဆင်ကြားမြင်နေရသည်။ နိုင်ငံတော်နှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ပစ္စပွန်နှင့် အနာဂတ်ရေးမျှော်တွေးထောက်ရှု၊ သတိပြုစရာ၊ မေတ္တာစေတနာနှင့် ခိုင်မာသည့်ရပ်တည်ချက်များ ကြားသိခံစားကြသည်။ နှစ်သက်စရာကျက်သရေအပြည့်ရှိသည့် သုတိမင်္ဂလာအမှာစကားများဖြစ်ကြပါသည်။ လေးစားညွှတ်နူးကျေးဇူးဥပကာယတင်သည့် နိုင်ငံသူ နိုင်ငံသားများ၏ ရင်တွင်းပဲ့တင်သံကို နိုင်ငံအကြီးအကဲများက ကြိုတင်ခံစားထပ်မျှအတူကြည်ဖြူဝမ်းသာနေမည်မှာ မလွဲဖြစ်ပေမည်။

နိုင်ငံတော်သမ္မတရုံးမှ ၁၃၈၀ပြည့်နှစ်၊ ကဆုန်လဆန်း ၃ရက် (၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ရက်)ရက်စွဲဖြင့် အမိန့် အမှတ် ၁၆/ ၂၀၁၈၊ ၁၇/၂၀၁၈ နှင့် ၁၈/၂၀၁၈ တို့ကို ထုတ်ပြန်ကြေငြာခဲ့သည်။ "နိုင်ငံရေးနှင့် စပ်လျဉ်းသည့်ပြစ်မှုများတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ပုဒ်မ ခွဲ (၁)အရ သတ်မှတ်ခဲ့သည့်စည်းကမ်းချက်များကို ပယ်ဖျက်သည့်အမိန့်"၊ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် အမိန့် (နိုင်ငံသားအကျဉ်းသား၊ အကျဉ်းသူ ၈၄၉၀ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ (၁)အရ စည်းကမ်းသတ်မှတ်ချက်မထားဘဲ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း) နှင့် "နိုင်ငံအချင်းချင်း မိတ်ဖက်မပျက်ဆက်ဆံရေးကိုရှေးရှု၍လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကိုအလေးထားသောအားဖြင့်လည်းကောင်း၊ အကျဉ်းထောင်အသီးသီးတွင် အကျဉ်းကျခံနေကြရသော နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၅၁ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ စည်းကမ်းသတ်မှတ်ချက်မထားဘဲ လွတ်ငြိမ်းချမ်းသာခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည့် အမိန့်များဖြစ်ပေသည်။

လွတ်ငြိမ်းချမ်းသာခွင့်ရရှိသူများတွင် အသက် ၈၀ နှစ်နှင့်အထက် ၂၇ဦး၊ အသက် ၇၅ မှ ၈၀အကြား ၂၉ဦး၊ ကျန်းမာရေးမကောင်းသူ ၁၄ ဦး၊ လဝကအက် ၁၃(၁) နိုင်ငံခြားသား ၄၄ဦး၊ မူးယစ်ပုဒ်မ ၁၅ဖြင့် ပြစ်ဒဏ်ကျခံသူ ၁၄၆၂ဦး၊ မူးယစ်ပုဒ်မ ၁၆၈(ဂ)ဖြင့် ပြစ်ဒဏ်ကျ ၃၂၂၀ ဦး၊ (ပြစ်ဒဏ်ကျခံရန် ကျန်၃နှစ်နှင့်အောက်) မူးယစ်ပုဒ်မ ၁၅/၁၆တို့ဖြင့် ပြစ်ဒဏ်ကျ ၁၆၈၈ဦး၊ ပြစ်ဒဏ်ကျခံရန်ကျန် ၃နှစ်နှင့်အောက်) တပ်မတော်အက်ဖြင့် ပြစ်ဒဏ်ကျ ၁၈၈၀ ဦး၊ ရဲစည်းကမ်းထိန်းသိမ်းရေးပြစ်ဒဏ်ကျ ၁၄၁ဦး၊ AAPP စာရင်းဝင်နိုင်ကျင်း ၃၆ဦး၊ နိုင်ငံသားအကျဉ်းသူ ၁ဦးနှင့် ဗီယက်နမ် ၈ဦး၊ အကျဉ်းသား ၇ဦး စုစုပေါင်း ၈၅၄၁ဦး ပါဝင်ကြောင်းသိရှိရသည်။

မြန်မာနိုင်ငံတွင် လွတ်ငြိမ်းချမ်းသာခွင့်အား အခြေအနေ၊ ပုံစံအမျိုးမျိုးဖြင့် စာနာထောက်ညှာမှုပြသကာ လွှတ်ပေးခဲ့ကြသည်။ မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ နှစ်ဆန်းကာလ လွတ်ငြိမ်းချမ်းသာခွင့်သည် ထူးခြားလှသည်။ အဲ့ဒြေရာ၊ နှစ်သစ်ကျေနပ်စရာတွေ အပြည့်ပါနေသည်ကိုတွေ့ရသည်။ သမိုင်းတွင်ရစ်မည့် ပြောင်းလဲမှုတစ်ခုဟု တင်ပြလိုပါသည်။

ဝန်ထမ်းများ အငြိမ်းစားယူသည့်အချိန် ကိုယ်ပိုင်နေအိမ်၊ တိုက်ခန်းဖြင့် နေထိုင်နိုင်ရေး၊ အမှုထမ်းလစာ ၂၀ ရာခိုင်နှုန်း၊ အရာထမ်းလစာ ၁၀ရာခိုင်နှုန်းတိုးမြှင့်ရန်၊ လျှပ်စစ်စွမ်းအင်ကို လာမည့်ဒုနှစ်အတွင်း နောက်ထပ်မဂ္ဂါဝပ် ၃၀၀၀တိုးမြှင့်ပြီး စုစုပေါင်း ၆၀၀၀ မဂ္ဂါဝပ် တိုးမြှင့်ထုတ်လုပ်ရေး၊ စွန့်လွှတ်ပြီး သိမ်းဆည်းခံလယ်ယာခြံမြေများ မူလပိုင်ရှင်ထံ အမြန်ဆုံးအပ်နှံနိုင်ရေး၊ မစွန့်လွှတ်ရသေးသည့် သိမ်းဆည်းခံလယ်ယာခြံမြေများ အမြန်ဆုံးစိစစ်ပြီး မူလပိုင်ရှင်များထံအပ်နှံရေးစသည့် နှစ်လိုစရာမင်္ဂလာသတင်းတို့သည် နှစ်ကူးအခါသမယတွင် ငုံဖူးပွင့်လှိုင်၊ ရနံ့ကြိုင်ကြလေပြီ။

ဧပြီ ၁၉ရက်၊ နံနက်ပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးချုပ် HE. Mr. Nguyen Xuan Phue ၏ဖိတ်ကြားချက်အရ မြန်မာအမျိုးသားလေကြောင်းပိုင် အထူးလေယာဉ်ဖြင့် ထွက်ခွာသွားခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ဝိုဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားခဲ့ကြသည်။

မြန်မာ–ဗီယက်နမ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ စွမ်းအားနှင့် ဆက်သွယ်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ပညာရေးစသည့်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ပြည်သူများအကြား အပြန်အလှန်ထိတွေ့ဖလှယ်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Phan Tam တို့မှ နှစ်နိုင်ငံအကြား စာတိုက်၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနားလည်မှုစာချွန်လွှာကိုလည်းကောင်း၊ ဗီယက်နမ်ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Phan Tam တို့မှ နှစ်နိုင်ငံအကြား ပြန်ကြားရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုဆိုင်ရာတို့အား လက်မှတ်ရေးထိုးခဲ့ကြသည်။

အနှစ်ချုပ်ဆိုရသော် မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့် နှစ် နှစ်သစ်ကူးအချိန်အခါသမယသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏အနာဂတ်နှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် ထူးခြားလေးနက်သည့် ပြောင်းလဲမှုများဖြစ် ထုံမွှမ်းကြိုင်လျှမ်းပြီး ကြည်နူးဝုက်ယူစံပြုယူရမည့်အခါသမယဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

၂၀၁၈ ခုနှစ်၊ ဧပြီလ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

ဘဂၢလားပင်လယ်အော်အခြေအနေ

ကပွလီပင်လယ်ပြင်နှင့် ဘဂၢလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ်ဖြစ်ပေါ်နိုင်ပါသည်။ ကပွလီပင်လယ်ပြင်နှင့် ဘဂၢလားပင်လယ် အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်ပြီး၊ ကျန်ဘဂၢလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါသည်။

မိုးအခြေအနေနှင့် မိုးရွာရက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် (၆)ရက်မှ (၈)ရက်ခန့်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၃)ရက်မှ (၅)ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် (၁)ရက်မှ (၂)ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

နေ့အပူချိန်

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင်ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက်(၁.၅)ဒီဂရီစင်တီဂရိတ်ပိုနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည် နယ်နှင့်မွန်ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့် ရှိနိုင်ပါသည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် ဧပြီလတတိယ(၁၀)ရက်ပတ်အတွင်း မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ၄–ပေမှ ၅–ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းကွေးမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ၂–ပေမှ ၃–ပေခန့်နှင့် အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟသံတမြို့နှင့် ဇလွန်မြို့တို့တွင် ၁–ပေခန့်မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်မြစ်ရေသည် ဧပြီလတတိယ(၁၀)ရက်ပတ်အတွင်း ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် ၂–ပေမှ ၃–ပေခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင်ပေဝက်မှ ၁–ပေခန့် မြင့်တက်လာနိုင်ပါသည်။

အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပြည်တွင်းလုပ်ငန်းရှင်များအား ဖိတ်ခေါ်

ဝိုဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အောက်ဖော်ပြပါ

(က) ကုန်ပို့ဆောင်ရေးဌာနခွဲ
(ရန်ကုန်တိုင်းဒေသကြီး)

(ခ) ရခိုင်ဌာနခွဲ
(စစ်တွေ၊ ရခိုင်ပြည်နယ်)

(ဂ) ချင်းတွင်းဌာနခွဲ
(မုံရွာ၊ စစ်ကိုင်းတိုင်းဒေသကြီး)

(ဃ) ဧရာဝတီဌာနခွဲ
(မန္တလေး၊ မန္တလေးတိုင်းဒေသကြီး)

(င) မြစ်ဝကျွန်းပေါ်ဌာနခွဲ
(ရန်ကုန်၊ ရန်ကုန်တိုင်းဒေသကြီး)

(စ) သံလွင်ဌာနခွဲ
(မော်လမြိုင်၊ မွန်ပြည်နယ်) တို့အား ဌာနခွဲများအလိုက် ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပြည်တွင်းလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ Public Private Partnership (PPP) စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဌာနခွဲအသီးသီးရှိ ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပြည်တွင်းလုပ်ငန်းရှင်များသည် ဌာနခွဲတစ်ခုချင်းလိုက်ဖြစ်စေ၊ ဌာနခွဲအားလုံး၏ လုပ်ငန်းများကိုဖြစ်စေ လုပ်ကိုင်ဆောင်ရွက်နိုင်မှုအပေါ် မူတည်၍ Expression of Interest (EOI) အဆိုပြုလွှာများကို ပေးပို့တင်ပြနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

အဆိုပြုလွှာပုံစံများကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (ရုံးချုပ်)တွင် ၂၀၁၈ခုနှစ်၊ ဧပြီလ (၂၃)ရက်နေ့မှ မေလ (၂၂)ရက်နေ့အထိ ရုံးချိန်အတွင်းလာရောက်ထုတ်ယူနိုင်ပြီး၊ သိရှိလိုသောအသေးစိတ်အချက်အလက်များကို ဒုအထွေထွေမန်နေဂျာ (စီမံ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (ရုံးချုပ်) အမှတ် (၅၀)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ တယ်လီဖုန်းအမှတ်၊ ၀၁–၃၈၀၇၅၇၊ ဖက်စ် ဖုန်းအမှတ်၊ ၀၁–၃၈၀၇၅၂ တို့သို့ အကျိုးတူပူးပေါင်းဆောင်ရွက်လိုသူများသည် (EOI) အဆိုပြုလွှာများကို ပြည့်စုံစွာဖြည့်စွက်ဖော်ပြ၍ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (ရုံးချုပ်)ထံလိပ်မူ၍ ၂၀၁၈ခုနှစ်၊ သြဂုတ်လ(၂၂)ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ပြန်လည်တင်သွင်းရန်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဖိတ်ခေါ်အပ်ပါကြောင်း သိရှိရသည်။ တင်မောင်–ပို/ဆက်

အသိပေးကြေညာခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးတွင် နှစ်လမှတ်ပုံတင် သက်တမ်းတိုးယာဉ်စီးရေများပြားသဖြင့် အချိန်ကြာမြင့်ခြင်း၊ လမ်းများပေါ်တွင် တန်းစီစောင့်ဆိုင်းရသည့်ယာဉ်များကြောင့် ယာဉ်ကြောကြပ်တည်းမှုဖြစ်ပေါ်ခြင်းများ လျော့နည်းသက်သာစေရန်အတွက်နှစ်လမှတ်ပုံတင်ယာဉ်စစ်ဆေးရက်ချိန်းအား www.rtad.gov.mm Website တွင်ကြိုတင်စာရင်းသွင်းသည့်စနစ် (Online Booking System)ကို ၂.၁.၂၀၁၈ ရက်(အင်္ဂါနေ့)မှစတင်၍ ပြောင်းလဲကျင့်သုံးခဲ့ရာ အဆင်ပြေပြေ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါသည်။

၂။ ထိုအပြင် Online Booking ရယူရန်အခက်အခဲရှိသူများ နှစ်လမှတ်ပုံတင်သက်တမ်းတိုးဆောင်ရွက်ရာတွင် အဆင်ပြေစေရေးအတွက်လစဉ်လ တစ်လ၏ နောက်ဆုံးရုံးဖွင့်ရက် (၂)ရက်ကို Online Booking ရက်ချိန်းယူရန်မလိုဘဲ လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ သို့သော် ၂၀၁၇ ခုနှစ်၊ မတ်လ (၂၉)ရက်နှင့်(၃၀)ရက်နေ့များတွင် Online Booking ရယူရန်အခက်အခဲရှိသူများ၊ ဘီးခွန်ကိစ္စကြောင့် သက်တမ်းကြိုတိုးသည့်ယာဉ်များပြားခြင်းတို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာနရုံးများ၌ လက်ခံဆောင်ရွက်ပေးနိုင်သည့် ယာဉ်စီးရေပမာဏာထက်ပိုမိုများပြားစွာလာရောက်ဆောင်ရွက်ခဲ့သည့်အတွက် ပြည်သူများနံနက်စောစောပိုင်းမှတန်းစီစောင့်ဆိုင်းဆောင်ရွက်ရခြင်း၊ ညအထိလုပ်ငန်းများကိုလက်ခံဆောင်ရွက်ပေးရခြင်းစသည့်အခက်အခဲများဖြစ်ပေါ်ခဲ့ပါသည်။

၄။ သို့ပါ၍ ယာဉ်ပိုင်ရှင်များအနေဖြင့် ထိုသို့သောအဆင်မပြေမှုများကို ရှောင်လွှဲနိုင်ရန်အတွက်လကုန်ရက်မတိုင်မီ မိမိယာဉ်စစ်ဆေးလိုသည့်ရက်ကို Online Booking ကြိုတင်စာရင်းသွင်းသည့်စနစ်ကို ဦးစားပေးဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

၅။ Online Booking ကိုအနည်းဆုံး(၃)ရက်မှအများဆုံး(၃၀)ရက်အထိကြိုတင်ရယူနိုင်ပြီး Online အသုံးပြုရန်အသေးစိတ်အချက်အလက်များအား www.motc.gov.mm,www.myanmartad.com,www.rtad.gov.mm Website များနှင့် Ministry of Transport and Communications,Myanmar Facebook Page တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ် - .ရုံးချုပ်(နေပြည်တော်) - ၀၆၇–၃၄၀၅၃၅၉၊ ၀၆၇–၃၄၀၅၀၉၉၉၊ တိုင်းဒေသကြီးရုံး(ရန်ကုန်)–၀၁–၅၇၀၉၆၇၊ တိုင်းဒေသကြီးရုံး(ရွာသာကြီး) – ၀၁–၂၅၈၅၀၈၂ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်) –၀၁–၅၉၀၁၀၇၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်)– ၀၁–၅၇၃၁ခဝ၉၊ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်)– ၀၁–၃၆၄၄၄၀ များသို့ထို့ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါကြောင်းကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီး ဌာနမှ အသိပေးကြေညာအပ်ပါသည်။ (ကည)

နှလုံးသားထဲက မြန်မာ

MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို အစဉ်တစိုက် အားပေးကြသော
မြန်မာပြည်သူပြည်သားအပေါင်း နှစ်သစ်ကူး အချိန်ခါသမယတွင်
စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ကြပါစေကြောင်း
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မိသားစုမှ ဆုမွန်ကောင်း
တောင်းအပ်ပါသည်။

ဗျသနတရား (၅)ပါး

၁။ ညာတိဗျသန – ဆွေမျိုးညာတိတို့ သေကျေပျက်ဆီးခြင်း။
၂။ ဘောဂဗျသန – ရာထူးဂုဏ်သိမ်စည်းစိမ်ဥစ္စာ လျော့ကျပျက်စီးခြင်း။
၃။ ရောဂဗျသန – အနာရောဂါနှိပ်စက်ပျက်စီးခြင်း။
၄။ သီလဗျသန – အကျင့်သီလပျက်စီးခြင်း။
၅။ ဒိဋ္ဌိဗျသန – အယူဝါဒ လွဲမှားပျက်စီးခြင်း။

မြတ်စွာဘုရားတရား (၄)ပါး

၁။ မေတ္တာတရား
၂။ ကရုဏာတရား
၃။ မုဒိတာတရား
၄။ ဥပက္ခာတရား

လောကပါလတရား (၃)ပါး

၁။ လွတ်လပ်ခြင်း
၂။ ညီမျှခြင်း
၃။ တရားမျှတခြင်း

လောက (၃)ပါး

၁။ သတ္တလောက – လူသတ္တဝါများ၏ လောက
၂။ သင်္ခါရလောက – ဖြစ်ပျက်ပြုပြင် လောက
၃။ ဩကာသလောက – ရှိရှိသမျှ လူသတ္တဝါအားလုံး ရှိသော လောက

ဝိပတ္တိတရား (၄)ပါး

၁။ သီလဝိပတ္တိ – သီလပျက်ခြင်း။
၂။ ဒိဋ္ဌိဝိပတ္တိ – အယူပျက်ခြင်း။
၃။ အာစာရဝိပတ္တိ – အကျင့်ပျက်ခြင်း။
၄။ အာဇီဝဝိပတ္တိ – အသက်မွေးမှုပျက်ခြင်း

ကုန်တင်ယာဉ်များ လိုက်နာရမည့်စည်းကမ်း

၁။ လုပ်ငန်းလိုင်စင် ရယူခြင်းမရှိဘဲကုန်များကို အခကြေးငွေယူ၍ သယ်ဆောင်ခြင်းမပြုရပါ။
၂။ ကုန်တင်သည့်ယာဉ်တိုင်းတွင် အခြားသူများအန္တရာယ်မဖြစ်စေရန် တင်ဆောင်ထားသော ကုန်ပစ္စည်းတို့ကို ခိုင်မြဲစွာ တုပ်နှောင်ထားရမည်။
၃။ ယာဉ်၌ကုန်ပစ္စည်းများ အမိုးပေါ်တွင်တင်ဆောင်ပါက
(က) ဝန်လေးယာဉ်အတွက် မြေညီလမ်းမှကုန်ပစ္စည်းထိပ်အထိ အမြင့်သည် ၃.၆၆ မီတာ (၁၂ပေ)ထက်မပိုစေရပါ။
(ခ) ဝန်ပေါ့ယာဉ်အတွက် မြေညီလမ်းမှကုန်ပစ္စည်းထိပ်အထိ အမြင့်သည် ၃.၀၅ မီတာ (၁၀ ပေ) ထက်မပိုစေရပါ။
၄။ ယာဉ်၏အမိုးပေါ်တွင် တင်ဆောင်သော ပစ္စည်းများသည် အမိုး၏ရှေ့နောက်သို့ အစွန်းထွက်ပါက ၁ မီတာ (၃ ပေ၊ ၃ လက်မ) စီထက်မပိုစေရပါ။
၅။ ယာဉ်နောက်မြီးမှ ၁ မီတာ (၃ ပေ၊ ၃ လက်မ)ထက်ပို၍ထွက်သော ပစ္စည်းများ၏အဖျားတွင် (၁၂) လက်မ အချင်းဝက်ထက်မနည်းရှိ "ဖြူနီ" ထက်ဝက်သုတ်ထားသည့် သံပြားချိတ်ထားရမည်။ သို့သော် ယာဉ်၏နောက်မြီးပစ္စ ည်းအစွန်းထွက်မှုသည် ၂ မီတာ (၆ပေ ၆လက်မ) ထက်မပိုစေရ။
၆။ သာမန်အားဖြင့် ကုန်တင်ယာဉ်များသည် နောက်ပိတ်ကိုပိတ်၍ မောင်းနှင်ရမည်။
၇။ ယာဉ်၏ပြင်ပဘေးနှစ်ဖက်တွင် မည်သည့်ကုန်ပစ္စည်းကိုမျှ တင်ဆောင်ချိတ်ဆွဲခြင်းမရှိရသည့်အပြင် အမိုးပေါ်မှ ကုန်ပစ္စည်းသည် ယာဉ်၏ပြင်ပဘေးနှစ်ဘက်သို့အစွန်းမထွက်စေရပါ။
၈။ အန္တရာယ်ဖြစ်စေတတ်သော ကုန်ပစ္စည်းများတင်ဆောင်မောင်းနှင်လျှင် ထိုကုန်ပစ္စည်းများအတွက်လိုအပ်သော ကြိုတင်ကာကွယ်မှုများကိုဆောင်ရွက်ပြီး အထူးသတိပြုမောင်းနှင်ရမည်။
၉။ ကုန်ပစ္စည်းအတင်အချကို သတ်မှတ်ခွင့်ပြုထားသည့် နေရာများတွင်သာ ပြုလုပ်ရမည်။ လမ်းပိတ်ဆို့မှုမဖြစ်စေရပါ။
၁၀။ နိုင်ငံတော်အစိုးရမှ တားမြစ်ထားသော ကုန်ပစ္စည်းများကို တရားဝင်ခွင့်ပြုချက်မရှိဘဲ မတင်ဆောင်ရပါ။
၁၁။ ယာဉ်ကိုကြိုး (သို့မဟုတ်)ဆွဲတံဖြင့် ဆွဲလျှင်ဆွဲသည့် ယာဉ်နောက်မြီးနှင့် အဆွဲခံယာဉ်ရှေ့အဖျားကြား အကွာအဝေးသည် ၃.၆၆ မီတာ (၁၂ ပေ)ထက်မပိုစေရ။
၁၂။ အဆွဲခံယာဉ်ကို ကြိုးဖြင့်ဆွဲပါက ၎င်းယာဉ်ကိုယာဉ်မောင်းလိုင်စင်ရရှိထားသော ယာဉ်မောင်းသူကသာလိုက်ပါထိန်းသိမ်းရမည်။
၁၃။ ဆွဲမည့်ယာဉ်သည် အမြန်နှုန်းကိုလျှော့၍ မောင်းနှင်ရမည်။
၁၄။ ယာဉ်ဆွဲသည့်အခါ၌ ယာဉ်တစ်စီးကိုသာဆွဲရမည်။
၁၅။ တံတားပေါ်သို့ ဖြတ်ကျော်ခွင့်ပြုသည့်အလေးချိန်ကို သတ်မှတ်ထားလျှင် ယာဉ်မောင်းသူတိုင်း ထိုသတ်မှတ်ချက်ကို လိုက်နာရမည်။

ယာဉ်တန်းများလိုက်နာရန် စည်းကမ်း

၁။ စနစ်တကျအုပ်စုဖွဲ့၍ ယာဉ်တန်းဖြင့် မောင်းနှင်သွားလာလျှင် အောက်ပါအတိုင်း လိုက်နာပါ–
(က) ယာဉ်တန်းတစ်တန်းလျှင် စုစုပေါင်း (၁၀) စီးထက် မပိုစေရပါ။
(ခ) ယာဉ် (၁၀) စီးထက်ပိုပါက နောက်ထပ်ယာဉ်တန်းများဖွဲ့၍ အချိန်ခြားပြီးသွားပါ။
(ဂ) ရှေ့ဆုံးယာဉ်၌ အနီရောင်၊ နောက်ဆုံးယာဉ်၌ အပြာရောင်အလံကို ယာဉ်မောင်းခန်းလက်ဝဲဘက် ပြင်ပတွင် မြင်သာအောင်ထောင်ထားရမည်။
(ဃ) အလံများသည် အလျားအနံ ၅၁ စင်တီမီတာ (၁ ပေ၊ ၈ လက်မ) စီထက်မနည်းရှိသော စတုရန်းပုံစံဖြစ်ရမည်။
(င) ယာဉ်တန်းတိုင်းကြီးကွပ်ကဲသူသည်ယာဉ်တန်းကို စနစ်တကျနှင့် စည်းကမ်းရှိစွာသွားလာရေးအတွက်တာဝန်ယူရမည်။
၂။ ယာဉ်တန်းကို ကြီးကြပ်ကွပ်ကဲသူသည် ယာဉ်တန်းကို စနစ်တကျနှင့် စည်းကမ်းရှိစွာ သွားလာရေးအတွက်တာဝန်ယူရမည်။

စင်းလုံးငှားယာဉ်များ လိုက်နာရန် စည်းကမ်း

၁။ လုပ်ငန်းလိုင်စင်ရယူခြင်းမရှိဘဲ ခရီးသည်များကိုအခကြေးငွေယူ တင်ဆောင်မောင်းနှင်ခြင်းမပြုရ၊ နံပါတ်အနက်ဖြင့် အငှားလိုက်ခြင်းမပြုရပါ။
၂။ တက္ကစီမီတာ တပ်ဆင်ထားသည့် ယာဉ်မှအပသက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက သတ်မှတ်သည့် ယာဉ်စီးခန့်နှုန်းကို ယာဉ်အတွင်း ထင်ရှားစွာရေးသားထားပြီး သတ်မှတ်သည့် နှုန်းထားအတိုင်းကျသင့်ငွေကို ခရီးသည်ထံမှ တောင်းခံရမည်။ ပိုမို၍ တောင်းခံခြင်းမပြုရပါ။
၃။ ခရီးသည် တစ်ဦးတစ်ယောက်က ၄ားရမ်းလျှင်လုံလောက်သော အကြောင်းတစ်စုံတစ်ရာမရှိဘဲ အငှားလိုက်ရန် ငြင်းဆန်ခြင်းမပြုရ။
၄။ "ဃ" ယာဉ်မောင်းလိုင်စင် (သို့မဟုတ်) "င" ယာဉ်မောင်းလိုင်စင်ကို နည်းဥပဒေနှင့်အညီ ရရှိထားခြင်းမရှိပါက အငှားယာဉ်ကိုမောင်းနှင်ခွင့်မရှိစေရပါ။
၅။ ခရီးသည် သွားလိုရာသို့ယာဉ်မောင်းသူက အနီးဆုံးလမ်းခရီးဖြင့် ပို့ဆောင်ပေးရမည်။ အကယ်၍ ခရီးသည်က ၎င်းသွားလိုသည့် လမ်းခရီးကိုညွှန်ကြားလာလျှင် ညွှန်ကြားသည့်အတိုင်း ပို့ဆောင်ပေးရမည်။
၆။ ခရီးသည် မေ့ကျန်ခဲ့သော ပစ္စည်းတို့ကိုယာဉ်မောင်းသူက တွေ့ရှိလျှင် ထိုပစ္စည်းကို ပိုင်ရှင်ထံအမြန်ဆုံးပို့ပေးရမည်။
၇။ ယာဉ်မောင်းသူသည် လုပ်သားပြည်သူတို့နှင့် ဆက်ဆံရာတွင် ပြေပြစ်ရမည်။

နှစ်သစ်ဆုမွန်

ဇော်မင်းမင်းဦး

× မြင့်ကည်ညို၊ ဥသြဗျို့က
ခွန်းချိုပလီ၊ နှီးခဲ့သည်တွင်
နေခြည်လုံ့၍ ငါနိုးထ။
ရောင်နီမြူးစ ပန်းဖူးစ။

× သကြီန် လက်ဆေး
မိုးပြေးတစ်ပေါက်၊ ရေကြည်သောက်၍
ဝိတောက်ပွင့်ဦး၊ ရွှေရည်လူးခိုက်
ညွှတ်နူးရှင်ပျ ငါနိုးထ။
ရောင်နီ ပြေးစ ပန်းမွှေးစ။

× မြေသင်းနံ့ဖြင့်
ပျံ့ပျူးလေပြည်၊ သွေးခဲ့သည်၌
စိုးစီဝက်များ၊ တေးသံကြား၏
ကြားသည့်ခဏ ငါနိုးထ။
မေတ္တာတေးလှ စီးဆင်းစ။

× နောင်ဝေဆူညံ၊ ကြေးစည်သံနှင့်
နာခံချမ်းမြေ့ မွေးမေလှ၏
ဗုဒ္ဓပူဇာ၊ ပို့မေတ္တာဝယ်
သာဓု သာဓု၊ သန့်စင်ပြုသည်
ကုသိုလ်မှုဖြင့် ငါနိုးထ။
ကြည်နူးပါလှ နှစ်သစ်စ။

× နှစ်သစ်ခွန်းဆက်၊ နွေနံနက်တည့်
စိတ်လက်ကြည်ရှင်၊ နိုးထစဉ်၌
ရင်မှညွှတ်ပျောင်း၊ ငါဆုတောင်း၏
မကောင်းသူပယ်၊ ကောင်းသူကယ်၍
လူနယ်တစ်လွှား၊ တရားနတ်စောင့်
စကားဖြောင့်စွာ၊ သစ္စာကတိ
အိုးတိုင်းပြည့်စေ၊ မရှိ မမျှ
မဝ မလှ၊ ဒုက္ခ မသန်း
သုခချမ်းသာ၊ ခညောင်းပါစေ
ဒါန သီလ၊ မေတ္တာဂုဏ်လျက်
ရန်စမသီ၊ ချစ်မြတ်ကြည်လျက်
ညီညွှတ်ယိုင်းပင်း၊ အောင်မြင်ခြင်းသို့
လမ်းခင်းဖြောင့်ဖြူး နိုင်ကြစေ။

× နှစ်သစ်ကိုမှီ၊ တိုင်းကျိုးရည်၍
ညီညွှတ်ပေကြ၊ ဖြောင့်မှန်ကြစွာ
အလုကိုဖွေ၊ အခြေကိုမြှင့်
အမြင့်ကိုတက်၊ ဆင့်ကမ်းလက်ဖြင့်
ခန်းဆက်တာဝန်၊ ထမ်းကျေပွန်လျက်
မိုးစွန် ကြယ်စင် ဆွတ်နိုင်စေ။
တို့တိုင်းရှေ့ပြည် ဝင့်နိုင်စေ။
နှစ်သစ်ဆုမွန် ရင်မှာခွေ။ ■



ပိုးဆောင်ဘတ်သွယ် TRANSCOM NEWS JOURNAL

စီမံခန့်ခွဲရေးအရာရှိ
ဦးနီအောင်
စာတည်းမှူးချုပ်
မောင်ကြင်နာ
အုပ်ချုပ်ရေးအရာရှိ
ထိန်လင်း

မျက်နှာဖုံးဒီဇိုင်း
ဝင်းထိုက်
စာမျက်နှာဒီဇိုင်း
နေလင်း
မြတ်ထူးဇော်
ကွန်ပျူတာ
နိုင်ယုသွယ်
ဇင်ဘိုထွန်း
မင်းခန့်ဇော်
အောင်ကောင်းဆက်

လက်ထောက်စာတည်း
တင်မောင်
သတင်းထောက်ချုပ်
ကျော်ကျော်လှိုင်
သတင်း (ရထား)
အောင်ဆန်းဦး
သတင်း (ဆက်သွယ်ရေး)
လှမျိုး

ငွေစာရင်းအရာရှိ
ကျော်သူရ
ကာတွန်းသရုပ်ဖော်
မောင်တင်ယု
သတင်းထောက်
အိမ်စည်
သဇင်ဖူး
ပိုးဟေမာ

ထုတ်ဝေသူ
ကျော်မြင့်
၀၀၄၉၆
ပုံနှိပ်
မင်းပြည့်စုံ
၀၀၁၀၃
ဖြန့်ချိရေး
ကိုကိုမြတ်၊ ဘိုဘို

ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်တိုက်သို့
လူကြီးမင်းတို့၏ သတင်း၊ ဆောင်းပါး၊
ကဗျာ များအား ပေးပို့နိုင်ပါကြောင်း
အသိပေးအကြောင်းကြား အပ်ပါသည်။

တိုက်တည်နေရာ–၉၃/၉၁ ဗိုလ်အောင်ကျော်လမ်း (အောက်) ကျောက်တံတား။ ရန်ကုန်မြို့၊
ဖုန်း ၀၁–၆၆၁၀၉၂ စာတည်းမှူးချုပ် ၀၁–၃၇၅၄၄၃
email- thetransportnews@gmail.com

ကြော်ငြာများထည့်သွင်းလိုပါက– ဖုန်း၊ ၀၁–၈၆၁၀၁၉၁၊ ၀၉–၄၂၁၀၁၃၆၆၇

ကိုရီးယားကျွန်းဆွယ်၏ ငြိမ်းချမ်းရေး



ခေါ်မြင့်ခိုး (MPA)

ကိုရီးယားကျွန်းဆွယ်၏ တင်းမာမှုများ မြင့်တက်နေချိန်ဖြစ်သည့် ၂၀၁၇ခုနှစ်၊ စက်တင်ဘာလအတွင်း မွန်ဂိုလီးယားနိုင်ငံ၊ အူလန်ဘာတာကို ဆက်လက်ထွက်ခွာမယ့်ခရီးစဉ်အတွက် အင်ချွန်လေဆိပ်မှာ (၆)နာရီကြာနားခဲ့ရပါတယ်။ လေယာဉ်စောင့်ဆိုင်းနေစဉ်အတွင်း ကမ္ဘာကိုတုန်လှုပ်စေတဲ့သတင်းတစ်ပုဒ်ကို ကြားခဲ့ရပါတယ်။ လေယာဉ်ခရီးစဉ်စောင့်ဆိုင်းသူတွေ ကြားထဲမှာတော့ စိတ်ဝင်စားစရာသတင်းတစ်ခု ဖြစ်လာခဲ့တာပေါ့။ အဲ့ဒီသတင်းကတော့ မြောက်ကိုရီးယားနိုင်ငံက တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှု တစ်ခုထပ်မံပြုလုပ်ခဲ့တယ်ဆိုတာပါပဲ။ သူတို့ရဲ့ရည်ရွယ်ချက်ကတော့ တိုက်ချင်းပစ်ဒုံးကျည်ကို လက်ရှိရောက်ရှိနိုင်တဲ့ အကွာအဝေးထက်ပိုမိုရောက်ရှိနိုင်အောင် အမြင့်ဆုံးအတိုင်းအတာအထိ မြှင့်တင်ပစ်ခတ်ဆောင်ရွက်ခြင်းသာ ဖြစ်ပါတယ်။

အဆိုပါ ဒုံးကျည်ပျံသန်းချိန်သည် မြောက်ကိုရီးယား၏ ယခင်ဒုံးကျည်ပျံသန်းချိန်များထက် ပိုမိုကြာမြင့်ခဲ့ပြီး ထိရောက်မှုအကွာအဝေးလည်း ပိုမိုရောက်ရှိလာပါ တယ်။ ၂၀၁၆ ခုနှစ်၊ ဇေဖော်ပါရီလအတွင်း ပြုံးယမ်းမြို့က Kwangmyongsong (၂) ဒုံးကျည်ကို ပစ်လွှတ်စဉ်ကစမ်းသပ်ပစ်လွှတ်လိုက်သည့် ဒုံးကျည်သည်ဂျပန်နိုင်ငံ၊ အိုကီနာဝါကျွန်းပေါ်ကိုကျော်ပြီး ဂျပန်ပင်လယ်ထဲကိုသာကျရောက်ခဲ့ပါတယ်။ ယခုအခါပစ်လွှတ်မှုကတော့ ထိရောက်မှုအကွာအဝေးပိုမိုလာပါတယ်။ အမေရိကန်၊ ဟာဝိုင်ယီနှင့် ဂူအမ်ကျွန်းအထိကို ခြိမ်းခြောက်လာပြီဖြစ်ပါတယ်။

တောင်ကိုရီးယား သတင်းအေဂျင်စီ၏ ထုတ်ပြန်ချက်မှာတော့ မြောက်ကိုရီးယားနိုင်ငံ၏ နျူးကလီးယားစမ်းသပ်မှုများသည် အရှေ့ဝိုင်းကို ဦးတည်နေကြောင်း၊ ဂျပန်နိုင်ငံသတင်းထုတ်လွှင့်ရေးဌာနဖြစ်သည့် NHK ကလည်း ယခုဖြစ်စဉ်မတိုင်ခင်က စမ်းသပ်မှုအတော်များများသည် ဂျပန်ရေပိုင်နက်အတွင်းမှာ ကျရောက်ခဲ့တာမျိုးတွေရှိတယ်လို့ ပြောကြားခဲ့ပါတယ်။ ပင်တဂွန်၏ ကနဦးစစ်ဆေးတွေ့ရှိချက်အရ ICBM လို့ခေါ်သည့် တာဝေးပစ်ဒုံးကျည်အမျိုးအစားဖြစ်ကြောင်း၊ ၎င်းသည် အမေရိကန်နိုင်ငံအထိ ရောက်ရှိနိုင်ပြီး၊ ယခုစမ်းသပ်မှု မတိုင်ခင် ယခင်လည်း (၂)ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့တယ် ဆိုတာကို သိရှိရပါတယ်။

၎င်းအခြေအနေများသည် ကမ္ဘာ့သတင်းခေါင်းကြီးဝိုင်းများအဖြစ် ပေါ်ထွက်လာခဲ့ပါတယ်။ မြောက်ကိုရီးယားနိုင်ငံသည် ၂၀၁၇ခုနှစ်၊ ဧပြီလအတွင်းမှာ (၃) ကြိမ်နဲ့ မေလ၊ ဇွန်လနဲ့ ဇူလိုင်လတွေမှာ ဆက်တိုက်ဒုံးကျည်ပစ်ခတ်မှုတွေပြုလုပ်ခဲ့တာကို အမှတ်ရမိပါတယ်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူးကလီးယားနှင့် ဒုံးကျည်ပစ်ခတ်မှုအစီအစဉ်များနဲ့ ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခြင်းများသည် ဖြစ်နိုင်ခြေရှိသည်ဟု အမေရိကန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဟောင်း Rex Tillerson နှင့် အမျိုးသားလုံခြုံရေးအရာရှိများက အကောင်းဘက်ကရှုမြင်ကြောင်း ပြောကြားခဲ့ပါတယ်။ ယခုလက်ရှိမှာတော့ နှစ်နိုင်ငံဆက်ဆံရေးသည် တိုးတက်မှုအနည်းငယ်ပဲ ရှိနေတာကို တွေ့ရပါတယ်။

မြောက်ကိုရီးယားနိုင်ငံနဲ့ ဘယ်လိုချဉ်းကပ်ဆောင်ရွက်မယ်ဆိုတာ စိတ်ဝင်စားစရာကောင်းတဲ့အချက်တစ်ခုဖြစ်ပါတယ်။

သီးသန့်နေထိုင်တဲ့ (မြောက်ကိုရီးယား)နဲ့ အမေရိကန်တို့ရဲ့ အလားအလာရှိတဲ့ အပြန်အလှန်ဆွေးနွေးပွဲဟာ ဒီကိစ္စကို ဘယ်ပုံဘယ်နည်းနဲ့ ချဉ်းကပ်ဆောင်ရွက်မယ်ဆိုတာကို စိတ်ဝင်စားစွာ စောင့်ကြည့်ရတော့မှာပဲ ဖြစ်ပါတယ်။

သုတေသီတစ်ယောက်အနေဖြင့် ကျွန်တော်ကိုရီးယားကျွန်းဆွယ်ကို စိတ်ဝင်စားလာပါတယ်။ ကိုရီးယားကျွန်းဆွယ်ရဲ့နောက်ခံသမိုင်းကြောင်းတွေ၊ ဒုတိယကမ္ဘာစစ်ဖြစ်ပွားပြီးနောက် ၁၉၄၅ ခုနှစ်၊ ဂျပန်အင်ပါယာရဲ့ ၃၅ နှစ်ကြာ အုပ်ချုပ်မှုအဆုံးသတ်တဲ့အချိန်ကနေ စတင်ဖြစ်ပွားလာခဲ့တဲ့ တောင်/မြောက်ကွဲထွက်မှုတွေစတဲ့ နောက်ခံသမိုင်းကြောင်းတွေကို လေ့လာခဲ့တာဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုနဲ့ ဆိုဗီယက်ပြည်ထောင်စုတို့က 38th parallel တစ်လျှောက်ထိန်းချုပ်ထားတဲ့ နယ်ခြားစည်းနဲ့ နိုင်ငံကို နှစ်ပိုင်းခွဲပြီး အပြိုင်အဆိုင်ချဉ်းကပ်စည်းရုံးမှုတွေကို ပြုလုပ်ခဲ့ကြပါတယ်။

စစ်အေးကာလစတင်လာခြင်းနဲ့အတူ အမေရိကန်ပြည်ထောင်စုနဲ့ ဆိုဗီယက်ပြည်ထောင်စုတို့ကြားက စေ့စပ်ညှိနှိုင်းမှုတွေဟာလည်း တဖြည်းဖြည်းကျဆင်းလာပြီးတော့ တောင်ကိုရီးယားကို လွတ်လပ်ပြီး စုစည်းတဲ့ဘက်ကို ဦးတည်လာစေခဲ့ပါတော့တယ်။ ၁၉၄၈ ခုနှစ်မှာတော့ ကုလသမဂ္ဂကြီးကြပ်မှုနဲ့ ရွေးကောက်ပွဲတွေကို အမေရိကန်သိမ်းပိုက်ခံတောင်ပိုင်းမှာသာ ကျင်းပခဲ့တာဖြစ်ပါတယ်။ Joseph Stalin က Kim ll-sung ကိုမြောက်ကိုရီးယားနိုင်ငံရဲ့ ခေါင်းဆောင်အဖြစ်ခန့်အပ်တဲ့အချိန်မှာပဲ ကွန်မြူနစ်ဆန့်ကျင်သူ Syn- gman Rhee သည် တောင်ကိုရီးယားနိုင်ငံ၏ ရွေးကောက် ပွဲမှာ အနိုင်ရရှိခဲ့ပါတယ်။ အဲဒီအပြောင်းအလဲကပင် တောင်ကိုရီးယားကို ကိုရီးယားသမ္မတနိုင်ငံအဖြစ် တည်ထောင်မှုကို ဦးတည်စေခဲ့ပြီး အဲဒီနောက် ချက်ချင်းဆိုသလိုပင် မြောက်ကိုရီးယားသည်လည်း ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံအဖြစ် တည်ထောင်ခဲ့ပါတော့တယ်။ အမေရိကန်ပြည်ထောင်စုအနေနဲ့ တောင်ကိုရီးယားဘက်ကိုလည်းကောင်း၊ ဆိုဗီယက်ပြည်ထောင်စုအနေနဲ့ မြောက်ကိုရီးယားဘက်ကိုလည်းကောင်း၊ အသီးသီးထောက်ပံ့ပေးခဲ့ကြပြီး နှစ်နိုင်ငံအစိုးရအသီးသီးကလည်း ကိုရီးယားကျွန်းဆွယ်တစ်ခုလုံးရဲ့ အချုပ်အခြာအာဏာကို ကိယ်စားပြုကြောင်း ပြောဆိုခဲ့ကြပါတယ်။

၁၉၅၀ မှ ၁၉၅၃ ထိကြာမြင့်ခဲ့သည့် စစ်အေးတိုက်ပွဲ၏ အကျိုးဆက်များသည် မလူးသာမလွန်သာ အခြေအနေနဲ့ အဆုံးသတ်ခဲ့ရပြီး ကိုရီးယားစစ်ကင်းမဲ့ဇုန် (DMZ) နဲ့ ပိုင်းခြားထားတဲ့ တောင်ကိုရီးယားနဲ့ မြောက်ကိုရီးယားဆိုပြီးတော့ ယနေ့တိုင် ကျွန်ရှိနေခဲ့ပါတယ်။

တောင်ကိုရီးယားလူမျိုး အများစုဟာ ပြန်လည်ပေါင်းစည်းရေးကို သံသယနဲ့ ရှုမြင်ကြပါတယ်။ ငြိမ်းချမ်းရေးနဲ့ ပြန်လည်ပေါင်းစည်းရေး လေ့လာမှုများဆိုင်ရာ ဆိုးလ အမျိုးသားတက္ကသိုလ်က ပြုစုခဲ့သည့် ၂၀၁၇ ခုနှစ်၊ ပြန်လည်ပေါင်းစည်းရေး သဘောထားစစ်တမ်းကောက်ယူမှုတစ်ခုမှာတော့ စစ်တမ်းကောက်ယူသူဦးရေထဲက ၂၄.၇ရာခိုင်နှုန်းက ပြန်လည်ပေါင်းစည်းရေးဟာ "၅နှစ်အတွင်း"ဖြစ်နိုင်တယ်လို့ သဘောထားတဲ့ပြန်ခဲ့ပြီး ၁၃.၆ ရာခိုင်နှုန်းကတော့ "၁၀နှစ်အတွင်း" ဖြစ်နိုင်တယ်လို့ သဘောထားတဲ့ပြန်ခဲ့ကြပါတယ်။ သို့သော်လည်း တောင်ကိုရီးယားလူမျိုး ၅၃.၈ ရာခိုင်နှုန်းက ပြန်လည်ပေါင်းစည်းရေး လိုအပ်တယ်လို့ သဘောထားတဲ့ပြန်ခဲ့ကြပါတယ်။

သူတို့၏ သံသယနှင့် ရှုမြင်သုံးသပ်မှုများသည် အတိတ်ကာလ ချိုးဖောက်မှု (၃)ကြိမ်ကြောင့်ဖြစ်ပါတယ်။ ၁၉၅၀ မှ ၁၉၅၃ စစ်အေးတိုက်ပွဲကတည်းက စတင်ပြုလုပ်ခဲ့တဲ့ ဆွေးနွေးပွဲသည် ၁၉၇၁ ခုနှစ် ကိုရီးယားစစ်ပွဲဖြစ်ပွားခဲ့ပြီး ချိုးဖောက်ခံခဲ့ရပါတယ်။

၁၉၉၁ ခုနှစ်မှာတော့ မြောက်ကိုရီးယားနဲ့ တောင်ကိုရီးယားတို့သည် ပြန်လည်သင့်မြတ်ရေးကို နောက်တစ်ကြိမ်ဆောင်ရွက်ဖို့အတွက် အခြေခံသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

အဲဒီသဘောတူညီချက်ထဲမှာ ကိုရီးယားနှစ်နိုင်ငံ အနေဖြင့် သူတို့ရဲ့ဆက်နွယ်မှုကို နိုင်ငံနှစ်ခုနဲ့ ခွဲခြားသတ်မှတ်ဖို့ မလိုလားကြတဲ့ "အထူးကြားကာလ"ဖြစ်သည့် လုပ်ငန်းစဉ်မှတစ်ဆင့် အဆုံးစွန်ထိ ပြန်လည်စည်းရုံးရေးကို ဦးတည်ခဲ့ကြပါတယ်။ ၁၉၉၂ ခုနှစ်မှာတော့ ကိုရီးယားကျွန်းဆွယ်၏ နျူးကလီးယားကင်းမဲ့ဇုန်လို့ ကြေငြာခဲ့ပါတယ်။ သို့သော်လည်း ၁၉၉၂ ခုနှစ်အဆုံးမှာတော့ ကိုရီးယားအပြန်အလှန် ဆက်ဆံရေးပြင်းပြင်းထန်ထန် တင်းမာလာခဲ့ပါတယ်။ မြောက်ကိုရီးယားဟာ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီရဲ့ စုံစမ်းစစ်ဆေးမှုတွေကို လက်ခံဖို့ငြင်းဆိုခဲ့ပြီး အမေရိကန်–တောင်ကိုရီးယား ပူးပေါင်းစစ်ရေးလေ့ကျင့်မှု ပြန်လည်စတင်ခြင်းကို ကန့်ကွက်ခဲ့ပါတယ်။

တတိယရိုက်ခတ်မှုကတော့ ၂၀၀၀ ပြည့်နှစ်မှာ ဖြစ်ပွားခဲ့ပါတယ်။ မြောက်နဲ့တောင်သည် ပထမဆုံး ထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့ခြင်းသည် ကိုရီးယားနှစ်နိုင်ငံကြားက အရေးပါပြီး စဉ်ဆက်မပြတ်တဲ့စေ့စပ်ညှိနှိုင်းမှုတွေ မျှားလာစေခဲ့ပါတယ်။

တောင်ကိုရီးယားသမ္မတ Kim Dae-Jung နဲ့ ၎င်း၏ ဆက်ခံသူဖြစ်တဲ့ Roh Moo-Hyun ၏ ဆန်းရှိုင်းပေါ်လစီသည် မြောက်ကိုရီးယားနိုင်ငံကို လူသားချင်းစာနာထောက်ထားမှု၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များနဲ့ ပတ်သက်တဲ့ ကိုရီးယားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးမှတစ်ဆင့် ပြန်လည်ပေါင်းစည်းရေးဆီသို့ တဖြည်းဖြည်းပြောင်းလဲသွားဖို့ ရည်ရွယ်ဆောင်ရွက်ခဲ့ပါတယ်။ သို့သော်လည်း ပြုံးယမ်း၏ အဆက်မပြတ်ကျူးကျော်တိုက်ခိုက်မှုတွေဖြစ်သည့် တောင်ကိုရီးယားရေတပ်သင်္ဘောအား တော်ပီဒိုနဲ့ ပစ်ခတ်တိုက်ခိုက်မှု၊ တောင်ကိုရီးယားကျွန်းတစ်ကျွန်းအား အမြောက်ပစ်ခတ်မှု၊ နျူကလီးယားဖွဲ့ဖြိုးတိုးတက်ရေးအစီအစဉ်ကို ဆက်လက်လုပ်ဆောင်နေမှုစတာတွေသည် ကနဦး စေ့စပ်ညှိနှိုင်းရေးမူဝါဒတွေအတွက် အကန့်အသတ်ရှိနေခဲ့ပါတယ်။ အချိန်ကြာလာသည်နှင့်အမျှ ပြည်သူတွေကြားမှာ ကိုရီးယားနှစ်နိုင်ငံ ပေါင်းစည်းရေး စိတ်ဝင်စားမှု၊ ရေပန်းစားမှု အားနည်းလာပါတယ်။

ဘာပဲဖြစ်ဖြစ် မြောက်ကိုရီးယားနိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းမှုပြုလုပ်လိုသည့် တောင်ကိုရီးယားနိုင်ငံခေါင်းဆောင်များ၏ အတွေးကတော့ မြောက်ကိုရီးယားနိုင်ငံသည် ငြိမ်းချမ်းရေးဖော်ဆောင်မှုမှာ အဓိကသော့ချက်ဖြစ်တယ်လို့ ယုံကြည်ဆဲဖြစ်ပါတယ်။ တောင်ကိုရီးယားနိုင်ငံခေါင်းဆောင်၏ ကြိုးပမ်းအားထုတ်မှုကြောင့် အပြုသဘောဆောင်သည့် ငြိမ်းချမ်းရေးအရှိန်အဟုန်မြှင့်တင်မှုတစ်ခုကို Pyongchang ဆောင်းရာသီအိုလံပစ်အားကစားပွဲတော် အတောအတွင်းမှာ ရရှိခဲ့ပါတယ်။

သမ္မတ Moon သည် ၂၀၁၇ခုနှစ်မှ ၂၀၈၈ခုနှစ်ထိ သမ္မတတာဝန်ထမ်းဆောင်ခဲ့သည့် Roh Moo-hyun ၏ အုပ်ချုပ်ရေးအဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့တဲ့ ဆယ်စုနှစ်ကျော်ကာလကတည်းက သူ့ရဲ့အမြင်ကို ဖော်ဆောင်ဖို့ သင်ယူလေ့လာပါဝင်ခွင့်တစ်ခု ရရှိခဲ့ပါတယ်။ သမ္မတ Moon သည် "ဆန်းရှိုင်း ပေါ်လစီ" ကို ထောက်ပံ့ကူညီအားပေးခဲ့သူတစ်ယောက်ဖြစ်ပါတယ်။

Moon သည် လွန်ခဲ့သည့်နှစ်က သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးစဉ်က မြောက်ကိုရီးယားနှင့် တင်းမာမှုများကို လျော့ချရန်အတွက် ဆန်းရှိုင်းပေါ်လစီကို ပြန်လည်စတင်မယ်လို့ပြောကြားခဲ့ပါတယ်။ အဲဒီကစ၍ "မွန်းရှိုင်းပေါ်လစီ"ဆိုပြီး နာမည်တွင်လာပါတော့တယ်။

သူစတင်တာဝန်ယူပြီးသည့်နောက် Moon သည် မြောက်ကိုရီးယားနဲ့ ဆွေးနွေးမှုတွေကို ခပ်သွက်သွက်လုပ်ဆောင်လာပါတော့တယ်။ သူ၏ အုပ်ချုပ်မှုလုပ်ငန်းစဉ်မှာလည်း မြောက်ကိုရီးယားနှင့် မှန်ကန်သည့်အခြေအနေအောက်မှာ အချိန်မရွေး နေရာမရွေး တွေ့ဆုံနိုင်ဖို့ ထုတ်ပြန်ပါတယ်။ ဒါဟာဆိုရင် သီးသန့်နေထိုင်နေသည့် မြောက်ကိုရီးယားနှင့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်ဖို့ကြိုးစားတာပဲဖြစ်ပါတယ်။

သမ္မတ Moon သည် Trump ၏ မြောက်ကိုရီးယားဆန့်ကျင်ရေး တစ်ဖက်သတ်စစ်ရေးလှုပ်ရှားမှုဆိုင်ရာ ခြိမ်းခြောက်မှုတွေကို သဘောမကျခဲ့ပါဘူး။ "တောင်ကိုရီးယား၏ ခွင့်ပြုချက်မပါဘဲ ဘယ်သူမှ ကိုရီးယားကျွန်းဆွယ်မှာ စစ်ရေးလှုပ်ရှားမှုလုပ်ခြင်းကို ခွင့်မပြုနိုင်

» စာ-၆

နည်းပညာ သိမှတ်ဖွယ်ရာများ

ထွန်းသက်ကို

ရေစိုခံ Bluetooth Speaker

စမတ်ဖုန်းနဲ့တွဲဖက်ကာ သီချင်းနားထောင်နိုင်မယ့် ရေစိုခံ Bluetooth Speaker ဖြစ်ပါတယ်။ Bluetooth 4.0 ပါဝင်ကာ အကွာအဝေး ၁၀ မီတာအထိအသုံးပြုနိုင်ပါတယ်။ အသံထွက်ကြည်လင်မှုရှိကာ တစ်ကြိမ်အားသွင်းရုံနဲ့ ၇ နာရီကြာဆက်တိုက်နားထောင်နိုင်ပါတယ်။ AUX အထောက်အပံ့ပါဝင်ကာ ရေစိုဒဏ်ခံစေဖို့နဲ့အကြမ်းခံနိုင်ဖို့ iP67 အဆင့်ရှိ ဆီလီကွန်အမာသားဖြင့်ဖုံးအုပ်ပေးထားပါတယ်။ တန်ဘိုး ၄၃,၀၀၀ ကျပ်ဖြင့် Smart Power Mobile ဖုန်း-၀၉ ၂၆၂၀၀၉၂၀၉ မှာဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

Hoco D3 Action Camera

ဓာတ်ပုံနဲ့ ဗီဒီယိုတွေကို ရိုက်ကူးနိုင်မယ့် Hoco အမှတ်တံဆိပ် ရေစိုခံကင်မရာဖြစ်ပါတယ်။ ကင်မရာ 12MP ပါဝင်ကာ ၁၇၀ ဒီဂရီ Wide Angle ဖြင့် 4K ဗီဒီယိုရိုက်ကူးနိုင်ပါတယ် ။ ၂ လက် မအရွယ် Screen Display ပါဝင်ကာ Screen Resolution 1920x 1080 ဖြစ်ပါတယ်။ ဓာတ်ပုံ၊ ဗီဒီယိုအပြင် ကားမှတ်တမ်းအနေနဲ့လည်းအသုံးပြုနိုင်ပါတယ်။ ဘက်ထရီ 1050mAh ဖြစ်တဲ့အတွက်ကြောင့် သုံးနာရီကြာအသုံးပြုနိုင်ပါတယ်။ သိုလှောင်မှုပမာဏက မပါဝင်တဲ့အတွက်ကြောင့် SD Card ထည့်သွင်းအသုံးပြုရမှာဖြစ်ပါတယ်။ တန်ဘိုး ၉၄,၀၀၀ ကျပ်ဖြင့် Hoco Myanmar ဖုန်း-၀၉ ၇၈၅၁ ၂၉၂ ၀၀ မှာဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

ကွန်ပျူတာပေါ်ကနေ Facebook Live ကို ဘယ်လိုလွှင့်မလဲ

Facebook မှာ Live လွှင့်ကြတာကို အများစုက မိုဘိုင်းဖုန်းပေါ်ကနေပဲဆောင်ရွက်ကြပါတယ်။ ကွန်ပျူတာသုံးပြီး Facebook ပေါ်မှာ Live ဘယ်လိုလွှင့်မလဲဆိုတာကိုဖော်ပြချင်ပါတယ်။ အဲဒီအတွက် မိမိ Live လွှင့်မယ့်ကွန်ပျူတာပေါ်မှာ Facebook App ရှိဖို့အဓိကလိုအပ်မှာဖြစ်ပါတယ်။

အဲဒီနောက်တော့ မိုဘိုင်းဖုန်းပေါ်ကနေလွှင့်တဲ့ အလားသဏ္ဌာန်အတိုင်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကွန်ပျူတာပေါ်ကနေ Live လွှင့်နိုင်ဖို့အတွက် Webcam တပ်ဆင်ထားဖို့၊ Webcam ရှိဖို့လိုပါတယ်။ Webcam ရှိတဲ့ ကွန်ပျူတာ၊ Laptop တွေပေါ်ကနေ Facebook Live လွှင့်နိုင်မှာဖြစ်ပါတယ်။

အရင်ဆုံး Facebook ကိုဖွင့်လိုက်ပါ။ အဲဒီနောက် မိမိ Status တင်နေကျနေရာကနေ Live Video ဆိုတာကိုနှိပ်လိုက်ပါ။ Live Video မှာ ထည့်သွင်းရေးသားရမယ့်စာတွေကိုရေးပါ။ ရေးပြီးရင်တော့ Next ကိုနှိပ်ပါ။ Microphone တို့ Webcam တို့အတွက် Facebook ကနေ Permission တောင်းပါလိမ့်မယ်။ Allow ကိုနှိပ်လိုက်ပါ။ အဲဒီနောက်မှာတော့ Go Live ဆိုတာကိုနှိပ်ပြီး ကွန်ပျူတာပေါ်ကနေ Facebook Live လွှင့်လို့ရပါပြီ။

ထွန်းသက်ကို

ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဆိုင်ရာညှိုးလမ်းညွှန် ဖွင့်လှစ်မည်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ နိုင်ငံခြားသားခရီးသွားဧည့်သည်များ ဝင်ရောက်မှုအတွက် မုံရွာရုံးခွဲ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှူးဦးစီးဌာနတွင် မေလ ၂၁ ရက်နေ့မှ ဇွန်လ ၁၅အထိ ဒေသတွင်းဧည့်လမ်းညွှန်(အခြေခံ)သင်တန်းကို မုံရွာမြို့တွင် ရက်သတ္တပတ်(၄)ပတ်ကြာဖွင့်လှစ်သွားမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ နိုင်ငံခြားသားခရီးသွားဧည့်သည်များ ဝင်ရောက်လျက်ရှိသည်။ ထို့ကြောင့် ဧည့်လမ်းညွှန်များလည်း လိုက်လျောညီထွေတိုးမြှင့်လာရန် လိုအပ်သဖြင့် အဆိုပါ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှူးဦးစီးဌာနမှ သိရသည်။

အဆိုပါ သင်တန်း၀င်ခွင့်ကို ဧပြီလ ၂၀ ရက်နေ့မှ စတင်ပြီး လျှောက်ထားနိုင်ပြီး မေလ ၁၁ ရက်နေ့တွင် လျှောက်လွှာပိတ်မည် ဖြစ်ပါကြောင်း ဖြစ်ကြောင်းသိရသည်။

အဆိုပါ သင်တန်းတက်ရောက်လိုသူများအတွက် အရည်အချင်းသတ်မှတ်ချက်များမှာ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်(Regional Guide) သင်တန်းအတွက် လိုအပ်သောအထောက်အထားများအဖြစ် Passport ဓါတ်ပုံ(၃)ပုံ (နောက်ခံအပြာ)၊ ၂။ နိုင်ငံသားစိစစ်ရေးကဒ် မိတ္တူ (မူရင်းပြသရမည်)၊၃။ တက္ကသိုလ်ဝင်တန်းအောင် လက်မှတ် (သို့မဟုတ်) ဘွဲ့လက်မှတ် မိတ္တူ(မူရင်းပြသရမည်)၊၄။ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ဒေသတွင် အမှန်တကယ်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းမူရင်း၅။ သက်ဆိုင်ရာရဲစခန်း ထောက်ခံချက်မူရင်း၊ ၆။ အိမ်ထောင်စုဇယားမိတ္တူ (မူရင်းပြသရမည်)နှင့်၇။ အခြားပညာရေးဆိုင်ရာ အထောက်အထားများကိုလည်း ပြသနိုင်ရမည်ဖြစ်ကြောင်း ဟိုတယ် နှင့်ခရီးသွား ညွှန်ကြားမှူးဦးစီးဌာနမှသိ ရသည်။

အိမ်စည်

» စာ-၅

ဘူး"လို့ဆိုခဲ့ပါတယ်။

မြောက်ကိုရီးယားခေါင်းဆောင် Kim ပြောကြားသည့် နှစ်သစ်ကူးမိန့်ခွန်းမှာတော့ တောင်ကိုရီးယားနိုင်ငံ ဆောင်းရာသီအိုလံပစ်ပွဲတော်အတွက် မြောက်ကိုရီးယားအားကစားသမားတွေကို စေလွှတ်ပေးမယ်လို့ ပြောကြားလိုက်ခြင်းသည် သမ္မတ Moon အတွက် သံတမန်ဆက်ဆံရေးကစားပွဲကို အပြောင်းအလဲဖြစ်စေနိုင်မည့် ပထမဆုံးကြီးမားတဲ့အခွင့်အလမ်းတစ်ခုရရှိခဲ့ပါတယ်။ ရက်သတ္တပတ်အကြာမှာ မြောက်နဲ့တောင် အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲကို စစ်ကင်းမဲ့ဇုန် (DMZ) အတွင်း၌ ကျင်းပခဲ့ခြင်းသည် နှစ်နှစ်တာကာလအတွင်း ပြိုင်ဘက်နှစ်နိုင်ငံ၏ ပထမဦးဆုံးအစည်းအဝေးဖြစ်ပါတယ်။ အိုလံပစ်အားကစားပွဲမှာ မြောက်နဲ့တောင် ပူးပေါင်းဖွဲ့စည်းထားတဲ့အမျိုးသမီးဟော်ကီအဖွဲ့အနေနဲ့ ပေါင်းစည်းရေးအလံတစ်ခုကို ဝှေ့ယမ်းပြီး ချီတက်ရန်အတွက် နှစ်နိုင်ငံလုံးက သဘောတူခဲ့ကြပါတယ်။

အဲဒီနောက် မြောက်ကိုရီးယားခေါင်းဆောင် Kim သည် ဖေဖော်ဝါရီလမှာပြုလုပ်မယ့် ဆောင်းရာသီအိုလံပစ်အားကစားပွဲကို အဆင့်မြှင့် ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ရန် ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ သူသည် နိုင်ငံတော်အခမ်းအနားဆိုင်ရာ အကြီးအကဲ Kim Yong Nam နဲ့ အရေးပါဆုံးဖြစ်တဲ့ သူ၏ ညီမ Kim Yo Jong တို့ကို တက်ရောက်ရန် စေလွှတ်ခဲ့ပါတယ်။ Kim Yo Jong သည် မြောက်ကိုရီးယားမှာ အာဏာရှိသူဖြစ်ပြီး အကိုဖြစ်သူရဲ့ အနီးကပ်လူယုံတော်လည်း ဖြစ်ပါတယ်။ သူမသည် Moon ကို ပထမဆုံးနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးတက်ရောက်ဖို့ ယခင်ဆယ်စုနှစ်တစ်ခုအကြာကတည်းက ဖိတ်ကြားခဲ့တာဖြစ်ပါတယ်။

မြောက်ကိုရီးယားနိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံကြား အမိပ္ပါယ်ရှိတဲ့ဆွေးနွေးပွဲပြီးတဲ့အခါမှာ အမေရိကန်နဲ့ မြောက်ကိုရီးယားဆွေးနွေးပွဲတွေ ဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် သမ္မတ Moon က ဆက်လက်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ရက်နေ့ကစလို့ ၂၅ ရက်နေ့အထိ ကျင်းပခဲ့သည့် တောင်ကိုရီးယားဆောင်းရာသီအိုလံပစ်အားကစားပွဲတော်မှာ မြောက်ကိုရီးယားနိုင်ငံက သူ့ရဲ့အားကစားအဖွဲ့ကို စေလွှတ်ယှဉ်ပြိုင်စေခဲ့တဲ့အတွက် တောင်မြောက်ကိုရီးယား နှစ်နိုင်ငံအကြားဆက်ဆံရေးသည် အတော်ကြီးတိုးတက်ကောင်းမွန်လာခဲ့တယ်လို့ ပြောရမှာဖြစ်ပါတယ်။ အဲဒီလို တိုးတက်လာရာကနေ ၂၀၁၈ ခုနှစ်၊ မတ်လ အရောက်မှာတော့ တောင်ကိုရီးယားနိုင်ငံအစိုးရရဲ့ ကိုယ်စားလှယ်အဖွဲ့ကို မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအန်က မကြုံစဖူး ထူးထူးခြားခြား ပြုံးယမ်းမြို့မှာ လက်ခံတွေ့ဆုံခဲ့ပါတယ်။ ဒါဟာ ၂၀၁၁ ခုနှစ်မှာ သူ့စတင်အာဏာရယူခဲ့ပြီးချိန်ကစလို့ ကင်က တောင်ကိုရီးယားနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ကို ပထမဆုံး မျက်နှာချင်းဆိုင် လက်ခံတွေ့ဆုံခဲ့တာ ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ်၊ မတ်လ ၆ရက်နေ့တုန်းက တောင်ကိုရီးယားကိုယ်စားလှယ်အဖွဲ့သည် ပြုံးယမ်းမှာ Kim နဲ့ တွေ့ဆုံဖို့လာခဲ့စဉ်က Kim သည် Trump နဲ့ လူချင်းတွေ့ဆုံနိုင်ရေးအတွက် နှုတ်နဲ့ဖိတ်ကြားပေးဖို့ သူတို့ကို ပြောခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်၊ မတ်လ ၉ ရက်နေ့မှာ တောင်ကိုရီးယားအရာရှိကြီးများက အဆိုပါဖိတ်ကြားမှုကို အိမ်ဖြူတော်ကို တစ်ဆင့်အသိပေးတဲ့အခါမှာ Trump ကလည်း လက်ခံခဲ့ပါတယ်။

မြောက်ကိုရီးယား (DPRK) အဆင့်မြင့်သံတမန်အကြီးအကဲများ ပါဝင်သည့်အဖွဲ့နှင့် အမေရိကန်နဲ့ တောင်ကိုရီးယား အရာရှိဟောင်းများနှင့် ဆွေးနွေးမှုကို ဖင်လန်နိုင်ငံမှာ ၂၀၁၈ ခုနှစ်၊ မတ်လ ၁၉ရက်နေ့မှာ ပြုလုပ်ခဲ့ပြီး ရလဒ်ကောင်းများရရှိခဲ့ပြီး သံတမန်ရေးရာဆက်တိုက်တွေ့ဆုံမှုတွေ များပြားလာခြင်းက အပြုသဘောဆောင်တဲ့ အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးကို ဦးတည်စေခဲ့ပါတယ်လို့ ပြောဆိုခဲ့ပါတယ်။ တောင်ကိုရီးယားနိုင်ငံရဲ့ ပြောဆိုချက်မှာတော့ ဆိုးလ မြို့၏မြောက်-အနောက် မြောက်ဘက် ၅၃ ကီလိုမီတာကွာဝေးတဲ့ မြောက်ကိုရီးယားနိုင်ငံ၊ Hwanghae ပြည်နယ်၊ Panmunjom ရွာမှာ နှစ်နိုင်ငံထိပ်သီးအစည်းအဝေးကို ဧပြီလမှာ ကျင်းပပြုလုပ်သွားမယ်လို့ သိရပါတယ်။

တောင်ကိုရီးယားသမ္မတ Moon Jae-In သည် ရှေးရိုးစွဲဖြေရှင်းမှုတွေကနေ ခွဲထွက်ပြီး စေ့စပ်ညှိနှိုင်းခြင်းဆိုသည့်လမ်းစဉ်ကို အသုံးချသွားသူဖြစ်ပါတယ်။

သမ္မတ Moon Jae-In သည် သူနိုင်ငံမှာ ပြုလုပ်မယ့် ဆောင်းရာသီအိုလံပစ်အားကစားပွဲမှာ Washington နဲ့ Pyongyang မှ နောက်ဆက်တွဲ ကမ်းလှမ်းချက်များကို အသုံးပြုရင်း Trump နဲ့ Kim ကြားကအလားအလာရှိတဲ့ ဆွေးနွေးမှုတွေကို ယူဆောင်လာဖို့ ကူညီခဲ့ပါတယ်။ မေလကုန်းလောက်မှာဖြစ်လာနိုင်မယ့် Kim Jong Un နဲ့ သမိုင်းဝင်တွေ့ဆုံမှုတစ်ခုကို Trump ဘက်က လက်ခံသဘောတူထားပြီး မြောက်ကိုရီးယားဘက်ကလည်း လက်ခံသဘောတူအတည်ပြုထားတာတွေ့ရပါတယ်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် Javier Perez de Cuellar က "ငြိမ်းချမ်းရေးဆိုတာ တစ်ဦးချင်းတစ်ယောက်ချင်းစီက စတင်ရမယ်။ အဲဒီအမိပ္ပါယ်ရဲ့တိတ်ဆိတ်ပြီး လေးနက်တဲ့ရောင်ပြန်ဟပ်မှုကတစ်ဆင့် အပြန်အလှန်နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုနဲ့ လူသားအားလုံးရဲ့ပူးပေါင်းဆောင်ရွက်မှုတွေကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် ဆန်းသစ်ပြီး တီထွင်ဖန်တီးမှုနည်းလမ်းတွေကိုတွေ့ရှိနိုင်မှာဖြစ်ပါတယ်လို့ ပြောဆိုခဲ့သကဲ့သို့ ငြိမ်းချမ်းရေးအတွက် အချင်းချင်းပူးပေါင်းဆောင်ရွက်မှုသည် တွေ့ဆုံညှိနှိုင်းမှုတွေကို အခြေခံဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလအတွင်းဖြစ်ပေါ်ခဲ့ သည့် အခြေအနေများသည် ကိုရီးယားကျွန်းဆွယ်၏ အတင်းမာဆုံးအခြေအနေဖြစ်ပြီး လတ်တလောအခြေအနေသည် ပိုမိုကောင်းမွန်တဲ့အနေအထားကို ရောက်ရှိနေပြီ ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်သည် မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်ပစ်ခတ်စမ်းသပ်မှုနဲ့ နျူကလီးယားအစီအစဉ်တွေ အရှိန်အဟုန်မြင့်မားစွာဖြင့် တိုးမြင့်လာခဲ့သည့် နှစ်တစ်နှစ်ဖြစ်ခဲ့ပြီး မြောက်ကိုရီးယားအနေနဲ့ ညှိနှိုင်းဆွေးနွေးမှုတွေ လုပ်ဆောင်နေစဉ်မှာ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုနှင့် နျူကလီးယားစမ်းသပ်မှုတွေကို ရပ်တန့်ထားပါမယ်လို့ ပြောဆိုခဲ့ပါတယ်။ ဒါဟာဆိုရင် သိမြင်နိုင်တဲ့ ရလဒ်တစ်ခုပဲဖြစ်ပါတယ်။ သက်ဆိုင်ရာ ငြိမ်းချမ်းရေးဆွေးနွေးမှုမှာ ပါဝင်လုပ်ရှားသူများအားလုံးသည်လည်း ကိုရီးယားကျွန်းဆွယ်၏ ပြန်လည်ပေါင်းစည်းရေးနဲ့ နျူကလီးယားကင်းမဲ့ရေးတို့မှာ တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ကြပါတယ်။ ဒီဆောင်းပါးဟာ ဆိုရင်လာမယ့် ဧပြီလမှာပြုလုပ်မယ့် ကိုရီးယားနှစ်နိုင်ငံအပြန်အလှန် ထိပ်သီးအစည်းအဝေးနဲ့ အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင်တွေကြား အဆိုပြုထားသော အစီအစဉ်တွေကို ကြိုဆိုဖော်ပြထားခြင်းဖြစ်ပြီး ကျွန်တော်တို့အနေနဲ့ ကိုရီးယားကျွန်းဆွယ်က နေရောင်တောက်ပတဲ့နေ့တွေကို မြင်တွေ့ရတော့မှာပဲဖြစ်ပါတယ်။

မိနစ်များများ ပြောလေ
အုရီဒူးက များများလျှော့ပေးလေ

ooredoo

ကလေးတွေရဲ့အိပ်မက်တွေ တကယ်ဖြစ်လာဖို့
၁ မိနစ် ဖုန်းပြောတိုင်း အုရီဒူးမှ
၁ ကျပ် လျှော့ဒါန်းပေးသွားပါမည်

လစာတိုးပေးနိုင်ရန်အတွက် ထပ်မံလိုအပ်မည့် လစာစာရင်းများတောင်းပြီ

နိုင်ငံဝန်ထမ်းများကို လစာတိုးပေးရန်အတွက် ဝန်ထမ်းများ၏မူရင်းလစာများအပေါ်တွင် တိုးမြင့်ပေးသွားမည့် လစာစာရင်းများကို တွက်ချက်၍ ဧပြီလ ၂၀ ရက်တွင် နောက်ဆုံးထားပေးပို့ရန်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက တောင်းခံထားပြီးဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၃၈၀ ခု နှစ်၊ နှစ်ဆန်း ၁ ရက်နေ့တွင် နိုင်ငံသူနိုင်ငံသားများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဝင်းမြင့်က မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ထိုနှစ်သစ်ကူးမိန့်ခွန်းတွင် နိုင်ငံ့ဝန်ထမ်းများကို လစာတိုးမြှင့်ပေးရန်အတွက်လည်း ထည့်သွင်းပြောကြားခဲ့ရာ ယခုကဲ့သို့ ထပ်မံလိုအပ်မည့် လစာ စာရင်းများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက တောင်းခံလာခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူးမိန့်ခွန်းတွင် " အလုပ်သမားတစ်ဦးရဲ့ တစ်နေ့အတွက် အနည်းဆုံးအခကြေးငွေ ၄၈၀၀ ကျပ်နှုန်းနဲ့ လိုက်လျောညီထွေဖြစ်စေရန် အမှုထမ်းလစာများ အားလုံးကို (၂၀) ရာခိုင်နှုန်းတိုးမြှင့်ပေးပြီး အရာထမ်းလစာများကို (၁၀) ရာခိုင်နှုန်းတိုးမြှင့်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ စီစဉ်တွက်ချက်ပြီးဖြစ်ပါတယ်။ ယင်းတွက်ချက်မှုအရ အမှုထမ်းတစ်ဦးရဲ့အနည်းဆုံး လစာမှာ ၁၂၀၀၀၀ ကျပ် မှ ၁၄၄၀၀၀ကျပ် အထိ တိုးမြှင့်သွားမှာဖြစ်ပြီး အရာထမ်းတစ်ဦးရဲ့ အများဆုံး လစာမှာ ၅၀၀၀၀၀ ကျပ် မှ ၅၅၀ ၀၀၀ ကျပ်သို့ တိုးမြှင့်သွားမှာဖြစ်ပါတယ်" ဟု ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဧပြီလ ၁ ရက်နေ့တွင်ရှိသည့် အရာထမ်းအင်အားအဆင့်အလိုက်ရှိသည့် အင်အား၏ မူရင်းလစာများပေါ်တွင် ၁၀ ရာခိုင်နှုန်း တိုးမြှင့်၍လည်းကောင်းအမှုထမ်း အဆင့်အလိုက်အင်အား၏ မူရင်းလစာများပေါ်တွင် ၂၀ ရာခိုင်နှုန်း တိုးမြှင့်၍လည်းကောင်း ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လ အတွင်း ထပ်မံလိုအပ်မည့်လစာအားအသေးစိတ်တွက်ချက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်)သို့ ဧပြီလ ၂၀ ရက် နေ့လည်နောက်ဆုံးထားပေးပို့ကြရန် အကြောင်းကြားလာခြင်းဖြစ်သည်။

ယခုကဲ့သို့ နိုင်ငံဝန်ထမ်းများ လစာတိုးမြှင့်ပေးခြင်းမှာ အစိုးရသစ်လက်ထက်တွင် ပထမဆုံးအကြိမ်အဖြစ် လစာတိုးမြှင့်ပေးခြင်းဖြစ်သည်။

အိမ်စည်

ဓာတ်ဆီဂါလန်သုံးသန်းကို ဈေးကွက်အတွင်း ဖြည့်ဆည်းရောင်းချမည်ဖြစ်ပြီး စက်သုံးဆီဈေးနှုန်းကျဆင်းရေး လုပ်ဆောင်မည်ဟုဆို

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ လက်ဝယ်ရှိ စက်သုံးဆီများထဲမှ ဓာတ်ဆီဂါလန်သုံးသန်းကို ဈေးကွက်အတွင်းသို့ ဖြည့်ဆည်းရောင်းချပေးမည်ဖြစ်ပြီး စက်သုံးဆီဈေးနှုန်းကျဆင်းရေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် လက်ရှိတွင် စက်သုံးဆီဈေးနှုန်းတည်ငြိမ်ရေး၊ ဈေးနှုန်းကျဆင်းရေးအတွက် လက်တလောဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းနှင့် ကာလလတ်နှင့် ကာလရှည်ဆောင်ရွက်ရမည့် နည်းလမ်းများဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဌာနဆိုင်ရာများမှ ဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ စက်သုံးဆီသိုလှောင်နိုင်မှု စွမ်းအားကိုလည်း ရေရှည်တွင် တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် နိုင်ငံအတွင်းရေနံချက်လုပ်နိုင်စွမ်းကိုလည်း မြှင့်တင်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် စက်သုံးဆီဈေးနှုန်းတည်ငြိမ်ရေး ဈေးနှုန်းကျဆင်းရေးအတွက် ရေကိုရေရှည်စီမံကိန်းများ၊ စက်သုံးဆီများကို ဝယ်ယူသိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းတစ်လျှောက် (Supply Chain) တစ်ခုလုံးအတွက် ထည့်သွင်းစဉ်းစားပြီး သက်ဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း လက်ရှိတွင် စက်သုံးဆီဈေးနှုန်းများ ကြီးမြင့်နေမှုကြောင့် ကုန်ထုတ်လုပ်မှုစရိတ်၊ သယ်ယူပို့ဆောင်ရေးစရိတ်များ မြင့်တက်လာပြီး အထွေထွေ ကုန်ဈေးနှုန်းများအပေါ်တွင်ပါ အကျိုးသက်ရောက်မှုဖြစ်ပေါ်နေကြောင်း၊ ထို့ပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်သုံးဆီများကို အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် သုံးစွဲနိုင်ရေးအထူးအရေးကြီးပြီး နိုင်ငံတကာ ဈေးနှုန်းအပေါ်အခြေခံ၍ ပြည်တွင်းဈေးနှုန်းများပြောင်းလဲမည်ဖြစ်သော်လည်း ဖြစ်သင့်ဖြစ်ထိုက်သည့် ပြောင်းလဲမှုမျိုးဖြစ်စေရန် လိုအပ်နေကြောင်းနှင့် မြန်မာနိုင်ငံသည် စက်သုံးဆီအား နိုင်ငံအတွင်း ထွက်ရှိသောရေနံမှတစ်ဆင့် ကိုယ်တိုင်ထုတ်လုပ်သုံးစွဲသည့် နိုင်ငံဖြစ်သော်လည်း ပြည်တွင်းထုတ်လုပ်နေမှု လုံလောက်ခြင်းမရှိသည့်အတွက် ပြည်ပမှ မှာယူတင်သွင်းသုံးစွဲလျှက်ရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေအရ စက်သုံးဆီသုံးစွဲမှုပိုမိုများပြားလာသည့်အတွက် တင်သွင်းမှုတစ်နှစ်ထက်တစ်နှစ် တိုးတက်တင်သွင်းနေရကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှသိရသည်။

ပိုးအိမ်

လာမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် စဉ်းစားတွေးခေါ်မှုကို အားပေးသည့် မေးခွန်းပုံစံသို့ ပြောင်းလဲစစ်ဆေးနိုင်ရေးအတွက် စီစဉ်နေ

လာမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် စဉ်းစားတွေးခေါ်မှုကို အားပေးသည့်မေးခွန်းပုံစံသို့ ပြောင်းလဲစစ်ဆေးနိုင်ရေးအတွက် စီစဉ်နေကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောသည်။

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာအတွင်း ပညာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားရာတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယင်းသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"စစ်ဆေးအကဲဖြတ်မှု အားကောင်းလာစေရေးအတွက် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပရာမှာ သင်ရိုးပြောင်းလဲမှုမရှိဘဲ အလွတ်ကျက်မှတ်မှုကို အားပေးတဲ့ မေးခွန်းပုံစံများအစား စဉ်းစားတွေးခေါ်မှုကိုအားပေးတဲ့ မေးခွန်းပုံစံသို့ ပြောင်းလဲ စစ်ဆေးနိုင်ရေးအတွက်စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းဖြေကြားခဲ့သည်။

ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် စာဖြေရန်အတွက်အခက်အခဲရှိနေသူများ အမြင်အာရုံချို့ယွင်း၊ အကြားအာရုံချို့ယွင်း၊ ကိုယ်အင်္ဂါမသန်စွမ်းသူများကို အဆင်ပြေစွာဖြေဆိုနိုင်ရန်အတွက် ဆောင်ရွက်ပေးခဲ့ပြီး စာစစ်ဌာနများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည့် အတွက်ကြောင့် စာမေးပွဲဖြေဆိုနိုင်ရေးအတွက် အခွင့်အလမ်းများ ပိုမိုများပြားလာသည်။

ထို့ကြောင့် ၂၀၁၇ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသားကျောင်းသူ ၇ ဒသမ ၁၄ သိန်း ဖြေဆိုခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် ၈ ဒသမ ၄ သိန်း ဝင်ရောက်ဖြေဆိုခဲ့သည့်အတွက်ကြောင့် ယမန်နှစ်နှင့်နှိုင်းယှဉ်ပါက ၁ဒသမ၂၆ သိန်းကျော် ပိုမိုဖြေဆိုလာကြောင်းလည်း ၎င်းကထည့်သွင်းပြောကြားခဲ့သည်။

ဒုတိယ(၁)နှစ်တာအတွင်းပညာရေးဝန်ကြီးဌာန၏ဆောင်ရွက်နေသည့်ကိစ္စရပ်များနှင့် ဆောင်ရွက်သွားမည့်ကိစ္စများကို ဖြေကြားရာတွင် ၂၀၁၈– ၂၀၁၉ ပညာသင်နှစ်တွင် Grade 2 သင်ရိုးအသစ်နှင့်သင်ကြားပေးနိုင်ရေးအတွက် ၂၀၁၈ နွေရာသီကျောင်းပိတ်ရက်များတွင် မွမ်းမံသင်တန်းများကို ဆရာဆရာများအတွက် ဖွင့်လှစ်သင်ကြား ပို့ချပေးသွားမည်ဖြစ်ပြီး ၂၀၁၉– ၂၀၂၀ ပညာသင်နှစ်အတွင်း Grade 3 နှင့် Grade 6 အတန်းများကိုလည်း သင်ရိုးအသစ်ဖြင့် သင်ကြားပေးနိုင်ရန်အတွက် သင်ရိုးသစ်ပြုစုရိုက်နှိပ် ဖြန့်ဝေနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အိမ်စည်

ရွှေဘို–မြစ်ကြီးနားပြည်ထောင်စုကားလမ်းမကြီးအနီးရှိ လင်းနို့ဂူ အပန်းဖြေစခန်းဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၊ ဇင်းကျေးရွာအနီး ရွှေဘို–မြစ်ကြီးနားပြည်ထောင်စုကားလမ်းမကြီးမိုင်တိုင် ၆၂/၆၃အနီး အရှေ့ဘက်ငါးမိုင်ခန့်အကွာတွင် အပန်းဖြေခြင်းနှင့် တောတွင်းစခန်းချနေထိုင်ခြင်းများပြုလုပ်နိုင်သော လင်းနို့ဂူအပန်းဖြေစခန်းကိုဖွင့်လှစ်လိုက်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနမြန်မာသစ်လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"လင်းနို့ဂူသဘာဝပတ်ဝန်ကျင်အသိပညာပေးအပန်းဖြေစခန်း ဇလုံတောင်– အင်းတော်ကြီးအိုင်နဲ့မြစ်ဆုံသွားတဲ့အခါ ခရီးတစ်ထောက်နားခိုဖို့နေရာကောင်းတစ်ခုဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေလေ့လာရေးခရီးထွက်တာတွေ၊ မိသားစုလိုက်ဖြစ်စေ၊ သူငယ်ချင်းအစုလိုက်ဖြစ်စေ၊ ပျော်ပွဲစားထွက်လိုသူတွေအတွက်နေရာကောင်းတစ်ခုဟုဂင်းကပြောသည်။

ထို့ပြင်လင်းနို့ဂူဒေသပေါက်ရောက်သောအပင်များမြန်မာ့သစ်ခွမျိုးစုံ၊ ပရဆေးဥယျာဉ်၊ သစ်မြစ်ဆုံဥယျာဉ်၊ ဘူမိဗေဒပြခန်း၊ ကလေးကစားကွင်းများ၊ အပန်းဖြေနှင့်ကျန်းမာရေးလေ့ကျင့်ရန်နေရာများ၊ လမ်းလျှောက်ခြင်း၊ပြေးခြင်း၊ စက်ဘီးစီးခြင်း၊ တောင်တက်ခြင်း၊ လေ့လော်ခြင်း၊ ရွက်ဖျင်တဲဖြင့်စခန်းချခြင်းများပြုလုပ်နိုင်သည့်အပြင် သန်းပေါင်းများစွာသော အင်းဆက်စားလင်းနို့ကောင်ရေများ၏ညနေ ၅ နာရီ ၆နာရီခန့်တွင်မီးခိုးလုံးကြီးများပမာ အစာရှာထွက်လာသည်ကို ညနေဆည်းဆာနှင့်အတူ ရင်သပ်ရှုမောဖွယ် သဘာဝအလှကို ခံစားနိုင်မည်ဖြစ်သည်။

လင်းနို့ဂူ သဘာဝပတ်ဝန်းကျင်အသိပညာပေးအပန်းဖြေစခန်းတွင် လွန်ခဲ့သော နှစ်ပေါင်း ၂၈၉ နှစ်ခန့်က စတင်ပေါက်ရောက်ခဲ့သည့်ဟုယူဆရပြီး ကိုလိုနီခေတ်တွင်ခုတ်လှဲခံခဲ့ရသည်ကျွန်းလုံးကြီးနှင့် ၎င်း၏သက်တမ်းနှင့်ခေတ်ပြိုင်ကာလတို့ကိုရှင်းလင်းပြသထားသော ပြကွက်မြန်မာ့သစ်တောထွက်သစ်များ အကြောင်းပြကွက် မြန်မာ့တောရိုင်းတိရိစ္ဆာန်တို့၏ဦးချိုများပြကွက် စစ်ကိုင်းတိုင်းအတွင်းရှိ သစ်တောများမှတောပန်းအမျိုးမျိုးပြကွက်များပြသထားကြောင်းနှင့် လင်းနို့ဂူသဘာဝနယ်မြေသည် Core Area အဖြစ်ဝုံဂါကြီးပိုင်းမှ ၆၅၉၀ ဧက၊ ဘောကြီးပိုင်းမှ ၄၂၀၀ ဧက စုစုပေါင်း ၁၀၇၉၀ ဧကနှင့် Buffer Zone ၏ဧရိယာ ၁၅၈၄၄ ဧကစုစုပေါင်း ၂၆၆၃၄ဧကကျယ်ဝန်းကြောင်းသိရသည်။

T.Z

"တစ်ခါတော်ဝင်း တစ်လောက်ညီ"

သန့်စင်မောင်

– ဝန်ကြီးတာဝန်ကျမ်းကျိန်သည့်ညက အိပ်မပျော်။ သချီးသမားဆိုတော့ ဂျီသြမေတြီမှာစဉ်းစားနေကျအတိုင်း ပေးထားချက်များကို စဉ်းစားကြည့်သည်။ ပေးထားချက်ကတော့ အခြေအနေသိပ်မကောင်းပါ.....

– ခရီးသည်တွေ စိတ်ကျေနပ်ဖို့ ကြိုးစားကြရမည်။ စိတ်ကျေနပ်လောက်သော မြန်ဆန်မှု၊ လုံခြုံစိတ်ချရမှု၊ သက်တောင့်သက်သာရှိမှု၊ စိတ်ချမ်းသာမှုရှိစေရမည်.....

– ပြည်သူလူထုအတွက် ပြေးဆွဲသောရထား၊ ခရီးသည်တွေ ချစ်ခင်အားကိုးသော စီးချင်စဖွယ်ရထား ဖြစ်ပေါ်လာရေးဟူသည့် တစ်ခုတည်းသော ဦးတည်ချက်.....

ရထားဝန်ထမ်းလုပ်ခဲ့သည်မှာ (၃၁) နှစ် ကျော်ခဲ့ပါသည်။ ကျွန်တော့်ကို ရထားကကျွေးခဲ့သည်။ အတွေ့အကြုံတွေ ပညာတွေသင်ပေးခဲ့သည်ဟုဆိုရပါမည်။ ယခုတော့ ရထားကို တတ်နိုင်စွမ်းသမျှ ကျေးဇူးဆပ်ရပေတော့မည်။ အလုပ်အကျွေးပြုရပေတော့မည်။ အစကတည်းကရာထူး၊ စည်းစိမ်နဲ့ လုပ်ပိုင်ခွင့်တွေကို မျှော်လင့်ပြီးဆောင်ရွက်ခဲ့သည်မဟုတ်ဘဲ၊ တစ်စုံတစ်ရာတိုးတက်လာအောင် အရွေ့တစ်ခုဖြစ်လာအောင် ရည်မှန်းခဲ့ပါသည်။ ဤစာသည် ဝတ္ထုမဟုတ်၊ ဆောင်းပါးလည်းမဟုတ်၊ တာဝန်ကြီးကြီးကို ယူထားသော ဝန်ကြီး၏ စဉ်းစားတွေးခေါ်ခြင်း၊ အထင်အမြင်၊ အကြံအစည်များသာဖြစ်ရာ မိမိ၏ ညီ၊ ညီမ၊ သားသမီးများသဖွယ်ဖြစ်သော ဝန်ထမ်းများအနေဖြင့် မိမိကိုနားလည်နိုင်ကြမည်၊ တစ်စုံတစ်ရာတွေးနိုင်မည်၊ စဉ်းစားစရာရမည်ဆိုလျှင် ကောင်းမည်ဟုတွေးကာ ရေးသားလိုက်ပါသည်။

ဝန်ကြီးတာဝန်ကျမ်းကျိန်သည့်ညက အိပ်မပျော်။ သချီးသမားဆိုတော့ ဂျီသြမေတြီမှာစဉ်းစားနေကျအတိုင်း ပေးထားချက်များကို စဉ်းစားကြည့်သည်။ ပေးထားချက်ကတော့ အခြေအနေသိပ်မကောင်းပါ။ ADB ၏ ဆန်းစစ်လေ့လာချက်စာတမ်းမှာ ရထားလမ်းကွန်ရက်တစ်ခုလုံးလိုလိုကို အမြန်ဆုံးပြင်ဆင်တည်ဆောက်ဖို့လိုသည်။ ခရီးသည်စျေးကွက် ဆုံးရှုံးနေသည်။ ကုန်စည်ပို့ဆောင်ရေးတွင် ရထား၏ ဝေစုမှာ (၃) ရာခိုင်နှုန်းသာကျန်တော့သည်။ မပြုပြင်လျှင် ရထားနှင့် ကုန်တင်ပို့သူရှိတော့မည်မဟုတ်ဟုဆိုသည်။ မြန်မာ့မီးရထားအဖွဲ့အစည်းကို ကော်ပိုရေးရှင်းဆန်ဆန် ဖွဲ့စည်းရမည်ဟုဆိုပြန်သည်။

ဆောင်ရွက်လက်စ စီမံကိန်းတွေကို ကြည့်ပြန်တော့ ရန်ကုန်–မန္တလေး ရထားလမ်းအဆင့်မြှင့်စီမံကိန်း ဆောင်ရွက်ရန် ယခင်လွှတ်တော်က အတည်ပြုပြီးပြီ။ ဝင်ရိုးဝန်ချိန်တန် (၂၀)၊ ကီလိုမီတာ (၁၀၀) အမြန်နှုန်း၊ မီးရောင်စုံအချက်ပြစနစ်၊ ခေတ်မီသော သွားလာရေးစနစ်၊ ဒီဇယ်လျှပ်စစ်တွဲဆိုင်း (DEMU) များ သုံးမည်ဟုဆိုသည်။ ဤစီမံကိန်းသည် (၁၉၉၇) ခုနှစ်က မဆောင်ရွက်ဖြစ်ခဲ့သော စီမံကိန်းဟုသတိရမိသည်။ နှစ်ပေါင်း (၂၀) မျှ နောက်ကျနေခဲ့သည်။ လုပ်မည်ဆိုလျှင် Standard Guage တပါတည်းပြောင်းမည်လား။ လက်ရှိလမ်းကိုမသုံးဘဲလည်း မဖြစ်နိုင်ရာ၊ လမ်းအသစ်ဖောက်မှာလား။ မိမိစိတ်ကူးယဉ်ခဲ့သလို High Speed Railway မြန်နှုန်းမြင့်ရထားကို လုပ်ပစ်မည်လား။ ရထားလမ်းက နှစ်လမ်းလိုလို့လား။ အမျိုးမျိုးစဉ်းစားပါသည်။ မိမိတို့နိုင်ငံ၏ လူတစ်ဦးချင်း တစ်နစ်ပျမ်းမျှဝင်ငွေ ဒေါ်လာ (၁၀၀၀)ကျော်မျှဖြင့် ကီလိုမီတာ (၂၅၀) ကျော်မည့် မြန်နှုန်းမြင့်ရထားကို မစဉ်းစားသင့်ဘဲ၊ တိုင်းပြည်အခြေအနေကောင်းပြီး တစ်ဦးချင်းဝင်ငွေ GDP per Capital Income အမေရိကန်ဒေါ်လာ (၃၀၀၀) ကျော်မှ စဉ်းစားသင့်ကြောင်း၊ ပညာရှင်များ အဆိုပြုချက်ကိုလည်း စဉ်းစားမိသည်။ ဘာပဲဖြစ်ဖြစ် နစ်နိုင်ငံသဘောတူထားသည့် စီမံကိန်းကိုမြန်မြန်ပြီးအောင်လုပ်နိုင်ရင် ကောင်းမည်ဟု စဉ်းစားလိုက်ပါသည်။

ရန်ကုန်မြို့ပတ်မှာ လက်ရှိသုံးနေသော တွဲဆိုင်းအချို့သည် ၁၉၆၀ ခုနှစ်၊ ဂျာမနီက တွဲဆိုင်းများဖြစ်ပြီး၊ အချို့မှာ ဂျပန်က နစ် (၂၀)အထက်သုံးပြီးသား Rail Bus Engine (RBE) တွဲဆိုင်းများဖြစ်သည်။ အချက်ပြစနစ်မှာ လွန်ခဲ့သော နှစ် (၂၀)ကျော်က စတင်အသုံးပြုခဲ့သည့် အလိုအလျောက်အချက်ပြစနစ်၊ အီလက်ထရောနစ်ပစ္စည်းများက နှစ် (၂၀) ကျော်ရင် သိပ်မသေချာတော့၊ လဲသင့်ပြီ။ ပုဗ္ဗက်ဆိတ်ကုန်း–မင်္ဂလာဒုံအုပိုင်းက ၁၉၈၉ ခုနှစ်ကဖောက်ခဲ့သောလမ်းဖြစ်ပေမယ့် မြေသားကယခုအထိမငြိမ်၊ အဝှားမြေထည့်မှလမ်းငြိမ်သည်။ တံတားများ၊ လမ်းများ၊ ရေမြောင်းများအားလုံးပြန်ပြင်ရမည်။ ရန်ကုန်မြို့ပတ်အဆင့်မြှင့်တင်ရေးစီမံကိန်းဟုပြောကြသည်။ ကျွန်တော်ကတော့ အိုမင်းနေသည်ကို အစားထိုးပြုပြင်သော ပြန်လည်ထူထောင်ရေး စီမံကိန်းသာဖြစ်သည်ဟုပြောချင်သည်။ တွဲဆိုင်းများအသစ်အစားထိုးမည်။ အချက်ပြစနစ်အသစ်ပြုလုပ်မည်၊ လမ်းတံတားများကြံ့ခိုင်အောင်လုပ်မည်၊ ဘူတာပလက်ဖောင်းများ လိုက်လျောညီထွေရှိစေရမည်။ အချို့ဘူတာများကို ကားရထားချိတ်ဆက်သော Interchange Station အဖြစ် ဆောက်မည်။ ရှိသမျှအားလုံးလုပ်လျှင် ဒေါ်လာသန်း (၆၆၀) ခန့်ကုန်မည်ဟုဆိုသည်။ တွဲဆိုင်းနှင့် အချက်ပြစနစ်သာဖြစ်၍ (၂၀၇) သန်းသာချေးရတော့မည်။ သူများနိုင်ငံက ချေးငွေနည်းနိုင်သမျှနည်းချင်သည်။

ADB ပြောသော မြန်မာ့မီးရထားကို ကော်ပိုရေးရှင်းဖွဲ့စည်းဖို့မှာ စောနေသေးသည်ဟုထင်ပါသည်။ အလွန်ကျဆင်းနေသောအခြေအနေကို အတန်အသင့်မြှင့်တင်ပြီးမှ အဓိကအရေးပါသော ရထားစျေးကွက်၏ ၈၀% ဖြစ်သော ရန်ကုန်–မန္တလေး၊ မန္တလေး–မြစ်ကြီးနား၊ ရန်ကုန်–မော်လမြိုင်၊ ရန်ကုန်–ပြည်လမ်းပိုင်းတို့ကို မော်တော်ကားနှင့် ယှဉ်ပြိုင်နိုင်အောင်ဆောင်ရွက်ပြီးမှ၊ ဝန်ထမ်းများအနေဖြင့် ဝန်ဆောင်မှုဆိုသည်ကို နားလည်ကျင့်သုံးနိုင်ကြမှ၊ ဖွဲ့စည်းမှုပြုပြင်ဖို့ စဉ်းစားသင့်သည်ဟု ယုံကြည်ပါသည်။

မန္တလေး–မြစ်ကြီးနားလမ်းပိုင်းတွင် ဒုက္ခပေးနေသော၊ ပုံမှန်ဝန်ချိန်ထက် တန် (၂၀၀) လျှော့ချတွဲဖြိုတ်နေရသော ဘုံချောင်း–နန်းခမ်းလမ်းပိုင်းကို ကိုရီးယားအင်ဂျင်နီယာအဖွဲ့က လမ်းအူကြောင်းသစ်ရှာဖွေပြုပြင်တည်ဆောက်မည့် အစီအစဉ်ကို Feasibility Study Report တင်ရာ ကျွန်တော်ပြင်ဆင်မိသည်။ Tunnel တစ်ခုဖောက်ရမည်။ မဲဇာတံတားအသစ်ဖောက်ရမည်ကို သဘောတူပါသည်။ သို့သော် ဝင်ရိုးဝန်ချိန် တန် (၂၀)၊ အမြန်နှုန်းကီလို (၁၀၀) က ရည်မှန်းချက်ကြီးလွန်းနေသည်။ ကွန်ဖားအသစ်လဲရမည်။ သံလမ်းအသစ်ဝယ်ရမည်။ ချေးငွေဒေါ်လာသန်း (၁၀၀) ကျော်ပြီး၊ သန်း (၂၀) ဖိုး တိုင်းပြည်ကစိုက်ထုတ်ရမည်။ အရေးကြီးသည်မှာ မော်ဟန်–ကာဒူ လမ်းပိုင်း၏ ပြဿနာက ကျန်နေသည်။ ထိုလမ်းပိုင်း၏ အစွန်နှစ်ဖက်လုံးမှာ သဲလမ်းဖြင့် ဆင်းနေရသည်။ တစ်နာရီခန့်မောင်းနေရသည်။ အဲဒါကို မဖြေရှင်းနိုင်လျှင် ဘာမျှမထူး၊ တန် (၂၀၀) ဝန်ချိန် လျှောနေရမည်။

သို့ဖြစ်၍ ကျွန်တော်ကပြင်ချင်သည်။ ဝင်ရိုးဝန်ချိန် (၁၇) တန်၊ အမြန်နှုန်းကီလို ၈၀ (မိုင် ၅၀)၊ ဤသို့ဆိုလျှင် လက်ရှိကွန်ဖား။ သံလမ်းကရှိပြီးသား ကိုရီးယားသံလမ်းသစ်၊ ထပ်ဝယ်စရာမလိုတော့။ မော်ဟန်–ကာဒူ ကိုတော့ ပြုပြင်ပေးရမည်။ Tunnel မှာ ဒွေးလမ်းအတွက်စဉ်းစားပေးပါပြောတော့မရပါတဲ့။ တံတားကိုလည်း ဒွေးလမ်းမရပါတဲ့။ မိမိက နောင်အနှစ် ၂၀၊၃၀ အတွက် စဉ်းစားနေခြင်းဖြစ်ပါသည်။ သို့ဆိုလျှင် ဂျီးထောင်–နန်းခမ်း–ဘုံချောင်း–မဲဇာ၊ မော်ဟန်–ကာဒူလမ်းများ ကောင်းသွားမည်။ ထိုလမ်းတို့ကို ကောင်းကောင်းမောင်းနိုင်လျှင် (၂) နာရီကျော်သက်သာမည်။ ဘူတာ (၄) ခုအသစ်ရမည်။ ကောလင်းဘူတာကို မွမ်းမံပြုပြင်ပေးမည်။ ညှိနှိုင်းပြောဆိုရသည်ကတော့ လက်ဝင်လုပါသည်။ မန္တလေး–မြစ်ကြီးနား ခရီးမိုင် (၃၄၀)ထဲက ကျန်ရှိသည့် လမ်းတွေကိုတော့ နည်းပါးလုသည့် ဘတ်ဂျက်ထဲကတဖြည်းဖြည်းချင်း မြှင့်တင်ယူရပါမည်။ ခက်ခ ကနေ ရွှေဘိုအထိတော့ (၉) ချောင်းဆက် သံလမ်းခင်း၊ ကျောက်ဖြည့် ပက်ကင်ရိုက်ပြီး

» စာ - ၂၀

ပရီမီယာ၏ နှစ်သစ်ကူးအလှူ ဆီမီး(၁၁၀၀၀)လှူဒါန်းပွဲ

တို့ဌာန၊ တို့မြန်မာပြည်၊ မြန်မာတို့ရဲ့ပရီမီယာကော်ဖီ မှမြန်မာ့နှစ်သစ်ကူးအလှူအဖြစ် ဆီမီး(၁၁၀၀၀)လှူဒါန်းပွဲကို ဧပြီလ ၂၀ရက် ညနေ ၆နာရီတွင်ရွှေတိဂုံဘုရားရင်ပြင်တော်၌ ကျင်းပပြုလုပ်ခဲ့သည်။

ဆီမီးလှူဒါန်းပွဲကို ပရီမီယာမိသားစုမှဦးဆောင်ကျင်းပခဲ့ပြီး ဘုရားဖူးလာပရိတ်သတ်များနှင့်အတူပရီမီယာဝန်ထမ်းမိသားစုများက ဆီမီးများထွန်းညှိပူဇော်လှူဒါန်းခဲ့ကြောင်း ဆီမီးလှူဒါန်းခြင်းအပြင်ဘုရားဖူးဧည့်သည်များကိုလည်း ပရီမီယာထုတ်ကုန်များဖြစ်သည့် ပရီမီယာကော်ဖီ၊ ပရီမီယာပဲနို့၊ ပရီမီယာ Chocolate Malt၊ ပရီမီယာ White Malt နှင့် တီးမာစတာလက်ဖက်ရည်ထုတ်များကိုလည်း ပေးဝေလှူဒါန်းခဲ့သည်။

ယခုကဲ့သို့လှူဒါန်းဖြစ်ခဲ့ပုံနှင့် ပတ်သက်ပြီး Premier Coffee ၏ Head of Marketing ဖြစ်သူဒေါ်ယဉ်ဝေပြုံးမှ "ကျွန်မတို့အနေနဲ့ နှစ်သစ်အကြိုအလှူအနေနဲ့ရှင်အပါး ၁၀၀ ကိုမန္တလေးမြို့မှာ ရဟန်းခံ၊ ရှင်ပြုအလှူပြုလုပ်ပေးခဲ့ပြီး စတုဒီတာအလှူလေပြုလုပ်ခဲ့ပါတယ်။ သင်္ကြန်တွင်းမှာလည်း ရန်ကုန်လမ်းလျှောက်သင်္ကြန်မှာစတုဒီတာအလှူပြုလုပ်ခဲ့ပါသေးတယ်။ အခုကတော့ နှစ်သစ်ကူးအလှူအနေနဲ့ ဆီမီးနှင့်ပရီမီယာထုတ်ကုန်တွေကို လှူဒါန်းတာဖြစ်ပါတယ်။ ကျွန်မတို့ကမြန်မာနိုင်ငံကိုယ်စားပြု အမှတ်တံဆိပ်အဖြစ်ရပ်တည်နေတာလဲဖြစ်တဲ့အတွက်ကိုယ့်မြန်မာလူမျိုးတွေနဲ့အတူ ကုသိုလ်မျှဝေပြီး လှူဒါန်းရတာကို ဂုဏ်ယူမိပါတယ်။" ဟုပြောကြားခဲ့ပါသည်။

ထို့အပြင် Lilly's ကြက်သားမှုန့်မှလည်း Share အရေအတွက်အလိုက် လှူဒါန်းမှုပြုလုပ်သွားမည့် #Share MyFood #LillyCharityCampain ကို Lilly's ဖေ့စ်ဘွတ်စာမျက်နှာ (https;//www.facebook.com/lillymyanmar)တွင်ကျင်းပပြုလုပ်လျက်ရှိကာ ၂၀၁၈ခုနှစ် ဧပြီလ ၂၃ရက်နေ့တွင် တောင်ဒဂုံမြို့နယ်၊ ဓမ္မစေတီဘုရားလမ်း၊ ရွာသာကြီးရှိမေတ္တာရောင်ခြည် ပရဟိတကျောင်း၌ သွားရောက်လှူဒါန်းသွားမည်ဖြစ်ကြောင်းသိရသည်။

ကျော်ကျော်

ရိုဒ်ရေကန်သို့ သင်္ကြန်က

မြိတ်ကျွန်းစုရှိ သဘာဝအလှတရားများဖြင့် သင်္ကြန်ပွဲတော်ဆင်နွဲ

၁၃၇၉ ခုနှစ်မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလတွင် မြိတ်ကျွန်းစုရှိသဘာဝအလှတရားများဖြင့် သာယာလှသည့် ကျွန်းများသို့အနယ်နယ်အရပ်ရပ်မှ သင်္ကြန်ချစ်သူများမှလေယာဉ်၊ ကားကြီး၊ ကားငယ်များဖြင့်မြိတ်မြို့သို့လာရောက်ကြပြီး ကျွန်းအပန်းဖြေခရီးသွားသင်္ကြန်အဖြစ် ကျွန်းများသို့သွားရောက်ကြရာမြိတ်ဆိပ်ကမ်း၌ဧပြီ ၁၅ ရက်မှစ၍ မဟာသင်္ကြန်ကာလအတွင်းစည်ကားခဲ့ကြောင်းသိရသည်။

သင်္ကြန်ကာလကျွန်းအပန်းဖြေ ခရီးသွားသင်္ကြန်အဖြစ်လာရောက်အပန်းဖြေခဲ့ကြသည့် အနယ်နယ်အရပ်ရပ်မှ သင်္ကြန်ချစ်ပြည်သူများသည် သင်္ကြန်အကြိုနေ့တွင် ၆၀၀ကျော်၊ သင်္ကြန်အကျနေ့တွင် ၈၀၀ကျော်နှင့် သင်္ကြန်အကြတ်နေ့တွင်လည်း ၈၀၀ ကျော်သွားရောက်အပန်းဖြေနွဲ့ပျော်ခဲ့ကြကြောင်း BLISSFUL MYAN MAR ခရီးသွားလုပ်ငန်းမှ ဒေါက်တာသိန်းရွှေမြင့်ထံမှသိရသည်။

မြိတ်ကျွန်းစုတွင် ကျွန်းအပန်းဖြေခရီးသွားရောက်နိုင်သည့် ကျွန်းများမှလေးကျွန်း၊ ဒုံးကျွန်း၊ ဒုံးရေတံခွန် ၊ နတ်သမီးရေတွင်းကျွန်း၊ ပါပန့်ကျွန်း၊ တောင်ပံကြီးကျွန်း၊ လိပ်ဥစောင့်ကျွန်း၊ ကြယ်လိပ်ကျွန်း၊ ဓနသိန္ဓိကျွန်း၊ သဲနက်တန်း(နှစ်ဖက်လှ)ကျွန်းစသော ကျွန်းများရှိရာသင်္ကြန်ကာလတွင် ကျွန်းအပန်းဖြေခရီးသွားသင်္ကြန်းအဖြစ်နွဲ့ပျော်ကြမည့် သင်္ကြန်ချစ်ပြည်သူများမှလေးကျွန်းနှင့်ပါပန့်ကျွန်းခရီးစဉ်ကိုဝိုမိုသွားရောက်ခဲ့ကြကြောင်းနှင့် မြိတ်ကျွန်းစုရှိကျွန်းများသည်ဒေသခံများ၊ ခရီးသွားပြည်သူများအပန်း ဖြေအနားယူနိုင်သည့် သဘာဝအလှတရားများဖြင့်သာယာလှပသော ကျွန်းများဖြစ်ကြောင်းသိရသည်။

T.Z

ပြည်တွင်းပြည်ပခရီးသွားများ ကော့သောင်း ပ

ကောသောင်းမြို့၏ ၂၀၁၈ခုနှစ်ဧပြီလ၌ ကျရောက်ခဲ့သောမြန်မာရိုးရာရေသဘင်ပွဲတော်ကို မြန်မာနိုင်ငံတစ်နံတစ်လျားမှပြည်တွင်းခရီးသွား ဧည့်သည်များနှင့် ပြည်ပခရီးသွားဧည့်သည်များ ပင်လယ်သင်္ကြန်ပွဲတော်အားဆင်နွဲခဲ့ရန် အများအပြားလာရောက်ကြကြောင်းကို မိုးထိပ်ထားခရီးသွားလုပ်ငန်းဝန်ဆောင်မှု ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့ သည်။

ခရီးသွားဧည့်သည်များမှာသင်္ကြန် အကျနေ့တစ်ရက်တည်းတွင်လူဦးရေစဝဝကျော်ခန့်ရှိကြောင်း သဘာဝပင်လယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာမှုနှင့် အတူယခုနှစ်မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလအတွင်း ပြည်တွင်းအပါအဝင်ပြည်ပခရီးသွားဧည့်သည်များသည် မိသားစုအလိုက်လာရောက်လည်ပတ်လျက်ရှိပြီး နိုင်ငံတကာစံချိန်မီပင်လယ်ကျွန်းများဆီသို့ အနားယူအပန်းဖြေရင်းထူးခြားဆန်းပြား သည့်ပင်လယ်သင်္ကြန်ပွဲတော်ကိုလာရောက်ပါဝင်ဆင်နွဲကြခြင်းဖြစ်သည်။ ပင်လယ်သင်္ကြန်ပွဲဆင်နွဲသည့်ခရီးသွားများအား မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့မှပင်လယ်လုံခြုံရေးနှင့် မမျှော်မှန်းနိုင်သည့် အရေးပေါ်အွန္တရာယ်ကျရောက်ပါက ကူညီကယ်ဆယ်နိုင်

မဟာသင်္ကြန်ကာလအတွင်း ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနသို့ရောက်ရှိသည့် လူနာဦးရေ ၅၀၀ကျော်ရှိ

ယခုနှစ်သင်္ကြန်ကာလ၊ အကြတ်နေ့အထိရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ကုသဌာနသို့ရောကစားမှု အပြင်အခြားထိခိုက်ဒဏ်ရာကြောင့် ရောက်ရှိခဲ့သည့် လူနာဦးရေ ၅၁၃ဦး။ သေဆုံးလူနာတစ်ဦးရှိခဲ့ပြီး ယင်းတို့အနက်လူနာ ၂၀၀ နီးပါးမှာ ယာဉ်မတော်တဆမှုကြောင့်ဖြစ်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှတာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အရေးပေါ်ကုသဌာနသို့ရောက်ရှိခဲ့သည့် လူနာများအနက်ယာဉ်မတော်တဆမှုကြောင့်ရောက်ရှိလာသည့် လူနာမှာ သင်္ကြန်အကြိုနေ့တွင် ၅၁ဦး၊ သ ကြန်အကျနေ့တွင် ၇၇ဦး၊ သင်္ကြန်အကြတ်နေ့တွင် ၆၆ဦး။ စုစုပေါင်း ၁၉၄ ဦးဆေးကုသမှုခံယူခဲ့ကြောင်း သင်္ကြန်ရက်များအတွင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးအရေးပေါ်ကုသဌာနကိုမှ ၂၄ နာရီဖွင့်လှစ်ခဲ့ပြီး ပုံမှန်ရက်ထက်တက် ရောက်ကုသသည့်လူနာအရေအတွက်များပြားသဖြင့် ဝန်ထမ်းအင်အားအလုပ်သမားအင်အားနှင့် ဆေးဝါးပစ္စည်းများကိုနှစ်ဆနီးပါးတိုးမြှင့်ခဲ့ကြောင်းနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိအထူးကုပြင်ပလူနာဌာနနှင့် အခြားပြင်ပလူနာဌာနများအားဧပြီ ၁၃ရက်မှ ၁၇ရက်အထိပိတ်ခဲ့ပြီးဧပြီ ၁၈ရက်နှစ်ဆန်းနှစ်ရက်နေ့တွင် ပုံမှန်အတိုင်းပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ သိရသည်။

သင်္ကြန်ကာလအတွင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး သို့ရောက်ရှိခဲ့သည့်လူနာများအနက်ယာဉ်ထိခိုက်မှုကြောင့်၊ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအပြင်အခြားထိခိုက်မှုကြောင့် ဆေးရုံရောက်ခဲ့သူများလည်းပါဝင်ကြောင်းနှင့် ၂၀၁၈ခုနှစ်သင်္ကြန်အကြိုနေ့တွင်အတွင်း အပြင်လူနာ ၁၅၉ဦး၊ သင်္ကြန် အကျနေ့တွင် ၁၇၇ဦး၊ သင်္ကြန်အကြတ်နေ့တွင် ၁၇၇ဦးစုစုပေါင်း ၅၁၃ဦးရှိခဲ့ကြောင်း ၂၀၁၇ခုနှစ်သင်္ကြန်ကာလအတွင်းရန်ကုန်ပြည်သူ့ဆေးရုံကြီးအရေးပေါ်ဌာနသို့ လူနာဦးရေ ၇၅၂ဦး၊ သေဆုံးလူနာ၁ဝဦးရှိခဲ့ကြောင်း၊ ၂၀၁၇ခုနှစ်သင်္ကြန်အကြိုနေ့တွင်အတွင်း၊ အပြင်လူနာကျား ၁၃၇၊ မ ၄၇၊ စုစုပေါင်း ၁၈၁ဦး၊ သင်္ကြန်အကြတ်နေ့ တွင် ကျား ၁၆၄၊ မ ၆၀၊ စုစုပေါင်း ၂၂၄ ဦး၊ သင်္ကြန်အတက်နေ့တွင် ကျား၁၁၇ ဦး၊ မ ၄၆ဦး၊ စုစုပေါင်း ၁၆၅ဦးရှိခဲ့ကြောင်းနှင့်သေဆုံးရောက်ရှိလူနာမှာ သင်္ကြန်အကြိုနေ့တွင် ကျားတစ်ဦး၊ သင်္ကြန်အကျနေ့တွင် ကျား၃ဦး၊ မ၁ ဦး။ သင်္ကြန်အကြတ်နေ့တွင် ကျား၁ဦး၊ မ၂ဦး၊ သင်္ကြန်အတက်နေ့တွင် ကျား ၂ဦး၊ စုစုပေါင်းသေဆုံးလူနာ၁ဝဦးထိရှိခဲ့ကြောင်းသိရ သည်။

T.Z

ရှမ်းပြည်နယ်ကျိုင်းတောင်းရေတံခွန်သို့

မြန်မာ့ရိုးရာနှစ်သစ်ကူးအတာ သင်္ကြန်အတက်နေ့သည် ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိ တိုင်းရင်းသားလူမျိုးအများစုဘုရားသွား ကျောင်းတက်ကုသိုလ်ယူသီတင်းသီလဆောက်တည်ပြီး အပန်းဖြေစခန်းများသို့ရေပက်ခံထွက်လေ့ရှိသော ရက်တစ်ရက်ဖြစ်ကြောင်းသိရသည်။

ထို့အပြင်အချို့သောသင်္ကြန်ချစ် သူများကအခြားမြို့ရွာများရှိအထင်ကရနေရာများဖြစ်သည့် ကျိုင်းတောင်ရေတံခွန်၊ နမ့်မောင်းရေတံခွန်(ခိုလမ်)၊ မောက်မယ်ရေတံခွန်၊ ဟိုင်းပါရေတံခွန်(ဝိုင်းရူး)၊ ပန်ပေါင်းရေတံခွန်(လင်းခေး)၊လဲချားရေတံခွန်၊ အပန်းဖြေနေရာများနှင့်ကွန်ဟိန်းမြို့နယ်အတွင်းရှိ ရေတံခွန်များသို့သွားရောက်လည်ပတ်အပန်းဖြေရေကစားကြသည်။

ထိုနည်းတူစွာ အတာသင်္ကြန်အတက်နေ့တွင်ရှမ်းပြည်နယ်လင်းခေးခရိုင်လင်းခေ။ မိုးနံ၊ မောက်မယ်၊ မိုင်းပန်၊ ကျိုင်းတောင်မြို့နှင့်ဟိုမိန်းမြို့များ အပါအဝင် တောင်ကြီး၊ လွှင်လင်ခရိုင်အတွင်းနေထိုင်ကြသောကမ္ဘာ့ဇရေမြေမှတိုင်းရင်းသားပြည်သူအများစုကဘုရားသွားကျောင်းတက်ဥပုသ် သီလဆောက်တည်လေ့ရှိကြသည်။

မြန်မာနှစ်ဆန်း ၁ ရက်နေ့အရောက်တွင်သက်ကြီးဘိုးဘွားများအားပူဇော်ကန်တော့ပွဲကို အများဆုံးဆောင်ရွက်လေ့ရှိကြောင်းနှင့် မြန်မာရိုးရာအတာသင်္ကြန်အတက်နေ့ရောက်တိုင်းရှမ်းပြည်အတွင်းရှိမြို့ရွာများတွင် သင်္ကြန်ကာလလေးရက်အတွင်းအစည်ကားဆုံးသောနေ့ရက်တစ်ရက်အဖြစ်မြင်တွေ့နိုင်ကြောင်း နှင့် သင်္ကြန်အတက်နေ့လူစည်ကား ရာနေရာဒေသများအနက်လင်းခေးခရိုင်ကျိုင်းတောင်းမြို့ရှိ အထက်ကျိုင်း တောင်းရေတံခွန်းနှင့် အောက်ကျိုင်းတောင်းရေတံခွန်နေရာသည် အနယ်နယ်အရပ်ရပ်မှ သင်္ကြန်ကာလအတွင်းအပန်းဖြေသူများဖြင့် အများဆုံးစည်ကားရာနေရာတစ်ခုဖြစ်ကြောင်းကိုကျိုင်းတောင်းရေတံခွန်သို့သွား ရောက်လည်ပတ်သူ

ကလတွင်း လာရောက်အပန်းဖြေသူပိုမိုများပြား

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်အကုန် ၁၃၈၀ ပြည့်နှစ်သစ်အကူး မဟာအတာသင်္ကြန်ကာလအတွင်းချင်းပြည်နယ်ရိုခေါ်ဒါရ်မြို့ရှိ အသည်းနှလုံးပုံသဏ္ဌာန်ရိုဒ်ရေကန်သို့ပြည်တွင်းပြည်ပရှိရပ်ဝေးရပ်နီးမှ မိဘပြည်သူများ အပန်းလာရောက်လည်ပတ်သဖြင့် ယခင်နှစ်များထက် ပိုမိုများပြားလျက်ရှိကြောင်းကို စက်မှုလယ်ယာဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးကပြောသည်။

"ကျွန်တော်ကတော့မုံရွာ၊ ဘုတလင်းမြို့ကပါသင်္ကြန်ကာလအတွင်းအပန်းဖြေအဖြစ်နဲ့ ရိုဒ်ရေကန်ကိုမိသားစုအလိုက်လာရောက်ခြင်းဖြစ်တယ်။ ရိုဒ်ရေကန်နဲ့ချင်းတောင်ကို ပထမဆုံးအကြိမ်လေ့လာအပန်းဖြေဖို့လာရောက်ကြတယ်။ လမ်းကြောင်းတစ်လျှောက် ကျွန်တော်တို့အတွက်လေ့လာစရာတွေ၊ သဘာဝတောတောင်တွေသစ်တောတွေတွေ့ရတော့စိတ်မှာခံစားမှု အပြည့်ရှိစေတယ်။ ရေကန်ကိုရောက်တော့ ကန်ရေကြည်လင်အေးမြမှုနဲ့ ရေကန်ဘေးပတ်ဝန်းကျင်သဘာဝ သစ်တော့စိမ်းလန်းစိုပြေပြည်သာယာမှုကိုတွေ့ရတော့ စိတ်ကျေနပ်မှုရှိစေပြီးရေကန်ကိုလာရက်ဖျားနပ်တယ်၊ ချင်းတောင်ကတိုင်းရင်းသားပြည်သူတွေကလည်းဖော်ရွေတယ်၊ ရိုးသားကြတယ်၊ ခင်စရာကောင်းတယ်၊ နောက်တစ်ခေါက်လည်းလာလည်ဖို့ဆန္ဒရှိတယ်"ဟုဌင်းကပြောသည်။

ကျွန်မတို့ကတော့ မန္တလေးမြို့ကသူငယ်ချင်းတွေနဲ့အဖွဲ့လိုက်လာကြတာ၊ ရိုဒ်ရေကန်နဲ့ချင်းတောင်ကိုဒါပထမဆုံးအကြိမ်ရောက်ရှိလာကြတာ၊ ကျွန်မတို့ဒေသကအပူပိုင်းဒေသဆိုတော့ ရေကန်ကိုရောက်လာတော့တောတောင်သဘာဝစိမ်းလန်းတဲ့ သစ်တောတွေနဲ့သာသာယာယာရှိပြီး တောင်ပေါ်လေအေးလေးရှရှိက်လိုက်ရလို့ စိတ်မှာတစ်မျိုးကြီးခံစားရတယ်။ ဟော်စရာလည်းကောင်းတယ်၊ ဒါပေမယ့်ရတဲ့လမ်းကြောင်းကတောင်ပေါ်လမ်းဆိုတော့လမ်းအကွေ့အကောက် အတက်အဆင်းကကြမ်းတယ်၊ ကျွန်မအတွက်တော့အဆန်းကြီးဖြစ်နေတယ်။ နောက်တစ်ခေါက်လာလည် ဖို့ဆန္ဒရှိတယ်" ဟုမယုဇနကပြောသည်။

မဟာအတာသင်္ကြန်ကာလအတွင်း မြန်မာပြည်တွင်းမှ ရေကန်သို့လာရောက်လာလည်ပတ်သူ အများစုမှာရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မုံရွာ၊ ကလေးမြို့၊ ဇရာဝတီမြို့ တိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်းရှိအခြားသောမြို့နယ်တို့မှ လာရောက်ကြခြင်းဖြစ်ပြီး နိုင်ငံဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့၊ ဘာသာရေးအသင်းအဖွဲ့များနှင့် မိသားစု၊ သူငယ်ချင်းအုပ်စုအဖွဲ့များဖြင့်လာရောက်လည်ပတ်သူများဖြစ်ကြသည့်အပြင် အိမ်နီးနီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံမီဇိုရမ်ပြည်နယ်မှလည်းလာရောက်သူများပြားလျက်ရှိရာ ရိုဒ်ရေကန်နံဘေးရှိရိုဒ်ကန်သာတည်းခိုခန်းအပြင်ပြည်ထောင်စု ရိပ်သာနှင့်အခြားတည်းခိုးခန်းများတွင်လည်း ရိရေကန်လေ့လာရေးအပန်းဖြေခရီးဖြင့် လာရောက်သူများဖြင့်ပြည့်ကျပ်နေကြောင်းသိရသည်။

T.Z

၁င်လယ်သင်္ကြန်ပွဲတော်ကိုလာရောက်လည်ပတ်

ရေးလုပ်ငန်းများကြိုတင် ဆောင်ရွက်ထားရှိကြောင်းသိရသည်။

ကော့သောင်းမြို့၏ မြန်မာရိုးရာယဉ်ကျေးမှုအတာသင်္ကြန်ပွဲတော်အား နှစ်စဉ်ရိုးရာအစဉ်အလာမပျက်စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိရာ ယခုနှစ်တနင်္သာရီတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူမြန်မာနိုင်ငံအရပ်ရပ်မှ ပြည်တွင်းခရီးသွားဧည့်သည်များထူး ကဲစွာလာရောက်လည်ပတ်ကြပြီးကမ်းခြေသဲသောင်များရှိရာ၊ ပင်လယ်ကျွန်းများရှိအပန်းဖြေဟိုတယ်များရှိရာအက်ဒမန်ပင်လယ်အတွင်း ပင်လယ်ကျွန်းများဆီသို့ ပင်လယ်သင်္ကြန်ပွဲတော်ရက်များ အတွင်းသွားရောက်လည်ပတ်ကြမည့် ခရီးသွားဧည့်သည်များ မိမိသွားရောက်လည်ပတ်ကြမည့် ပင်လယ်ကျွန်းများရှိခရီးသွားလုပ်ငန်းကုမ္ပဏီများမှ ဖိုဆောင်ပေးမည့် Speed Boatများ၊ ခရီးသွား ဧည့်သည်များသည်ကော့သောင်းမြို့၏မြို့ဆိပ်ကမ်းတံတားတွင် သင်္ကြန်ကာလ၌ကြက်ပျံမကျစည်ကားလျက် ရှိကြောင်းသိရသည်။

T.Z

ဒါရိုက်တာ ခရစ်(စ)တီးနားခီ

Women In Innovation And Creativity Award ဆု ရွေးချယ်ခြင်းခံရ

ဒါရိုက်တာခရစ်(စ)တီးနားခီသည် မြန်မာ့အသိဉာဏ်ပစ္စည်း စောင့်ရှောက်ရေးအဖွဲ့မှ ချီးမြှင့်သည့် Women in Innovation and Creativity Award ဆုအတွက် ရွေးချယ်ခြင်းခံရကြောင်း သတင်းရရှိသည်။

အဆိုပါဆုသည် စွမ်းဆောင်ရည် အရှေ့အပြောင်းကာလတွင် တီထွင်ဆန်းသစ်မှုရှိသည့် အမျိုးသမီးများကို ဆုရွေးချယ်ချီးမြှင့်ပေးခြင်းဖြစ်ပြီး ဒါရိုက်တာ ခရစ(စ)တီးနားခီမှ ရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်သော Central Base Productions တွင် CEO နှင့် Founder တာဝန်နှစ်ခုကို ထမ်းဆောင်ထားရရုံမျှမက ၂၀၁၈ ခုနှစ်အတွင်း အောင်မြင်ထင်ရှားလှသော ရုပ်ရှင်ဇာတ်ကားများ ဖြစ်ကြသည့် "ဥပါယ်တံမျည်" နှင့် "မုဒြာရဲ့ ခေါ်သံ" ရုပ်ရှင်ဇာတ်ကား နှစ်ကားစလုံးကိုလည်း ဖန်တီးရိုက်ကူးပေးခဲ့သည့် ဒါရိုက်တာတစ်ဦးလည်း ဖြစ်နေခဲ့ခြင်းကြောင့် ယခုဆုကို ရွေးချယ်ချီးမြှင့်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

Women in Innovation and Creativity Award ဆု ချီးမြှင့်ပွဲကို ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့ နေ့လယ် ၁ နာရီအချိန် "ကမ္ဘာ့အသိဉာဏ်ပစ္စည်းအဖွဲ့အစည်းနေ (မြန်မာ) ၂၀၁၈" အထိမ်းအမှတ် အခမ်းအနားပွဲတွင် ယင်းဆုအား လက်ခံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

By – ထော်ထော်/MUNA

လာရောက်အပန်းဖြေသူများဖြင့်စည်ကား



များထံမှသိရသည်။

ဂင်းအပြင်နမ့်စန်၊ မိုးနဲ့၊ ခိုလမ်၊ ကွန်ဟိန်းမြို့များရှိ သဘာဝရေကန်များနှင့် အပန်းဖြေပန်းခြံ၊ ကြိုးတံတား ၊ ရေပေါ်စားသောက်ဆိုင်များ၊ သာယာလှပသော သင်္ကြန်အပန်းဖြေစခန်းများတွင် အတာသင်္ကြန်အတက်နေ့ဌ်စည်ကားလျက်ရှိသည်မှာ မြန်မာ့ရိုးရာသင်္ကြန်ကာလ ရှမ်းပြည်နယ်၏ သဘာဝအလှတစ်ခုဖြစ်ပြီး သင်္ကြန်အတက်နေ့တွင် ရေကစားထွက်လေ့ရှိသည်မှာလည်း ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့တစ်ခုပင်ဖြစ်ကြောင်း ရှေးလူကြီးများကဆိုသည်။

T.Z

မန်းရေစိုခံကာတွန်းပြပွဲ စိတ်ဝင်စားသူများပြား

မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်ကိုမန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ကျုံးပတ်လည်းတွင်စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ မန္တလေးလမ်းလျှောက်သင်္ကြန်ပွဲတော်တွင် မြန်မာနိုင်ငံကာတွန်းဆရာများ အသင်းမှဦးဆောင်၍ ကာတွန်းဆရာများပူးပေါင်းကာ ရေစိုခံကာတွန်းပြပွဲကို ၂၆ လမ်း၊ ၇၃လမ်းနှင့်၇၆လမ်းကြားတွင်ခင်းကျင်းပြသလျက်ရှိရာ စိတ်ဝင်တစားလာရောက်ကြည့်ရှုသူများပြားလျက်ရှိကြောင်းကို မြန်မာနိုင်ငံကာတွန်းဆရာများအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လမ်းလျှောက်သင်္ကြန်တွင် ရေစိုခံကာတွန်းပြပွဲကို ကျုံ့ဘေးမှာသင်္ကြန်ရက်တိုင်း ခင်ကျင်းပြသထားပြီးကာတွန်းပုံပေါင်း ၃၀၈ ပုံရှိပြီးကာတွန်ပုံအများဆုံးကသင်္ကြန်ပွဲတော်ကို ရည်ညွှန်ဖော်ကျူးထားတယ်။ သင်္ကြန်နဲ့ပတ်သက်တဲ့ ကာတွန်းပုံလေးတွေကလာရောက်ကြည့်ရှုသူတွေကို သတိပေးနေသလို သင်္ကြန်မှာဆောင်ရန်၊ ရှောင်ရန်လေးတွေ၊ ကာတွန်းပုံတစ်ကွက်တည်းနဲ့ပြောချင်တဲ့ Message ကိုပေးနိုင်တာဖြစ်တယ်။ အခုလိုရေစိုခံကာတွန်းပြပွဲဆောင်ရွက်တာ အလွန်ပဲကောင်းတယ်။ နောင်နှစ်တွေမှာလည်းဆက်လက်ဆောင်ရွက်ဖို့ ရှိတယ်။" ဟုဌင်းကပြောကြားခဲ့သည်။

မန္တလေးလမ်းလျှောက် သင်္ကြန်ပွဲတော်ရေစိုခံကာတွန်းပြပွဲကို မြန်မာနိုင်ငံကာတွန်းဆရာများအသင်းမှဦးဆောင်ကာကာတွန်းဆရာများ ပူးပေါင်း၍ပထမဦးဆုံးကျင်းပခြင်းဖြစ်ပြီးလာရောက်ကြည့်ရှုသူများနှင့် စည်ကားလျက်ရှိကြောင်းသိရသည်။

T.Z

MPT နှင့် Big 9 သီချင်းနှင့် ဖျော်ဖြေရေး ကဏ္ဍများ ရယူနားဆင်နိုင်ပြီ

MPT နှင့် Big 9 တို့ပူးပေါင်းပြီး Big 9 Go အက်ပလီကေးရှင်းကိုမတ်လ ၃၀ ရက်နေ့မှစတင်မိတ်ဆက်လိုက်ပြီဖြစ်ပြီး အဆိုပါအစီအစဉ်တွင်နောက်ဆုံးပေါ်တေးဂီတရှင်သံ၊ ဗွီဒီယိုများကိုအချိန်နှင့် အမျှရယူကြည့်ရှုနိုင်မည့်အပြင်၊ အထူးသီးသန့်ဖျော်ဖြေရေး အစီအစဉ်များစွာကိုရယူခံစားနိုင်မည်ဖြစ်သည်။ Big 9 Go အက်ပလီကေးရှင်းတစ်ခုဖြစ်ပြီး Iron Cross Music Band မှနိုင်ငံကျော်ဂီတပညာရှင်များဖြစ်ကြသော လေးဖြူ၊ မျိုးကြီးတို့မှဦးစီးဆောင်ရွက်လျက်ရှိပြီး ယခုပူးပေါင်းဆောင်ရွက်မှုကြောင့် MPT သုံးစွဲသူပြည်သူများကိုတေးသီချင်းများအပြင် ဖျော်ဖြေရေးကဏ္ဍကိုအကန့်အသတ်မရှိနားဆင်ခံစားနိုင်ပြီး Life Style၊ ဖျော်ဖြေရေး၊ ဖက်ရှင်နှင့်အလှအပရေးရာနှင့် ကျန်းမာရေး၊ အားကစား၊ ခရီးသွားတင်ဆက်မှုတွေကိုပါ ရယူနိုင်မည်ဖြစ်သည်။

MPT သုံးစွဲသူများအနေဖြင့် Big 9 အက်ပလီကေးရှင်းကိုတစ်ရက်လျှင် ၉၉ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ပြီး၊ တေးသီချင်းနှင့်ဖျော်ဖြေရေးကဏ္ဍများအပြင် အောင်မြင်နေသောအဆိုတော်၊ အနုပညာရှင်၊ ရိုက်ကူးထုတ်လွှင့်အတွေ့အကြုံရှိသူ၊ ကြော်ငြာဈေးကွက်ကျွမ်းကျင်သူ၊ ခေတ်မီပြသကျွမ်းကျင်သူ၊ တယ်လီကွန်းဈေးကွက်ကျွမ်းကျင်သူများ၊ ခေတ်မီပြသကျွမ်းကျင်သူ၊ တယ်လီကွန်းဈေးကွက်ကျွမ်းကျင်သူများ၊ နယ်ပယ်အလိုက်ပေါင်းစည်းကာဖွဲ့စည်းထားသောအဖွဲ့တစ်ခုဖြစ်သည့်အပြင်ကိုယ်ပိုင်ထုတ်လွှင့်ရိုက်ကူးနိုင်ခြင်း၊ ကိုယ်ပိုင် OTT Platform ရှိခြင်းနှင့်အတူ Video ပြသမှုတွင်အထူးအရေးကြီးသည့် CDN(Content Delivery Network) ကိုပြည်တွင်းတွင်ထားရှိသောနိုင်ငံသားများပိုင် CDN ကိုအသုံးပြုထားခြင်းကြောင့် Big 9 ဖျော်ဖြေရေးအစီအစဉ်သစ်ကိုနှစ်ခြိုက်စွာ ရယူခံစားနိုင်မည်ဖြစ်သည်ကိုသိရှိရသည်။

လှမျိုး - သဇင်

ပက်ကေ့ချ်များကို ကိုယ်တိုင်ဖန်တီးအသုံးပြုနိုင်မည့် မို

တယ်လီနောသုံးစွဲသူများကိုယ်တိုင် မိမိတို့အသုံးပြုလိုသောပမာဏပေါ်မူတည်ပြီး ပက်ကေ့ချ်များကိုဖန်တီးရယူအသုံးပြုနိုင်မည့် မြန်မာနိုင်ငံ၏ပထမဆုံးသော မိုဘိုင်းအက်ပလီကေးရှင်း(app) Telenor Flexiplan ကို တယ်လီနောက ဧပြီလ ၉ရက်ကမိတ်ဆက်လိုက်ကြောင်း သတင်းထုတ်ပြန်ချက်အရသိရသည်။

တယ်လီနောကြေတင်ငွေဖြည့်စနစ်သုံး ဖုန်းသုံးစွဲသူများအနေဖြင့် မိမိသုံးစွဲလိုသည့်ပမာဏအတိုင်း ဖုန်းခေါ်ဆိုမှု၊ စာတိုပေးမှု၊ အင်တာနက်အသုံးပြုမှုနှင့် သုံးစွဲနိုင်သောသက်တမ်းတို့ကို ကိုယ်တိုင်ချိန်ဆရွေးချယ်ပြီး မိမိနှင့်အသင့်တော်ဆုံးပက်ကေ့ချ်ကို ဖန်တီးအသုံးပြုနိုင်ရန်ရည်ရွယ်ပြီး Telenor Flexiplan အက်ပလီကေးရှင်းကိုရေးဆွဲထားခြင်းဖြစ်ကြောင်း အသုံးပြုသူများအနေဖြင့်အခြေခံဈေးနှုန်းများနှင့်ယှဉ်လျှင် လျှော့ဈေး ၈၀% ထိ ခံစားခွင့်ရရှိနိုင်ပြီးအခြားအသုံးပြုသူများကိုလည်း ဒေတာပက်ကေ့ချ်လက်ဆောင်များ ပေးအပ်နိုင်မည့်လုပ်ဆောင်ချက်အသစ်လည်းပါဝင်သည်။

"ပျော်စရာကောင်းလှတဲ့ သင်္ကြန်ပွဲတော်လည်းနီးလာတဲ့အလျောက် တယ်လီနောရဲ့ဝန်ဆောင်မှုတွေကို သုံးစွဲသူတွေအားလုံးအကျိုးရှိရှိနဲ့ အားရပါးရအသုံးပြုနိုင်စေဖို့ စိတ်အားထက်သန်ခဲ့ပါတယ်။ တယ်လီနောသုံးစွဲသူတွေမှာ ဝန်ဆောင်မှုတွေကို သုံးစွဲတဲ့ပုံစံအမျိုးမျိုးရှိကြတဲ့အတွက် မိမိစိတ်ကြိုက်ပြောင်းလဲနိုင်မယ့် ဒီမိုဘိုင်းအက်ပလီကေးရှင်းအသစ် Telenor FlexiPlan ကိုမိတ်ဆက်ပေးခဲ့တာဖြစ်ပါတယ်။ ဒီ Telenor FlexiPlan ကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့အနေနဲ့ တယ်လီနောသုံးစွဲသူတွေအကောင်းဆုံး အတွေ့အကြုံကိုခံစားရရှိနိုင်ဖို့အတွက် ဝန်ဆောင်မှုတွေတိုးတက်လာအောင် ဘယ်လောက်ကြိုးပမ်းနေသလဲဆိုတာ အထင်အရှားသိနိုင်တယ်လို့ယုံကြည်မိပါတယ်"ဟု တယ်လီနောမြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေးအရာရှိချုပ် Jos -lin Mythong ကပြောကြားသည်။

ယခုကဲသို့သော အက်ပလီကေးရှင်းအမျိုးအစားတွင် မြန်မာ့ပထမဆုံးဖြစ်သည့် Telenor FlexiPlan ကို Googel Play Store၊ App Store နှင့် web- link တို့တွင်ရယူနိုင်မည်ဖြစ်ပြီး အက်ပလီကေးရှင်းကို download ရယူရာတွင်လည်းကောင်း၊ ပက်ကေ့ချ်များကိုဖန်တီးနေချိန်တွင်လည်း

မြန်မာနှစ်သစ်ကူးအလှူအဖြစ် အူရီ
အဆင့်မြင့်မီးဖိုချောင်တည်ဆော

အူရီးဒုံးမြန်မာမှမြန်မာသက္ကရာဇ် ၁၃၈၀ခုနှစ်သို့ကူးပြောင်းသည့် နှစ်သစ်ကူးအထိမ်းအမှတ်အဖြစ် မြန်မာပြည်သူပြည်သားများနှင့်အတူ ကုသိုလ်ပြုလုပ်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ရှိနှင်းဆီးကုန်းဘိုးဘွားရိပ်သာသို့ မြန်မာနှစ်ဆန်း (၁) ရက်နေ့ ဧပြီ ၁၇ရက်နေ့က သွားရောက်ပြီးလှူဒါန်းမှုပြုလုပ်ခဲ့သည်။

နှင်းဆီးကုန်းဘိုးဘွားရိပ်သာကို ၁၉၃၃ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဘိုးဘွားပေါင်း (၁၇၁) ဦးကို ကျွန်းမာရေး၊ နေရာထိုင်ခင်းနှင့် အာဟာရစောက်ရှောက်မှုပေးနေသော ရိပ်သာတစ်ခုဖြစ်ကြောင်းနှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် အဆင့်မြင့်ခေတ်မှီမီးဖိုချောင်တည်ဆောက်ရန်အတွက် ကျပ်သိန်း (၁၀၀) ကိုလှူဒါန်းခဲ့ပြီးဘိုးဘွားများအားလည်း နှစ်သစ်ကူးအခါသမယတွင် ပူဇော်ကန်တော့ခြင်းဖြင့် နှစ်သစ်ကူးကုသိုလ်ပြုလုပ်ခဲ့ကြသည်။ အဆိုပါလှူဒါန်းမှုအခမ်းအနားသို့ အူရီဒုံးမြန်မာမှအရောင်းနှင့်ဖြန့်ချိရေးအရာရှိချုပ် ဖြစ်သူဒေါ်ထားသန့်စင်နှင့် အူရီဒုံးဝန်ထမ်းများတက်ရောက်ခဲ့ကြသည်။

အူရီဒုံးမြန်မာ၏အရောင်းနှင့် ဖြန့်ချိရေးအရာရှိချုပ်ဖြစ်သူ ဒေါ်ထားသန့်စင်က "နှစ်သစ်ကူးအခါသမယမှာ ထူးမြတ်လှသည့်လှူဒါန်းမှုကုသိုလ်ကို ပြုလုပ်ခွင့်ရတဲ့အတွက် အထူးဝမ်းသာကြည်နူးရပါတယ်။ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိမိဘပြည်သူများနှင့်အူရီဒုံးရဲ့ဝန်ဆောင်မှုကို အသုံးပြုနေသူအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။"ဟု ဆုတောင်းမေတ္တာပို့သလိုက်ပါကြောင်း အူရီးဒုံးမြန်မာ အနေဖြင့်သုံးစွဲသူများအတွက် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန်အတွက်အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ ကျော်ကျော်

MPT ကနိုင်ငံတစ်ဝန်းဆောင်ရွက်သွားမည့်လုပ်ငန်း နှလုံးသားထဲကမြန်မာအစီ

MPT ကနိုင်ငံတစ်ဝန်းဆောင်ရွက်သွားမည့် နှလုံးသားထဲကမြန်မာအစီအစဉ်မိတ်ဆက်ခြင်း အခမ်းအနားကို၈ပြီလပထမပတ်က Park Royal ဟိုတယ်တွင်ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါအစီအစဉ်တွင်"နှလုံးသားထဲကမြန်မာ"နှစ်သစ်ကူးအချိန်အခါသမယဖြစ်သော၊ သင်္ကြန်ကာလမှစ၍လူမှုအဖွဲ့အစည်းပေါင်း ၃၀ကျော်ကို ကျပ်သိန်းပေါင်း ၂၀၀၀ကျော်လူမှုအကျိုးပြုအစီအစဉ်အတွက်အသုံးပြုဆောင်ရွက်သွားမည့် အစီအစဉ်အသေးစိတ်ကို MPT-KSGM မှအထွေထွေမန်နေဂျာဦးသိန်းဟုတ်ကရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ MPT-KSGM အနေဖြင့်ကျေးလက်နှင့်မြို့ပြတစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရေးအတွက် 4G LTE+ ကိုမြို့ပေါင်း ၂၈၀တွင်တိုးချဲ့တပ်ဆင်ရန်ပြင်ဆင်ထားပြီး၊ ယခုလက်ရှိမြို့ကြီး၊ မြို့ငယ်ပေါင်း ၁၀၀ကျော်တွင်တပ်ဆင်ပြီးဖြစ်ကြောင်းအပြင်၊ ကျန်ရှိသည့်မြို့ကြီးမြို့ငယ်များတွင်ဆက်လက်တပ်ဆင်နိုင်ရေးအတွက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး၊ ကျေးလက်နှင့်ဆက်သွယ်ရေးဖွံ့ဖြိုးမှုကွာခြားချက်ကျဉ်းမြောင်းစေရေး MPT အနေဖြင့်ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း ဦးသိန်းဟုတ်ကရှင်းလင်းပြောကြားကြောင်းသိရသည်။

ထို့ပြင် MPT-KSGM ကအမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr.Toshitake Amamiya က၊ MPT၏နှလုံးသားထဲကမြန်မာအစီအစဉ်အောက်တွင်နိုင်ငံတစ်ဝှမ်းလူမှုအဖွဲ့အစည်းများဖြစ်သည့်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ မိဘမဲ့ဂေဟာများ၊ ဆေးရုံများနှင့်အခြားလိုအပ်သည့်နေရာများအပါအဝင်လူမှုအဖွဲ့အစည်(၆၀)ကျော်အတွက် ကျပ်ငွေသိန်း(၂၀၀၀)ကျော်လှူဒါန်းသွားမည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ "MPT၏နှလုံးသားထဲကမြန်မာအစီအစဉ်စွမ်းအားနှင့်အတူ၊ ကောင်းမွန်သောပူးပေါင်းဆောင်ရွက်မှုများမှတဆင့် သုံးစွဲသူပြည်သူများအတွက်၊ အားကစားကဏ္ဍ၊ ဈေးဝယ်ယူခြင်း၊ မိုဘိုင်းဂိမ်းဝန်ဆောင်မှုများအပါအဝင်၊ အခြားကဏ္ဍ၊ အသီးသီးတွင်ကောင်းမွန်သည့် အတွေ့အကြုံများ ခံစားရရှိစေရန်ဆောင်ရွက်ပေးမည်ဖြစ်သည်ကိုလည်းသိရသည်။

လှမျိုး - သဇင်

...ကိုင်း app ကို မိတ်ဆက်



...ကောင်း ဒေတာအသုံးပြုမှုမှာအခမဲ့ဖြစ်ကြောင်း အက်ပလီကေးရှင်းမှဝယ်ယူထားသော စာတိုပို့အသုံးပြုမှုသည် တယ်လီနောအချင်းချင်းအတွက်သာဖြစ်ပြီး ပက်ကေ့ချ်သက်တမ်းကုန်ဆုံးသည့်နောက်တွင်လည်း ထပ်မံသက်တမ်းတိုးရန်လိုအပ်ကြောင်းသိရသည်။ ကျော်ကျော်

...ဒုံးမှ နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် ...ကရန် ကျပ်သိန်း ၁၀၀ လှူဒါန်း

...အစည်ကို စတင်ဖော်ဆောင်

MPT နှင့်ထိပ်တန်းဖျော်ဖြေရေးဝန်ဆောင်မှုပေးနေသော Iflix တို့ပူးပေါင်းပြီး ဝန်ဆောင်မှုအသစ်စတင်

MPT က၊ ကမ္ဘာထိန်တန်းဝန်ဆောင်မှုကိုပေးနေသော iflix နှင့်ပူးပေါင်းပြီး၊ ဖျော်ဖြေရေး၊ ဝန်ဆောင်မှုအသစ်ကိုဧပြီလဒုတိယမှစတင်၍ မိတ်ဆက်လိုက်ပြီဖြစ်ကြောင်းသိရသည်။ ယခုအစီအစဉ်တွင် MPT သုံးစွဲသူထောင်ပေါင်းများစွာအတွက်၊ ကမ္ဘာ့အကောင်းဆုံးရုပ်သံအစီအစဉ်များအပါအဝင်၊ ဇာတ်လမ်းတွဲများကို၊ ကိုယ်ပိုင်မိုဘိုင်းဖုန်းများ၊ တက်ဘလက်များပေါ်မှလစဉ်ကြေးပေးစရာမလိုတော့ဘဲ၊ ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်ကိုသိရသည်။

အဆိုပါအစီအစဉ်တွင် MPT သုံးစွဲသူတိုင်း iflix ဖျော်ဖြေရေးဝန်ဆောင်မှုများကို၊ ဖုန်း၊တက်ဘလက်၊ ဘက်ပ်တော့၊ Desktop အပြင် TV နှင့်အခြားချိတ်ဆက်နိုင်သည့် Device များပေါ်မှတဆင့် Device ၂ခုအထိတစ်ပြိုင်တည်းချိတ်ဆက်ကြည့်ရှုနိုင်မည်ဖြစ်သည်။ ထို့ပြင်ဒေါင်းလုပ်ရယူထားပြီးနောက် Offline ဖြင့်ပြန်လည်ကြည့်ရှုနိုင်သည့်လုပ်ဆောင်ချက်ပါဝင်သဖြင့်သုံးစွဲသူအနေဖြင့်၊ ရုပ်သံတီဗီအစီအစဉ်များ၊ ရုပ်ရှင်များကိုအင်တာနက်ချိတ်ဆက်ထားခြင်းမရှိသည့်အချိန်များ၌ပင်ဖုန်း၊ တက်ဘလက်နှင့် အခြား Devices များတွင်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်းသိရသည်။

ယခုအစီအစဉ်တွင် ရုပ်ရှင်းစတူဒီယိုပေါင်း ၂၂ဝကျော်အပါအဝင်ကမ္ဘာတလွှားထုတ်ဝေသူများစွာ ပူးပေါင်းထားသည့်၊ ခံစားမှုအတွေ့အကြုံများပေးစွမ်းနိုင်မည်ဖြစ်သည့်အပြင်နာမည်ကျော် လူကြိုက်များသည့်ဟောလီဝုဒ်၊ ထိပ်တန်းဇာတ်လမ်းတွဲများ။ ပြည်တွင်းဇာတ်ကားများအစရှိသော ရုပ်ရှင်ကြည့်ပရိသတ်များနှစ်သက်ကြမည့်ပြည်တွင်း/ပြည်ပရုပ်ရှင်ပရိသတ်များကိုခံစားမှုပေးနိုင်မည်ဖြစ်သည်။

MPT ကကူညီပံ့ပိုးပေးထားသည့် ၁၂ လစာငွေကျပ် ၃၆၀၀၀ တန်ဖိုးရှိ iflix ၏ဖျော်ဖြေရေးဝန်ဆောင်မှုကို MPT ဆင်းမ်ကတ်ပေါ်မှတဆင့်ဖုန်းဘီလဖြင့်ကြည့်ရှုခံစားနိုင်မည်ဖြစ်ပြီး၊ ဧပြီလ ၉ရက်မှ ၂၀၁၈ခုနှစ်လိုင် ၇ရက်နေ့အထိရယူနိုင်မည်ဖြစ်ပြီး၊ အင်တာနက်အသုံးပြုခကျသင့်မည်ဖြစ်သည်။

အစီအစဉ်အသေးစိတ်ကိုသိရှိလိုပါက *5050# သို့ခေါ်ဆို၍ iflix အက်ပလီကေးရှင်းကို ဒေါင်းလုပ်ရယူခြင်းဖြင့်လည်းကောင်း MPT ၏ Face book စာမျက်နှာနှင့် Call Center 106 သို့လည်းခေါ်ဆို၍လေ့လာနိုင်မည်ဖြစ်သည်ကိုသိရသည်။ လှမျိုး-သဇင်

၁မိနစ် ၈ ကျပ်သာ ကျသင့်တဲ့ အူရီဒူးရဲ့ Red တော်ကီ အသုံးပြုပြီးဖုန်းခေါ်နိုင်ပြီ

အူရီဒူးအချင်းချင်း ဖုန်းခေါ်ဆိုခွင့်အစီအစဉ် မိနစ် ၃၅ - ၂၇၉၉ကျပ်	၃၅ မိနစ်	၂၇၉၉ကျပ်	၃ဝရက်

"ကျွန်တော်တို့အနေနဲ့ အူရီဒူးအသုံးပြုသူတွေကို ပိုမိုကောင်းမွန်တဲ့သုံးစွဲသူအတွေ့အကြုံကောင်းတွေကို ပေးအပ်လိုပါကြောင် အခုချိန်ဟာဆိုရင် ကျွန်တော်တို့ရဲ့အူရီဒူးဝန်ဆောင်မှုကို အသုံးပြုသူတွေအားလုံးဟာသင်္ကြန်ပွဲတော်လည်ပတ်ဖို့ အချင်းချင်းဖုန်းဆက်ချိန်းဆိုနိုင်မှာဖြစ်သလို ကိုယ်ချစ်ခင်ရသူတွေရဲအသံကိုကြားရဖို့ ဖုန်းဆက်နိုင်မှာဖြစ်တာကြောင့်အခု Red တော်ကီအစီအစဉ်ကို မိတ်ဆက်ပေးလိုက်တာဟာအချိန်အခါကောင်းဘဲဖြစ်ပါကြောင်း ပိုမိုကောင်းမွန်တဲ့နှုန်းထားတွေနဲ့ Red တော်ကီအစီအစဉ်တွေကိုသုံးစွဲသူတွေ နှစ်သက်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။" ဟုအူရီဒူးမြန်မာမှ Chief Commercial Officer ဖြစ်သူ Mr.Alok Verma ကပြောကြားလိုက်သည်။

(103)

အူရီဒူးမြန်မာသည်သုံးစွဲသူများ ကြည်လင်ပြတ်သားသော အသံကိုနှစ်ခြိုက်စွာအသုံးပြုနိုင်စေရန်အတွက် "Red တော်ကီ"အစီအစဉ်များကိုရယူပြီးတစ်မိနစ် ၈ ကျပ်သာကျသင့်တဲ့နှုန်းထားဖြင့် အခြားသောအူရီဒူးဖုန်းများသို့ဆက်သွယ်ခေါ်ဆိုနိုင်ပြီဖြစ်ကြောင်း ဧပြီလ ၁၁ရက်နေ့ထုတ်ပြန်ချက်အရသိရသည်။

"Red တော်ကီ"အစီအစဉ်ကို အစီအစဉ်၄မျိုးဖြင့်ဝန်ဆောင်မှုပေးထားသဖြင့်အူရီဒူးအသုံးပြုသူများသည် *150# သို့ခေါ်ဆိုပြီး မိမိကြိုက်နှစ်သက်သည့်နေ့စဉ်သုံးနှင့် လစဉ်သုံး "Red တော်ကီ"အစီအစဉ်ကိုရယူနိုင်ကြောင်း အူရီဒူး "Red တော်ကီ"အစီအစဉ်များသည် အူရီဒူးအသုံးပြုသူများအတွက် ပိုမိုအဆင်ပြေသက်သာစွာဖြင့် ဖုန်းခေါ်ဆိုနိုင်မည်ဖြစ်ပြီးရက်(၃ဝ)သက်တမ်းရှိ "Red တော်ကီ"အစီအစဉ်တွင်အူရီဒူးအချင်းချင်း ဖုန်းခေါ်ဆိုနိုင်သည့်မိနစ်ပေါင်း ၁၂၅မိနစ်ပါရှိပြီး ၉၉၉ကျပ်သာကျသင့်မည်ဖြစ်သည်။ အခြားသောရက်(၃ဝ)သက်တမ်းရှိသော အစီအစဉ်များမှာလည်းပိုမိုကောင်းမွန်သည့်ဖုန်းခေါ်ဆိုခနှုန်းထားများဖြင့် မိနစ်များပိုမိုရရှိမည်ဖြစ်သည်။

အစီအစဉ်အမျိုးအစား	အူရီဒူးအချင်းချင်းဖုန်းခေါ်ဆိုခွင့်မိနစ်	စျေးနှုန်း	သက်တမ်း
အူရီဒူးအချင်းချင်းဖုန်းခေါ်ဆိုခွင့်အစီအစဉ် ၃ဝမိနစ်-၂၄၉ကျပ်	၃ဝ မိနစ်	၂၄၉ကျပ်	၁ရက်
အူရီဒူးအချင်းချင်းဖုန်းခေါ်ဆိုခွင့်အစီအစဉ် မိနစ် ၁၂၅-၉၉၉ကျပ်	၁၂၅ မိနစ်	၉၉၉ကျပ်	၃ဝရက်
အူရီဒူးအချင်းချင်းဖုန်းခေါ်ဆိုခွင့်အစီအစဉ် မိနစ် ၂၅ဝ-၁၉၉၉ကျပ်	၂၅ဝ မိနစ်	၁၉၉၉ကျပ်	၃ဝရက်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်အမှာစကား

မြန်မာသက္ကရာဇ် ၁၃၈၀ပြည့်နှစ်၊ နှစ်သစ်ကူးအချိန်အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မိုတင်းနေထိုင်ကြကုန်သော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ မျက်လုံး၊ လက်ရုံး၊ နလုံးသားသဖွယ် အစဉ်လွှမ်းရှားဖြည့်ဆည်းမှုများဖြင့် အလုပ်အကျွေးပြုနေသည်ဟု ခံယူတည်ဆောက်ဆောင်ရွက်လျက်ရှိပါသည်။

ပို့ဆောင်ရေးကဏ္ဍဖြစ်သည့် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းကဏ္ဍသည် နိုင်ငံသူနိုင်ငံသားများ ထိရောက်လျင်မြန်၍ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စေရေး၊ ကုန်စည်စီးဆင်းမှု ထိရောက်လျင်မြန်ရေးတို့အတွက် ပြည်ထောင်စုဝန်ကြီး၏ ဦးစီးမှုဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း သတင်းကောင်းပါးလိုပါသည်။

နှစ်သစ်ကူးအခါသမယတွင် ဝန်ကြီးဌာနမှ အဆင့်ဆင့်သော အရာထမ်း၊ အမှုထမ်းများနှင့် တိုင်းရင်းသားညီ အစ်ကိုမောင်နှမများ အေးချမ်းသာယာဝပြောသော၊ လောကပါလတရားတို့ ထုံမွှမ်းလျှက်ရှိသော ပြည်ထောင်စုကြီးတည်ဆောက်ရာတွင် ပူးပေါင်းပါဝင်ကြရန် နှိုးဆော်ရင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေကြောင်း နှစ်သစ်ကူး ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

ကျော်မျိုး
ဒုတိယဝန်ကြီး
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

မြောင်းမြမြို့ဒေသခံပြည်သူများ ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေး ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များဖြင့် "အခမဲ့" ပို့ဆောင်ပြေးဆွဲပေးနေ

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့ရှိ မြောင်းမြမြစ်ကူး ကြိုးတံတားကြီးသည် ၂၀၁၈ခုနှစ်၊ ဧပြီလ (၁)ရက်နေ့ (၀၁:၄၅)နာရီအချိန်ခန့်က မြောင်းမြမြစ်အတွင်းသို့ ပြတ်ကျသွားခဲ့ပြီး၊ ပို့ဆောင်ဆက်သွယ်ရေးလမ်းကြောင်း ပြတ်တောက်သွားခဲ့ခြင်းကြောင့် ပို့ဆောင်ဆက်သွယ်ရေးလမ်းကြောင်းကို ပြန်လည်ကောင်းမွန်စေရေးအတွက် မြောင်းမြမြစ်ကူးရေယာဉ်ကူးတို့လမ်းများကို (၅.၄.၂၀၁၈) ရက်နေ့မှ စတင်၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနပိုင် ဇက်ရေယာဉ် (၂)စီးဖြစ်သည့် ဇက်-၁၀၇ ရေယာဉ်နှင့် ရေနယား-၂ရေယာဉ်၊ လူစီးနှစ်ထပ်ရေယာဉ် (၂)စီးဖြစ်သည့် တောသူမယ်ရေယာဉ်နှင့် စောမာလာရေယာဉ်တို့ကို အသုံးပြု၍ နေ့စဉ်အခမဲ့ပြေးဆွဲပေးလျှက်ရှိသည်။

ထိုသို့ပြေးဆွဲပေးရာတွင် (၅.၄.၂၀၁၈)ရက်နေ့မှ (၁၈.၄.၂၀၁၈) ရက်နေ့အထိ အသွား/အပြန်ခေါက်ရေပေါင်း (၆၃၂)ခေါက်ပြေးဆွဲပေးခဲ့ပြီး၊ ကားကြီး (၂၁၆)စီး၊ ကားလတ် (၂၁၈)စီး၊ ကားသေး (၂၄၅၂)စီး၊ သုံးဘီး (၂၉)စီး၊ ထော်လာဂျီ (၆၂)စီး၊ ဆိုင်ကယ် (၁၃၄၈၂)စီး၊ ထွန်စက် (၁)စီး၊ စက်ဘီး (၁၂၅)စီးနှင့် ခရီးသည် (၃၃၆၈၃)ဦးတို့ကို အခမဲ့ပို့ဆောင်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။

ထို့ပြင် လက်ရှိပြေးဆွဲပေးနေသော မြောင်းမြ မြစ်ကူး ကူးတို့လမ်းများတွင် ဖြစ်ပေါ်နေသောယာဉ်များစုပုံ၍ ယာဉ်ကြောပိတ်ဆို့ကျပ်တည်းမှု ဖြေလျှော့နိုင်ရန်အတွက် အခြားနည်းလမ်းတစ်ခုအဖြစ် လပွတ္တာ (ညောင်ချောင်းလေး) ဇက်ဆိပ်မှ ငပုတောဘက်ကမ်းသို့ ပမ္ဘဝတီမြစ်ကို ဖြတ်ကူးသည့် ဇက်ကူးတို့ခရီးလမ်း တစ်လမ်းထပ်မံတိုးချဲ့ပြေးဆွဲနိုင်ရေး ဇက်ကူးအတက်/အဆင်းကွန်ကရစ်လမ်း တည်ဆောက်ခြင်းလုပ်ငန်းကို ဧရာဝတီတိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် ဆောင်ရွက်လျှက်ရှိပြီး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှလည်း ဇက်ရေယာဉ်တစ်စီးအသုံးပြုပြေးဆွဲပေးရာ အဆိုပါခရီးလမ်းတွင် ပြေးဆွဲသည့် ရေနယား(၁)ရေယာဉ်ကို (၁၈.၄.၂၀၁၈)ရက်နေ့ (၀၅:၀၀)နာရီအချိန်တွင် ရန်ကုန်မှ မြောင်းမြမြို့သို့ စေလွှတ်ခဲ့ပြီး (၁၉.၄.၂၀၁၈)ရက်နေ့နံနက်တွင် မြောင်းမြမြို့သို့ ရောက်ရှိလာပြီဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့ရှိ မြောင်းမြမြစ်ကူးကြိုးတံတားကြီး ၂၀၁၈ခုနှစ်၊ ဧပြီလ(၁)ရက်နေ့ နံနက် (၁:၄၅)နာရီအချိန်ခန့်က မြောင်းမြမြစ်အတွင်းသို့ ပြတ်ကျသွားခဲ့ပြီး နောက်ပိုင်းတွင် မြောင်းမြမြို့ဒေသခံပြည်သူများ ခရီးသွားလာမှုလွယ်ကူချောမွေ့စေရန်နှင့် ခရီးသွားပြည်သူများဘေးအန္တရာယ်ကင်းရှင်းစေရန် ဧပြီလ (၁၀)ရက်နေ့ နံနက်ပိုင်းမှစတင်၍ တောသူမယ်နှင့် စောမာလာယာဉ်တို့ကို စတင်ပြီးပြေးဆွဲပေးနေပါတယ်။ မြောင်းမြမြို့ (၇)လမ်း သင်္ဘောဆိပ်နှင့် ကွယ်လွယ်ဘက်ကမ်းက ပြည်တော်သာကူးတို့ဆိပ်ကို လူနှင့်ဆိုင်ကယ်တွေ တင်ဆောင်ပြီးပြေးဆွဲပေးနေပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အခမဲ့ပြေးဆွဲပေးနေပါတယ်ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြောင်းမြမြို့နယ် မန်နေဂျာဦးညီညီစန်းကပြောကြားခဲ့သည်။

အဆိုပါတောသူမယ်နှစ်ထပ်ရေယာဉ်သည် ခရီးသည် ၂၈၀ နှင့် ကုန်တန်ချိန် ၅၀တင်ဆောင်နိုင်ပြီး နေ့စဉ်နံနက် ၆နာရီမှ ည ၉နာရီအထိ လူနှင့်ဆိုင်ကယ်များကို တင်ဆောင်၍ ပြေးဆွဲသွားနိုင်ရန်စီစဉ်ထားကြောင်းသိရသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် ဧပြီ ၅ရက်မှစတင်ကာ မြောင်းမြမြို့ဘက်ကမ်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအနီးရှိ ဆိပ်ကမ်းမှကွယ်လွယ်ဘက်ရှိ သဲပုံဆိပ်ကမ်းသို့ ရေနယား(၂) ဇက်ရေယာဉ်ဖြင့် မော်တော်ယာဉ်ငယ်များကိုတင်ဆောင်၍ အခမဲ့ပြေးဆွဲပေးခဲ့ပြီး ယခုအခါဇက်ရေယာဉ်(၁၀၇)ဖြင့်လည်း ထပ်မံတိုးချဲ့ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မြောင်းမြမြို့နယ် ရှမ်းရေကျော်ကျေးရွာမှ ဒေါ်အေးသန်းက "တံတားကျိုးသွားတဲ့အတွက် သွားလာမှုတော်တော်ခက်ခဲသွားတယ်။ အရင်တုန်းက တစ်ဆင့်တည်းနဲ့ရောက်သွားတဲ့ခရီးကို အခုဆိုရင်ရေတစ်တန်၊ ကုန်းတစ်တန်စီးပြီးသွားနေရတယ်။ ဟိုဘက်ကမ်းကူးဖို့ အတွက်ကိုလည်း အချိန်တွေအများကြီးပေးရတယ်။ အခမဲ့ပြေးဆွဲပေးနေတဲ့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရေယာဉ်တွေရယ် ပဂ္ဂလိကရေယာဉ်တွေရှိလို့တော်သေးတယ်။ အခုလိုဆောင်ရွက်ပေးတဲ့သူတွေအားလုံးကိုကျေးဇူးတင်ပါတယ်။ ဒီတံတားကြီးမြန်မြန်ပြန်ကောင်းသွားဖို့ မျှော်လင့်ပါတယ်"ဟု ၎င်းကပြောသည်။

မြောင်းမြမြို့နယ်တွင် ပြည်သူများသွားလာမှုလွယ်ကူချောမွေ့စေရန် သက်ဆိုင်ရာ တာဝန်ရှိသူတို့နှင့်အတူ ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း စက်တပ်ရေယာဉ်ငယ်များဖြင့် အခမဲ့ကူညီပြေးဆွဲပေးလျှက်ရှိသည်။ မြောင်းမြမြို့နယ် ရေယာဉ်များစနစ်တကျပြေးဆွဲရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက "ဒီကနေ့ဆိုရင် ပြည်တွင်းရေကြောင်းက တောသူမယ်နှစ်ထပ်ရေယာဉ်ဖြင့် အခမဲ့ထပ်တိုးပြေးဆွဲပေးနေပါပြီ။ ကျွန်တော်တို့ပို့ဆောင်ပေးနေတဲ့ရေယာဉ်အသေးလေးတွေ သုံးခေါက်စာလောက်ကို ရေကြောင်းပို့ဆောင်ရေးက တောသူမယ်နှစ်ထပ်ရေယာဉ်ဖြင့် တစ်ခေါက်တည်းနဲ့သယ်ဆောင်ပေးနိုင်ပါတယ်။ ဒါကြောင့်တောသူမယ်ရေယာဉ်ပြေးဆွဲမှုအဆင်ပြေပြီး အသားကျသွားရင်တော့ ကျွန်တော်တို့အနေနဲ့ ရေယာဉ်ငယ်လေးတွေနဲ့ ပြေးဆွဲပေးနေမှုကို ရပ်ဆိုင်းသွားမှာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ယခုအခါ မြောင်းမြမြို့မှ တစ်ဖက်ကမ်းသို့ နေ့စဉ်အသွားအပြန်ခရီးသည် (၁၅,၀၀၀)ခန့်နှင့် မော်တော်ယာဉ် (၃၀၀)ခန့်ကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရေယာဉ်များဖြင့် ပို့ဆောင်ပေးလျှက်ရှိကြောင်း သိရှိရသည်။

သတင်း/ဓာတ်ပုံ- အိမ်စည်၊ တင်မောင်-ပို/ဆက်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်အမှာစကား

မြန်မာသက္ကရာဇ် ၁၃၈၀ပြည့်နှစ်၊ နှစ်သစ်ကူးအချိန်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြကုန်သော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအကိုမောင်နမများအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားညီအကိုမောင်နမများ၏ လူမှုဘဝအဓိက လိုအပ်ချက်ဖြစ်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍအား တိကျမြဲလျင်မြန်၊ ထိရောက်သော နည်းလမ်း၊ လုပ်ငန်းပုံစံ၊ အထောက်အကူပစ္စည်းတို့ဖြင့်ဖြည့်ဆည်းဝန်ဆောင်မှုပေး လျက်ရှိပါသည်။ ဆက်သွယ်ရေးဆိုင်ရာ အဆင့်မြှင့်ဝန်ဆောင်မှု၊ နိုင်မာလုံခြုံသော အကာအကွယ်ရနိုင်ရေးတို့အား အနာဂတ်ကာလများစွာအတွက် ကြိုတင်တွက်ဆပြင်ဆင် တည်ဆောက်လျက်ရှိပါကြောင်း သတင်းကောင်းပါးလိုပါသည်။

နှစ်သစ်ကူးအခါသမယတွင် ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအကိုမောင်နမများနှင့်အတူ ငြိမ်းချမ်းတည် ငြိမ်ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် အုပ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်တည်ဆောက်ရင်း ချစ်ကြည်ရင်းနှီးနွေးထွေးစွာဖြင့် အတူလက်တွဲချီတက်လျက်ရှိသော ဝန်ကြီးဌာနမှ အဆင့်ဆင့်သော အရာထမ်း၊ အမှုထမ်းများ၊ တိုင်းရင်းသားညီအကိုမောင်နမများ ကိုယ်စိတ်နှစ်ဖြာကျန်းမာရှင်လန်းနိုင်ကြပါစေကြောင်းနှင့် နှစ်ကူးဆုတောင်းမေတ္တာပို့သအပ်ပါသည်။

သာဦး
ဒုတိယဝန်ကြီး
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

မြန်မာ့မီးရထား တိုင်းအမှတ် (၇)မှ အန္တရာယ်ကင်း၊ ကောင်းခြင်းမင်္ဂလာနှင့် ပြည့်စုံစေရန် RBE ရထားဖြင့် မြို့ပတ်ပြီး ပရိတ်တရားတော်များ ရွတ်ဖတ်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ တိုင်းအမှတ် (၇) ရန်ကုန်နယ်မြေအတွင်း မြန်မာ့နှစ်သစ်ကူးအခါသမယ၌ အန္တရာယ်ကင်းပြီး ကောင်းခြင်း မင်္ဂလာနှင့်ပြည့်စုံစေရန် ရည်ရွယ်ကာ ဇူလိုင် ၁၇ရက် နံနက်ပိုင်းက သံယာတော်အရှင်သူမြတ်များအား ပင့်ဖိတ်၍ RBEရထားဖြင့် လက်ဂျာရစ်မြို့ပတ်ပြီး ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ အန္တရာယ်ကင်းပရိတ်ရေများ ပက်ဖြန်းခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ RBE ရထားပေါ် သံယာတော်အရှင်သူ မြတ်များအား တိုင်းအမှတ် (၇) ရန်ကုန်၊ တိုင်းတာဝန်ခံ လက်ထောက်အထွေထွေမန်နေဂျာ ဦးစိုးပိုးအောင်နှင့် တိုင်းအရာရှိကြီးများ ကြီးကြပ်ရေးမှူးများမှ လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရေစက်ချတရားတော်နာယူ ခြင်းများ ကျင်းပခဲ့သည်။

တိုင်းအမှတ် (၇)ရန်ကုန်မှ ကျင်းပဆောင်ရွက်ခဲ့သည့် ပြုသမျှ ကုသိုလ်ကောင်းမှုများကြောင့် ရထားများ၊ ရထားစီး ခရီးသည်များ၊ တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများ နှစ်သစ်မှစ၍ အန္တရာယ်ခပ်သိမ်းကင်းဝေးကြပြီး ကောင်း ခြင်းမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း မြန်မာ့မီးရထားမှ နှစ်သစ်ဆုမွန်ကောင်းတောင်းခြေပါကြောင်း သိရသည်။

ကျော်ကျော်၊ ရန်ကင်းမောင်

PHOTO NEWS

ဗဟိုပို့ဆောင်ဆက်သွယ်ရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးမင်းချစ်ဦးနှင့်ဇနီးသုဓမ္မသီဝိ ဒေါ်ညည်ညို ဝေလွင် မိသားစုတို့က ကျောက်ဂူဆရာတော်အရှင်ဣန္ဒာစရိယအား အမှူးထားပြီး ကလေးမြို့၊ ပရဟိတဇောမိရတနာ ပဋ္ဌိပတ္တိသာသန ရိပ်သာ၌ (၁၁) ကြိမ်မြောက် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်အပါး (၇၀၀)ကျော်နှင့် ဧည့်ပရိတ်သတ်များအားကျွေးမွေးလှူဒါန်းရန်အတွက် ကျပ်သိန်း ၅၀၀ကျော်နှင့် သိမ်ကျောင်းဆောက်လုပ်ရန်အတွက် ကျပ်သိန်း ၁၀၀ကျော် စုစုပေါင်း ကျပ်သိန်း ၆၀၀ကျော်ကို ဇူလိုင် ၁၄ရက်က လှူဒါန်းခဲ့ပြီး ကျောင်းအုပ်ကြီးဦးမင်းချစ်ဦး ကိုယ်တိုင်ဒုလ္လဘရဟန်းခံခဲ့ကြောင်းသိရသည်။

ကျော်ကျော်

လေးစားဂုဏ်ပြုပါတယ် စက်ဗိုလ်ကြီး

ဇူလိုင် ၁ရက်က ကသာဘူတာမှ နဘားဘူတာသို့ ထွက်ခွာလာသော အမှတ် ၅၂ အစုန်ရထားသည် မိုင်တိုင်အမှတ် ၆၀၃/ ၁၁ ရောက်ခါနီးတွင် သံလမ်းကျိုးနေသည်ကို ဦးသက်ဝင်းခိုင် စက်ခေါင်းမောင်း (၂) နှင့် ဦးငြိမ်းစိုးအောင် လက်ထောက်(၁) တို့တွေ့ရသဖြင့် ရထားအားအချိန်မီရပ်တန့်ခဲ့ပြီး၊ သံလမ်းကျိုးနေရာအားစစ်ဆေး၍ သက်ဆိုင်ရာသို့ သတင်းပေးပို့အကြောင်းကြားခဲ့သည်။ ကြီးမားသောမတော်တဆမှု ဖြစ်စေနိုင်သောဖြစ်စဉ်အားသတိကြီးစွာဖြင့် ကာကွယ်နိုင်ခဲ့သောစက်ခေါင်းလိုက်အ ဖွဲ့အား ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်မှ လေးစားဂုဏ်ပြုပါသည်။

ကျော်ကျော်

e-Government ဦးဆောင်ကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

e-Government ဦးဆောင်ကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ (၄)ရက်နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ e-Government ဦးဆောင်ကော်မတီနာယကနိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တက်ရောက်၍ အမှာစကားပြောကြားသည်။

တိုးတက်ဖို့အချက် ၃ချက်

အစည်းအဝေးတွင် ဦးဆောင်ကော်မတီနာယကနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "e-Government နဲ့ပတ်သက်လို့ ကျွန်မတို့အစကတည်းက စီးပွားရေးနဲ့ပတ်သက်ပြီး ချထားတဲ့မူဝါဒ ၁၂ချက်ထဲမှာ တစ်ချက်ပါဝင်ပါတယ်။ အဲဒီအထဲမှာ ဖြစ်မြောက်အောင်လုပ်မယ်ဆိုတာ ပါဝင်ပါတယ်။ ဒါဆို e-Government ဖြစ်မြောက်အောင်လုပ်မယ်ဆိုရင်လည်း ကျွန်မတို့ရဲ့ဒီတစ်နှစ်အတွင်းမှာ အဲဒီဘက်ကနှောင့်နှေးနေတာကိုလည်း သတိပြုမိပါတယ်။ e-Government မြန်မြန်လုပ်ဖို့၊ တိုးတက်ဖို့ဆိုရင် အချက်၃ချက်က အဓိကဖြစ်ပါတယ်။ ကျွမ်းကျင်မှုလိုအပ်ချက်ရှိမယ်။ ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်ရှိမယ်၊ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ချက်ရှိမယ်။

"ဒီလိုအပ်ချက် ၃ခုစလုံး ဖြည့်ဆည်းဖို့အခုလို အစည်းအဝေးခေါ်တာလို့ နားလည်ပါတယ်။ ဦးဆောင်ကော်မတီဥက္ကဋ္ဌကြီးဖြစ်တဲ့ ဒုတိယသမ္မတ ဦးမြင့်ဆွေက ဦးဆောင်ပြီးလုပ်သွားမှာဖြစ်ပါတယ်။ သုံးချက်ထဲမှာ အဓိကအမြန်ဆုံး စတင်လုပ်ရမှာတော့ ပူးပေါင်းဆောင်ရွက်မှုပါပဲ။ အစိုးရအဖွဲ့ဌာနအသီးသီး ပြည်နယ်၊ တိုင်းအစိုးရများနဲ့ အားလုံးပူးပေါင်းပြီးမလုပ်ရင် e-Government ဆိုတာ တကယ်တော့ ဖြစ်မြောက်နိုင်မှာမဟုတ်ပါဘူး။

ဒီလိုပူးပေါင်းဆောင်ရွက်မှုရှိမှလည်း e-Government ရည်ရွယ်ချက်ကထ မြောက်နိုင်မှာပါ။

"အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံနဲ့ပြည်သူအတွက် အကျိုးရှိဖို့ပဲဖြစ်ပါတယ်။ ကမ္ဘာနဲ့ရင်ပေါင်တန်းပြီး ခေတ်သစ်၊ စနစ်သစ်တွေကို မသုံးလို့လည်းမဖြစ်ပါဘူး။ အဲဒီလိုမသုံးရင်ကျွန်မတို့နိုင်ငံဟာ တခြားနိုင်ငံတွေရဲ့နောက်မှာ ကျွန်ရစ်ခဲ့မှာဖြစ်ပါတယ်။

ပူးပေါင်းဆောင်ရွက်ခြင်းကတော့ သိပ်အရေးကြီးပါတယ်။ တစ်ဌာနနဲ့ တစ်ဌာနပူး ပေါင်းဆောင်ရွက်မှုမရှိရင် e-Government ကိစ္စမပြော နဲ့ တခြားကိစ္စတွေမှာလည်း မြန်သင့်သလောက် အောင်မြင်နှန်းက မမြန်နိုင်ပါဘူး။ e-Governmentဆိုတာကတော့ အစိုးရတစ်ခုလုံးနဲ့ဆိုင်တယ်။

ဦးတည်ပြီးတော့ ကြိုးစား

"e-Government လုပ်ဆောင်ခြင်းရဲ့ရည်ရွယ်ချက်ကပြည်သူလူထုအတွက် အဆင်ပြေဖို့ဆိုတဲ့အထဲမှာမြန်မြန်ဆန်ဆန်အလုပ်ပြီးဖို့လည်း ပါတယ်။ နောက်ပြီးတော့ အဂတိလိုက်စားမှု ပပျောက်သွားဖို့လည်း ပါဝင်ပါတယ်။ တချို့ကပြောတာတော့ အဂတိလိုက်စားမှုလုံးဝပပျောက်တဲ့နိုင်ငံ ဒီကမ္ဘာကြီးမှာ မရှိဘူးပေါ့။ ဒါပေမယ့်လည်းနည်းနိုင်သမျှနည်းသွားအောင်လို့ ဦးတည်ပြီးတော့ ကြိုးစားရမှာဖြစ်ပါတယ်။

နောက်တစ်ခုက ကျွန်မတို့နိုင်ငံနဲ့ အစိုးရနဲ့ပတ်သက်လို့ပြောတာက လုပ်ငန်းတွေက နေးကွေးတယ်။ မြန်မြန်ဆန်ဆန်မပြီးဘူး။ မလိုအပ်တဲ့ကြိုး နီစနစ်တွေက ရှုပ်ထွေးနေတယ်။ ဒီဟာတွေကိုရှောင်ရှား ဖို့ရာအတွက်ကို e-Government မြန်မြန်ဆန်ဆန်အ ကောင်အထည်ဖော်ဖို့က အရေးကြီးပါတယ်။

ယခုခေတ်ရဲ့တိုးတက်တဲ့သိပ္ပံ နည်းပညာတွေနဲ့ပတ်သက်ရင် အကျိုးအမြတ်တွေရှိသလို အန္တရာယ်တွေလည်းရှိပါတယ်။ ဒီအန္တရာယ်ကနေ ရှောင်ရှားနိုင်ဖို့အတွက် သတိနဲ့စတင်ပြီး စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ဆုံးဖြတ်သွားဖို့ အရေးကြီးပါ တယ်။

ကြိုတင်ပြင်ဆင်ပြီးကာကွယ်

"ဆိုးကျိုး၊ ကောင်းကျိုးကို တစ်ချိန်လုံးချင့်ချိန်ပြီးတော့ လုပ်သွားရမှာပါ။ ဒီ e-Government လုပ်ရင်အားလုံး ကောင်းတယ်ဆိုပြီး ဒါကိုဖိပြီးတော့ လုပ်လို့လည်းမဖြစ်ပါဘူး။ ကြိုတင်ပြင်ဆင်ပြီး ကာကွယ်တာမလုပ်ရင်နောင် ကျမှမကိုင်တွယ်နိုင်တဲ့အဆင့်ကို ရောက်သွားနိုင်ပါတယ်။

"ဒီလိုနည်းပညာတွေ၊ စနစ်သစ်တွေကို အလွဲသုံးစားမလုပ်ဖို့လည်း အင်မတန်အရေးကြီးပါတယ်။ အလွဲသုံးစားမလုပ်ဖို့ဆိုတာဟာ ကျွန်မတို့ရဲ့အစိုးရပိုင်းဆိုင်ရာကလည်း အလွဲသုံးစားမလုပ်ဖို့၊ ပြည်သူ့ဘက်ကလည်းအလွဲသုံးစားမလုပ်ဖို့၊ ဒုံကြောင့်လုပ်ငန်းအသစ်တစ်ခုကို ဖော်ဆောင်တဲ့နေရာမှာ ဟိုဘက်ဒီဘက်အဘက်ဘက်ကနေ ကြည့်ပြီး ဆုံးဖြတ်ချက်ချစေချင်ပါတယ်။

"ကိုယ်မြင်ချင်တာပဲမြင်လို့ မရပါဘူး။ လုပ်ချင်ဇောနဲ့ ဘာမဆိုအောင်မြင်မယ်။ တကယ်တော့ အောင်မြင်မယ်ဆိုတာ သေသေချာချာစေ့စေ့စပ်စပ် လေ့လာထားလို့မဟုတ်ပါဘူး။ လုပ်ချင်လို့၊ လုပ်ချင်ဇောနဲ့အားနည်းချက်တွေကို မသိချင်ယောင်ဆောင်ပြီး၊ အားသာချက်တွေကို ဖိပြီး နောင်ကျရင်ပြဿနာတွေကို မကိုင်တွယ်နိုင်တဲ့အနေအထားကို ရောက်သွားနိုင်ပါတယ်။

"ဒါကြောင့် တင်ပြကြပါ။ "e-Government ကိုတည်ဆောက်ဖို့ e-Government ကိုမြန်မြန်ဆန်ဆန်အောင်မြင်အောင် ဖော်ဆောင်နိုင်ဖို့ ဘယ်လိုလုပ်သင့်သလဲ၊ ဘယ်လိုကိုယ့်ရဲ့ဌာနအသီးသီး ကိုယ့်တိုင်း၊ ပြည်နယ်အသီးသီးကလည်း ဘယ်လို နည်းနဲ့ကူညီနိုင်မလဲဆိုတာကိုလည်း စဉ်းစားချင်ပါတယ်။

မျက်နှာချင်းဆိုင် ဆွေးနွေးညှိနှိုင်း

"အားလုံးမှာတော့ ကိုယ့်အားသာချက်၊ ကိုယ့်အားနည်းချက်တွေရှိကြမှာပဲ၊ ပူးပေါင်းပြီးဆောင်ရွက်ဖို့ပါပဲ။ ပို့ဆောင်ရေးနဲ့ဆက်သွယ်ရေးဝန်ကြီးဌာနက e-Government နဲ့ ပတ်သက်လို့ အစိုးရနှစ်နှစ်တာတာဝန်ယူကတည်းက ဒါကိုကြိုးပမ်းခဲ့တာပါ။ သို့သော်ငြားလည်း ပူးပေါင်းဆောင်ရွက်မှု၊ ချိတ်ဆက်မှုအားနည်းတာတွေကြောင့် အောင်မြင်သင့်သလောက်၊ မျှော်မှန်းသလောက် တိုးတက်မှုမရှိပါဘူး။ အခွင့်အရေးရှိတုန်းကတော့ ပြည့်ပြည့်စုံစုံဆွေးနွေးစေချင်ပါတယ်။

ပွင့်ပွင့်လင်းလင်း တင်ပြ

"ဥပမာ- ကျွန်းမာရေးနဲ့ e-Government ဘယ်လိုအချိတ်အဆက် ရှိတယ်ဆိုတာကို ကျွန်းမာရေးအတွက် e-Government ဟာ ဘယ်လောက်အထောက်အကူပြုနိုင်မယ်ဆိုတာ ကျွန်းမာရေးဝန်ကြီးဌာနက တင်ပြလာမှ ကျွန်မတို့အားလုံးက ဂယနဏသိမှာပါ။ စိုက်ပျိုးရေးကို အ ခြေပြုတဲ့ နိုင်ငံဖြစ်တဲ့အခါကျတော့ စိုက်ပျိုးရေးကဏ္ဍတိုးတက်အောင်၊ အောင်မြင်အောင်လို့ e-Government ကဘယ်လိုအထောက်အကူပေးနိုင်မလဲ၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနက တင်ပြရမှာဖြစ်ပါတယ်။ ကိုယ့်ရဲ့ဌာနအတွက် အကျိုးအမြတ်တွေရှိနိုင် သလို ကိုယ့်ရဲ့ဌာနကလည်း e-Government အောင်မြင်ရေးအတွက် ပံ့ပိုးနိုင်မလားဆိုတာကို ပွင့်ပွင့်လင်းလင်း တင်ပြကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်"ဟုပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက မြန်မာနိုင်ငံတွင် e-Government လုပ်ငန်းစဉ်များကို ၂၀၀၀ ပြည့်နှစ်မှစတင်ပြီး ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုး၊ လိုအပ်ချက်အမျိုးမျိုးကြောင့် အရှေ့နေးခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ e-Government စနစ်တိုးတက်ကောင်းမွန်လာခြင်းသည် ဒီမိုကရေစီအစိုးရတစ်ရပ်အတွက် ပြည်သူလူထုက အစိုးရ၏ဆောင်ရွက်ချက်များကို ပိုမိုယုံကြည်လာပြီ။ ပြည်သူလူထုအားကိုးရသည့်အစိုးရတစ်ရပ်ဖြစ်လာမည်ဖြစ်ပါကြောင်း၊

e-Government လုပ်ငန်းစဉ်များကိုပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်သွားနိုင်ရန်အတွက် လိုအပ်သည့်မူဝါဒလမ်းစဉ်များကို ချမှတ်ပေးပြီး စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် e-Government ဦးဆောင်ကော်မတီနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊

အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါ အာဆီယံနိုင်ငံများအတွင်း ပူးပေါင်းအကောင်အထည်ဖော်ဆောင်လျက်ရှိသည့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအရ မိမိတို့နိုင်ငံအနေဖြင့် လိုက်ပါဆောင်ရွက်သွားကြရမည့် ကိစ္စများကိုလည်း မျက်ခြည်မပြတ်လေ့လာပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် e-Government ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက e-Government စနစ်တစ်ခုမှ အောင်မြင်လာရန်အတွက် အခြေခံအဆောက်အအုံများ၊ ကွန်ပျူတာစနစ်များ၊ တည်ဆောက်တပ်ဆင်ရုံ၊ Web Page များဖန်တီးတည်ဆောက်ပေးရုံသာမက ပြည်သူများအတွက် အမှန်တကယ်အကျိုးရှိမည့်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်လိုအပ်ပါကြောင်း၊ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ e-Government ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က တိုးတက်များပြားလာမည့် e-Government လုပ်ငန်းစဉ်များအား အမျိုးသားအဆင့်သို့ ဟန်ချက်ညီစွာပေါင်းစပ်အဆင့်မြှင့်တင်ပြီး နိုင်ငံသားများ ပိုမိုကောင်းမွန်သောအွန်လိုင်းဝန်ဆောင်မှုများပေးနိုင်ရန်အတွက် အမျိုးသားအဆင့်သတင်းအချက်အလက် ဗဟိုဌာနကြီးဖြစ်သော e-Government Integrated Data Center (e-GIDC) ကို ကိုရီးယားနိုင်ငံ EDCF ချေးငွေဖြင့် နေပြည်တော်တွင် တည်ဆောက်သွားနိုင်ရန် ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်ရရှိခဲ့သဖြင့် Feasibility Study Report တင်ပြခြင်း၊ Loan Agreement ရေးထိုးခြင်းတို့ ပြီးစီးပါက လုပ်ငန်းလည်ပတ်နိုင်သည်အထိ ၂၀၂၀ပြည့် နှစ်နှစ်ကုန်ပိုင်းတွင် စီမံကိန်းပြီးစီးအောင် စီမံဆောင်ရွက်လျက်ရှိပါကြောင်းစသဖြင့် e-Government လုပ်ငန်းစဉ်များကို အကျယ်တဝင့်ရှင်းလင်းတင်ပြသည်။

အကြံပြုချက်များဆွေးနွေး

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များက e-Government လုပ်ငန်းစဉ်များကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ချက်များနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်းသိရသည်။

(သတင်းအဖွဲ့)

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဝန်ထမ်းအဖွ
အဆင့် (၁) မှ (၃) အ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်းနှင့် အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းများတွင် ထူးချွန်ဆုအဆင့် (၁) မှ (၃) အတွင်း ရရှိသူများအား ထပ်ဆင့်ဂုဏ်ပြုပွဲအခမ်းအနားကို ဧပြီလ (၁၁) ရက်နေ့ ညပိုင်းတွင် နေပြည်တော်ရှိရုံးအမှတ် (၂၉) အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်မှ အမှာစကားပြောကြားပါသည်။ ၎င်းနောက် ပြည်ထောင်စုဝန်ကြီးမှ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်းအ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် မြန်မာ–ဗီယက်နမ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့



ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ နိုင်ငံတော်ဝန်ကြီးချုပ် H.E. Mr. Nguyen Xuân Phúc ၏ ဖိတ်ကြားချက်အရ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ရန်အတွက် ဧပြီလ ၁၉ရက်၊ ၀၈း၀၀ နာရီချိန်တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာအမျိုးသားလေကြောင်းအထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါသွားကြောင်းသိရှိရပါသည်။

ဟန္ဒိုင်းမြို့ရောက်ရှိ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နံနက်ဒေသစံတော်ချိန် ၁၀း၀၅ နာရီတွင် ဗီယက်နမ်နိုင်ငံ၊ ဟန္ဒိုင်းမြို့ Noi Bai နိုင်ငံတကာလေဆိပ်သို့ ရောက်ရှိခဲ့ကြပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့အား ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Đang đình Quý ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E. Dr. Luan Thuy Duong ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့်ဇနီးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ခရီးဦးကြိုဆိုခဲ့ကြပါသည်။

သူရဲကောင်းစစ်သည်မိမ္မာန်တွင် ပြုလုပ်သည့် ပန်းခွေချ အခမ်းအနားသို့တက်ရောက်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဧပြီလ၁၉ရက်၊ ဒေသစံတော်ချိန် ၁၄း၂၀ နာရီတွင် ဟန္ဒိုင်းမြို့၊ သူရဲကောင်းစစ်သည်မိမ္မာန်တွင် ကျင်းပပြုလုပ်သည့် ပန်းခွေချအခမ်းအနားသို့ တက်ရောက်ပန်းခွေချခဲ့ပါသည်။

မြန်မာ–ဗီယက်နမ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့တက်ရောက်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဧပြီလ၁၉ရက်၊ နေ့လယ်ပိုင်းတွင် ဗီယက်နမ်နိုင်ငံ သမ္မတအိမ်တော်၌ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Nguyen Xuân Phúc မှ ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် ရှေးဦးစွာ ဗီယက်နမ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က မြန်မာ–ဗီယက်နမ်နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကိုတီးမှုတ်၍ အလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Nguyen Xuân Phúc နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့အားစစ်ဆေးပြီးနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူကြပါသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်တို့သည် ဗီယက်နမ်နိုင်ငံ အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် နှစ်နိုင်ငံဆွေးနွေးပွဲသို့တက်ရောက်ခဲ့ကြပါသည်။ ဆွေးနွေးပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ စီမံကိန်းနှင့် ဘဏ္ဍာ

စာ- ၂၀ »

...ခွဲ့အစည်းအကြီးအမှူးသင်တန်းနှင့် အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းများတွင် ...အတွင်းရရှိသူများအား ဂုဏ်ပြုဆုများပေးအပ် ချီးမြှင့်

...ကြားရေးမှူးချုပ်၊ ဦးအောင်ကျော်ထွန်းနှင့် သင်တန်းအမှတ်စဉ် (၁) အောက် မြန်မာပြည် (A+3) အဆင့်ရရှိသူ ရထားဝန်ကြီးရုံး၊ ဒုတိယအမြဲတမ်းအတွင်းဝန် သူရဦးအောင်မျိုးမြင့်အားလည်းကောင်း၊ အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၁) အထက်မြန်မာပြည် (A+2) အဆင့်ရရှိသူ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးထွန်းနိုင်ဝင်း၊ သင်တန်းအမှတ်စဉ် (၂)၊ အထက်မြန်မာပြည် (A+1) အဆင့်ရရှိသူ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစိုးပိုင်၊ သင်တန်းအမှတ်စဉ် (၁၀) အောက်မြန်မာပြည် (A+1) အဆင့်ရရှိသူ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကိုယ်စားလှယ်လုပ်ငန်းဌာန၊ ဒုတိယအထွေထွေမန်နေဂျာ ဦးဇော်ထွန်းလွင်တို့အား ပြည်ထောင်စုဝန်ကြီးမှ ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ခဲ့ကြသည်။

ထို့နောက် ဆုရသင်တန်းသားများကိုယ်စား လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှူးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ချုပ် ဦးအောင်ကျော်ထွန်းမှ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။ တင်မောင်–ပို့/ဆက်

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း အပိုင်း(၅)

သင်ကြားလေ့ကျင့်ရေး (သင်တန်းပစ္စည်း) ဌာနခွဲ စတိုပစ္စည်းသင်တန်း

ရည်ရွယ်ချက်-

စတိုတာဝန်ထမ်းဆောင်သော ဝန်ထမ်းများအနေဖြင့် ပစ္စည်းများဝယ်ယူရန် ခန့်မှန်းတွက်ချက်ခြင်း၊ ပစ္စည်းများ ဝယ်ယူခြင်း၊ ပစ္စည်းများစနစ်တကျလက်ခံခြင်း၊ ပစ္စည်းများ စနစ်တကျထားသိုထိန်းသိမ်းခြင်း၊ ပစ္စည်းများစနစ်တကျ ထုတ်ပေးခြင်းစသည်ဖြင့် ကွန်ပျူတာစနစ်ဖြင့်ဆောင်ရွက် နိုင်ခြင်း၊ ပစ္စည်းများလေလွင့်ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေ ခြင်းဖြင့် နိုင်ငံတော်ဘဏ္ဍာဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ရန် ရည်ရွယ်သည်။

ရရှိမည့်အရည်အချင်း-

အပြည်ပြည်ဆိုင်ရာနည်းစနစ်များအရ ပစ္စည်းများအား မှာကြားဝယ်ယူခြင်း၊ ပစ္စည်းများအားလက်ခံခြင်း၊ စနစ်တ ကျထားသိုထိန်းသိမ်းခြင်း၊ စနစ်တကျထုတ်ပေးခြင်း၊ ပ စ္စည်းစာရင်းများစစ်ဆေးခြင်းနှင့် စာရင်းမှပယ်ဖျက်ခြင်း လုပ်ငန်းများအား လုပ်ထုံးလုပ်နည်းနှင့်အညီဆောင် ရွက်ထားစေရမည်ဖြစ်သည်။

သင်တန်းဝင်အရည်အချင်း-

သင်တန်းသို့မူလသတ်မှတ်ချက် အနည်းဆုံးအခြေခံ ညာအထက်တန်း အောင်မြင်ပြီးသူများဖြစ်ရမည်သတ် မှတ်ထားသော်လည်း မိမိဌာနတွင်စတိုလုပ်ငန်းဆောင် ရွက်နေသော ဝန်ထမ်း(သို့) အနည်းဆုံးအခြေခံပညာ အလယ်တန်းအောင်မြင်ပြီးသူများဖြစ်ရမည်ဟု ပြင်ဆင် သတ်မှတ်ခဲ့ပြီး ၊ အသက် (၅၅) နှစ်ထက်မကျော်ရှိ ကျန်း မာရေးပြည့်စုံကောင်းမွန်သူဖြစ်ရမည်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းအဖွဲ့အစည်းများမှ ရွေးချယ်စေလွှတ်ခြင်းခံရသော အထက်ပါအချက်များနှင့် ကိုက်ညီသူဝန်ထမ်းဖြစ်ရမည်။

သင်ကြားပို့ချရမည့် ဘာသာရပ်များ-

သင်တန်းတွင်စတိုလုပ်ငန်းဘာသာရပ်၊ နိုင်ငံ့ဝန်ထမ်းဥ ပဒေဘာသာရပ်၊ ရုံးလုပ်ငန်းဘာသာရပ်၊ စတိုငွေစာရင်း ဘာသာရပ်၊ ပစ္စည်းဖြည့်တင်းမှာကြားခြင်းဘာသာရပ်၊ ဆက်သွယ်ရေးစတိုလုပ်ငန်း၊ မြို့ပြအင်ဂျင်နီယာဌာနလက် စွဲဥပဒေ အခန်း(၁၀) နှင့် (၁၁) ၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင် နီယာဌာန၊ စတိုလုပ်ငန်းဆောင်ရွက်ချက်များနှင့် အခြေခံ ကွန်ပျူတာဘာသာရပ်များ သင်ကြားပို့ချပေးသည်။

ဘာသာရပ်များ ထပ်မံထည့်သွင်းခြင်း-

စတိုလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ခေတ်နှင့်အညီ လိုက်လျောပေါင်းစပ်လုပ်ကိုင်နိုင်ရန် အခြေခံကွန်ပျူတာ ဘာသာရပ်များပို့ချသင်ကြားပေးသည့်အပြင် ယခုအခါ ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသူများဖြင့်ပူးပေါင်း၍ Store Program Software ရေးဆွဲအသုံးပြုနိုင်ရန် L-AN နှင့်ချိတ်ဆက်ပြီး ဆက်သွယ်အသုံးပြုနိုင်ရန် inventory Control Course ထည့်သွင်းပို့ချနိုင်ရန်ဆောင် ရွက်ထားသည်။

မြန်မာ့စာတိုက်လုပ်ငန်း သင်တန်းဌာနခွဲ

စာတိုက်မှူးနှင့်စာတိုက်ငွေစာရင်းသင်တန်း

ရည်ရွယ်ချက်-

မြန်မာ့စာတိုက်လုပ်ငန်းရှိ၊ စာတိုက်ဝန်ထမ်းများအား ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် နေ့စဉ်၊ လစဉ်ဆောင်ရွက်ရ သည့်လုပ်ငန်းများတွင် စာတိုက်ဥပဒေ၊ နည်းပညာဥပဒေ၊ လုပ်ထုံးလုပ်နည်း/ ညွှန်ကြားချက်များနှင့်အညီဆောင် ရွက်တတ်စေရန် သက်ဆိုင်သည့်ဘာသာရပ်များအားစ နစ်တကျ သင်ကြားပေးရန်ရည်ရွယ်သည်။

ရရှိမည့်အရည်အချင်းများ-

စီမံခန့်ခွဲမှုနှင့်နေ့စဉ်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက် ရာတွင်လုံ့လောက်သော လုပ်ငန်းလမ်းညွှန်ချက်များကို စနစ်တကျလေ့ကျင့်သင်ကြားခြင်းဖြင့် မြန်မာ့စာတိုက်လုပ် ငန်း၏ကဏ္ဍအသီးသီးတွင် တာဝန်ယူဆောင်ရွက်ကြမည့် ဝန်ထမ်းများအတွက် လုပ်ငန်းများပိုမိုထိရောက်အောင် မြင်စွာဆောင်ရွက်နိုင်ပြီး ပြည်သူများကိုကောင်းမွန်သော ဝန်ဆောင်မှုများ ပေးအပ်နိုင်ရမည်ဖြစ်သည်။

သင်တန်းဝင်အရည်အချင်း-

လက်ရှိစာတိုက်မှူးတာဝန် ထမ်းဆောင်နေသော(သို့) စာတိုက်မှူးတာဝန်ပေးအပ်ရန်ရှိသော ဆက်သွယ်ရေး(၄)၊ ဆက်သွယ်ရေး (၃) ဝန်ထမ်းများ။ စာတိုက်ငွေစာရင်းဌာ နများတွင် တာဝန်ထမ်းဆောင်လျက်ရှိသူများနှင့်စာ တိုက်ငွေစာရင်းဌာနများတွင် တာဝန်ပေးအပ်ရန်လျှာထား ခြင်းခံရသူများဖြစ်ပြီး ကျန်းမာရေးပြည့်စုံကောင်းမွန်သူ များဖြစ်ရမည်။

သင်တန်းတက်ရောက်မည့်သူများ-

မြန်မာ့စာတိုက်လုပ်ငန်းရှိရုံးချုပ်၊ တိုင်းဒေသကြီး/ပြည် နယ်မန်နေဂျာရုံးများ၊ အခြေစိုက်ရုံးများ၊ စာတိုက်များ၊ ငွေစာရင်းဌာနများ/ စာတိုက်ငွေစာရင်းဌာနများအသီး သီးတို့မှ သင်တန်းဝင်အရည်အချင်းများနှင့်ပြည့်စုံကိုက် ညီသဖြင့် ရွေးချယ်စေလွှတ်ခြင်းခံရသူများဖြစ်ရမည်။

သင်ကြားပို့ချမည့်ဘာသာရပ်များ-

သင်တန်းတွင်အခြေခံစစ်ရေးပြဘာသာရပ်၊ စာတိုက် လုပ်ငန်းဆောင်ရွက်မှုဘာသာရပ်၊ ချောလုပ်ငန်း၊ စီမံခန့်ခွဲ ခြင်းနှင့်ကြီးကြပ်ကွပ်ကဲခြင်းဘာသာရပ်၊ ကြေးနန်းလုပ်ငန်း ဘာသာရပ်၊ အင်္ဂလိပ်စာဘာသာရပ်၊ စာတိုက်ငွေစာရင်း လုပ်ငန်းဘာသာရပ်၊ စာတိုက်ငွေစာရင်းရေးသွင်းခြင်း (လက်တွေ့) ဘာသာရပ်၊ ဝန်ထမ်းကျင့်ဝတ်နှင့်စိတ်ဓာတ် စည်းကမ်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ ကျောင်းအုပ်ကြီး / ဒုတိယကျောင်းအုပ်ကြီး/ ဒုတိယညွှန်ကြားရေးမှူးတို့ မှသင်ခန်းစာများပို့ချပေးသည်။

မော်တော်ယာဉ်သင်တန်းဌာနခွဲ

အခြေခံယာဉ်မောင်းစက်ပြင် (အထူး) သင်တန်း

ရည်ရွယ်ချက်-

စာ- ၂၀ »

မြန်မာ့စာတိုက်လုပ်ငန်းမှ လုပ်ငန်းပြည့်စာတိုက်သစ် ဖွင့်လှစ်

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနမြန်မာ့စာတိုက်လုပ်ငန်းစစ်ကိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ အမြင့်စာတိုက်အဆင့်(၇)ရုံးအား(၇၈၄)ရုံးမြောက်အဆင့်(၅)လုပ်ငန်းပြည့်စာတိုက်အဖြစ်တိုးမြှင့်ဖွင့်လှစ်သည့်အခမ်းအနားအားမြန်မာ့စာတိုက်လုပ်ငန်း ၃နှစ်ပြည့်မြောက်သည့်ဧပြီလ ၁ရက်နေ့နံနက် ၁၀ နာရီကကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

စာတိုက်ဖွင့်ပွဲအခမ်းအနားသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန်၊ မြန်မာ့စာတိုက်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ တိုင်းဒေသကြီးမန်နေဂျာ၊ မြန်မာ့စာတိုက်လုပ်ငန်းမှတိုင်းဒေသကြီးမန်နေဂျာနှင့် အရာထမ်း၊ အမှုထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန်မှ အမှတ်တရစကားပြောကြားပြီး၊ မြန်မာ့စာတိုက်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးမှအဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက်အမြင့်ကျေးရွာအုပ်ချုပ်ရေးမှူးမှ ကျေးဇူးတင်စကားပြန်လည်ပြောကြားက၊ စာတိုက်အားဖဲကြိုးဖြတ်ဖွင့်လှစ်၍၊ စာတိုက်ဆိုင်းဘုတ်အသစ်အား၊ အမွေးနံ့သာများပက်ဖျန်းကာစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ပြီး နံနက် ၁၁ နာရီခွဲတွင်အခမ်းအနားအောင်မြင်စွာပြီးဆုံးကြောင်းသိရသည်။

လှမျိုး-ဆ.သ.ရ

မြန်မာနိုင်ငံအမျိုးသားအဆင့် ရေနံယိုဖိတ်မှု တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ရေးဆွဲလျက်ရှိ

မြန်မာ့ရေပြင်နှင့် ရန်ကုန်မြစ်ကြောင်းအတွင်း ရေကြောင်းသွားလာမှုများပြားလာခြင်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းသို့ တန်ချိန်သိန်းချီသည့် ရေနံတင်သင်္ဘောကြီးများ ဆိုက်ကပ်လာခြင်းများကြောင့် ရေနံယိုဖိတ်မှုဖြစ်ပွားနိုင်ခြေ (Risk of accidental pollution) မြင့်မားလာသည့်အတွက် ရေထုညစ်ညမ်းမှု မတော်တဆဖြစ်ပွားလာပါက တုံ့ပြန်ဆောင်ရွက်နိုင်မည့်အစီအမံများ ထားရှိရန်လိုအပ်လျက်ရှိသည်။

မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးထားသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများဖြစ်သည့် UNCLOS ၊ MARPOL နှင့် OPRC Convention များအရလည်းကောင်း။ အာဆီယံပူးပေါင်းဆောင်ရွက်ရေးနားလည်မှုသဘောတူစာချုပ် (ASEAN MOU) အရလည်းကောင်း ရေနံယိုဖိတ်မှုတုံ့ပြန်ဆောင်ရွက်ရေး စီမံချက်အား ရေးဆွဲထားရှိရမည် ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ပြဋ္ဌာန်းထားသောဥပဒေများဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေများအရရေထုညစ်ညမ်းမှု ဖြစ်ပွားလာပါက တုံ့ပြန်ဆောင်ရွက်ရမည့် အစီအမံများ ကြိုတင်ရေးဆွဲထားရှိရန်လိုအပ်ပါသည်။

သို့ဖြစ်၍ အမျိုးသားအဆင့်ရေနံယိုဖိတ်မှု တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် (National Oil Spill Contingency Plan) ရေးဆွဲရေးအဖွဲ့ (National Task Force) ဖွဲ့စည်း၍ ရေးဆွဲဆောင်ရွက်လျက်ရှိရာ ဆဋ္ဌမအကြိမ်မြောက်ညှိနှိုင်းအစည်းအဝေးကို ၂၀၁၈ခုနှစ်၊ ဧပြီလ (၁၁)ရက်နေ့၊ နံနက် (၁၀)နာရီတွင် ရန်ကုန်မြို့၊ သိမ်ဖြူလမ်းရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါအစည်းအဝေးသို့ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ တပ်မတော်(ရေ)၊ မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းနှင့် ရန်ကုန်စည်ပင်သာယာရေးကော်မတီမှ ကိုယ်စားလှယ်များ၊ Ms. Kathrine Idas နှင့် Ms. Synnove Lunde ၊ IPIECA IMO-GISEA မှ Project Manager Ms. Amanda Hwa Ling Chee ၊ မြန်မာနိုင်ငံရေကြောင်း အတတ်ပညာရှင်များအသင်းနှင့် ပြည်တွင်းမှ အကြံပေးပညာရှင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါမြန်မာနိုင်ငံအမျိုးသားအဆင့် ရေနံယိုဖိတ်မှု တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်အား ၂၀၁၈ခုနှစ်အတွင်း အပြီးသတ်ရေးဆွဲသွားရန် လျာထားလျက်ရှိပြီး မြန်မာနိုင်ငံနှင့် နော်ဝေနိုင်ငံ နှစ်နိုင်ငံပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအကြား Institutional Cooperation Contract အား လက်မှတ်ရေးထိုး၍ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန်ရှိကြောင်း သိရှိရသည်။

တင်မောင်-ပို့/ဆက်

ဆိပ်ကမ်းလုံခြုံရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့(U.S Coast Guard) မြန်မာနိုင်ငံသို့ လာရောက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် အမေရိကန်နိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့အကြား ဆိပ်ကမ်းလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (International Port Security Program) အရ အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့မှ Lt. Commander Ezekiel John Lyons ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံရှိ ဆိပ်ကမ်းများသို့ ၂၀၁၈ခုနှစ်၊ ဧပြီလ (၉)ရက်နေ့မှ (၁၀)ရက်နေ့အထိ လာရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှု၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ကုန်သွယ်မှုပြုလုပ်ရာတွင် လုံခြုံချောမွေ့ရေးနှင့် လွယ်ကူလျင်မြန်စေရေးအတွက်လည်းကောင်း။ မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးထားသော SOLAS Convention အရ အပြည်ပြည်ဆိုင်ရာသင်္ဘောနှင့် ဆိပ်ကမ်းလုံခြုံရေးကိစ္စရပ်များနှင့် ပတ်သက်၍ IMO မှ ပြဋ္ဌာန်းထားသည့် International Ship and Port Facility Security (ISPS) Code အား မြန်မာနိုင်ငံလိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား ကြည့်ရှုလေ့လာအကဲဖြတ်နိုင်ရေးအတွက်လည်းကောင်း လာရောက်ခြင်းဖြစ်သည်။ အဆိုပါ Supply chain security အကဲဖြတ်ချက်မှတ်တမ်းများသည် မြန်မာနိုင်ငံမှ တင်ပို့ကုန်များအား လွယ်ကူချောမွေ့စွာကုန်သွယ်မှုပြုနိုင်ရေးတွင် များစွာအထောက်အကူရရှိစေနိုင်သည်ဟု သိရှိရသည်။

လေ့လာရေးခရီးစဉ်အတွင်း ရန်ကုန်ဆိပ်ကမ်းရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများအနက် The Myanmar Terminal (TMT) နှင့် Asia World Port Terminal ဆိပ်ကမ်းတို့၏ ဆိပ်ကမ်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုလေ့လာခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြား ဆိပ်ကမ်းလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (IPS Program) မှာ ၂၀၁၁ ခုနှစ်မှစတင်၍ ပူးပေါင်းဆောင်ရွက်လျှက်ရှိကြောင်း သိရှိရသည်။

တင်မောင်-ပို့/ဆက်

PHOTO NEWS

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီး ရထားရန်ကုန်ဘူတာကြီးတွင် ဧပြီလ ၁၇ ရက်ညနေ ၄ နာရီက သံယာတော်များပင့်ဖိတ်၍ နှစ်သစ်ကူးပရိတ်တရား အား ရုံးပိုင်ချုပ်ကြီးဦးအောင်နိုင်မြင့်ဦးဆောင်ပြီးတာဝန်ကျခန်ထမ်းများ တရားတော်နာယူနေစဉ်။

ကျော်ကျော်

E-Band လှိုင်းနှုန်းများလျှော်ထားရယူနိုင်ကြောင်းအသိပေး

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် E-Band(up link)71.125GHz~75.875GHz DownLink 81.125GHz~85.876 GHz)အတွင်းရှိလှိုင်းနှုန်းများအား ITU Recommendation နှင့်အညီ 250MHz bandwidth ရှိ Channel များအား(၅)နှစ်သက်တမ်းရှိသော လှိုင်းနှုန်းစဉ်အသုံးပြုခွင့်အဖြစ်၊ သတ်မှတ်ချထားပေးသွားမည်၊ ဖြစ်ပါသဖြင့် အသေးစိတ်အချက်အလက်များကိုပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန Webpage ဖြစ်သည့် www.motc.gov.mm/my/news တွင်ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းသိရသည်။

ဆသရ(ဦးစီး)

» စာ-၉

ပါပြီ။ ဒီနှစ်ထဲမှာတော့ မဲဏ-နန်စီအောင် (၉) ချောင်းဆက်နိုင်မည် ထင်ပါသည်။

ရန်ကုန်-မော်လမြိုင်လမ်းမှာမနှစ်က ပဲခူး-တောင်စွန်းပြီးသည်။ ဒီနှစ် တောင်စွန်း-သထုံ။ ၂၀၁၇-၂၀၁၈ ဖြည့်စွက်ရံပုံငွေ (RE) မှာ သထုံ-မော်လမြိုင်အတွက် တောင်းထားသည်။ ရန်ကုန်-မော်လမြိုင် ရထားလမ်းကို မိုင် ၄၀ နှုန်း မောင်းနိုင်လျှင် ၆ နာရီခွဲနဲ့ရောက်နိုင်မည်။ အရင်က ရန်ကုန်-မုတ္တမကို ဒီအချိန်နှင့် ခုတ်မောင်းခဲ့ကြပါသည်။ ယခုမှ မူလအခြေအနေကို ပြန်ရောက်မည်ဖြစ်သည်။

ရန်ကုန်-ပြည်ကလည်း အရေးပါပါသည်။ ရန်ကုန်-ပြည်-တောင်တွင်းကြီး-ပုဂံလမ်းသည် ခရီးသွားလုပ်ငန်း (Tourism) အတွက် အရေးပါလာမည်။ ရန်ကုန်-ပြည် အတွက် မိမိဘတ်ဂျက်နှင့်လုပ်ဖို့ စဉ်းစားခဲ့သော်လည်း ဘတ်ဂျက်ရရှိမှုက မလွယ်လှကြောင်း ညည်းမိသဖြင့် ADB က ကူညီဖို့ကမ်းလှမ်းလာပါသည်။ ADB ၏ မီးရထားအကြံပေးပညာရှင်တစ်ဦးဖြစ်သော Mr.Dick Bullock ၏ မိတ်ဆွေအပေါင်းအသင်း ဩစတြေးလျှနိုင်ငံသားအင်ဂျင်နီယာများဖြစ်သည့် Mr.Martin Baggott တို့၊ Mr. Jozef Dudyk တို့က ရထားသံလမ်းနဲ့တံတားတွေကိုကျွမ်းကျင်တဲ့သူတွေဖြစ်ကြပြီး ကွင်းဆင်းလေ့လာပေးကြသည်။ စိတ်ရောကိုယ်ပါကူညီကြပါသည်။ ၂၀၁၉ ခုနှစ်ထဲမှာမှချွေးငွေပေးမှာဖြစ်သော်လည်း ၂၀၁၈-၂၀၁၉ ခုနှစ်ကတည်းက မြန်မာငွေ (ဘတ်ဂျက်) နှင့် လမ်းခင်းကျောက် စုဆောင်းဝယ်ယူ၊ ကွန်ကရစ်တံတား အသေးတွေလောင်းတံတားငယ်တွေပြင်၊ စတင်ဆောင်ရွက်နှင့်ရပါမည်။ ကီလိုမီတာ (၈၀) နှုန်း၊ ဝန်ရိုးဝန်ချိန် (၁၇) တန်ဖြစ်ပြီး၊ တံတားတွေချဲ့ရပါမည်။ ၂၀၂၀-၂၀၂၁ အပြီးဟု ရည်ညွှန်းခဲ့ကြပါသည်။

ကျွန်တော့အတွက်မဖြစ်မနေလုပ်ရမည့် အလုပ်မှာတော့ သံလမ်းပြုပြင်ထိန်းသိမ်းရေးကို လူချည်းသက်သက်ဖြင့် မလုပ်တော့ဘဲ Semi-mechanized System ဖြစ်သည့် စက်ထိန်းဝိုဏ်းများနှင့် ပြုပြင်ရန်ဖြစ်ပါသည်။ အဖွဲ့တစ်ဖွဲ့မှာ Hand Tie tamper နှစ်စုံ၊ Track Jack (၄) ခု၊ မီးစက် (၁) လုံး၊ RGC (၁)စီး၊ လမ်းမိုလ်လတ်၊ လမ်းမိုလ်လေ။ RGC ယာဉ်မောင်းနှင့် အလုပ်သမား (၉) ဦးဖြင့် ဖွဲ့စည်းဖို့စဉ်းစားထားပါသည်။ အဓိကလမ်းမကြီးလေးခုကို Fully Mechanized System နှင့် ပြုပြင်ထိန်းသိမ်းပြီး၊ ကျွန်လမ်းပိုင်းအားလုံးကို ထိုစက်ထိန်းများနှင့် ပြုပြင်လျှင် တဖြည်းဖြည်းအဆင့်မီသောလမ်းများ ဖြစ်လာပါမည်။

ဒုတိယအလုပ်ချင်ဆုံးအလုပ်မှာ ရထားသွားလာရေးစနစ်နှင့် အချက်ပြစနစ်ပြောင်းလဲရေး ဖြစ်ပါသည်။ လက်ရှိအခြေအနေမှာ ရှေးရှေးကသုံးခဲ့သော စက္ကူလမ်းရှင်းစနစ် (Paper Line Clear System) နှင့် အလံရှက်အချက်ပြစနစ်များ (Semaphore Signals) နေရာတွင် ဝိုမိုစိတ်ချရသော တစ်ဝက်တစ်ပျက် အလိုအလျောက်စနစ် (Semi-Automatic Block System) နှင့် မီးရောင်စုံအချက်ပြစနစ်များ (Colored Light Signals) ဖြစ်ချင်သည်။ ဆက်သွယ်ရေးကလည်း Optical Fibre Cable ဖြစ်ရမည်။ သို့မှသာ နောင်တွင် Ticketing System နှင့် Booking System တွေအဆင့်မြှင့်နိုင်မည်။

လမ်းပိုင်းများ ပြုပြင်မွမ်းမံရုံမျှဖြင့် မပြီးသေးပါ။ စက်ခေါင်းတွဲများ ကောင်းဖို့လိုပါသေးသည်။ စက်ခေါင်းအခြေအနေက လောလောဆယ်သိပ်မလိုသေး။ အိန္ဒိယချေးငွေဖြင့် ရစရာ၊ တရုတ်စက်ခေါင်းရုံက အသစ်ထုတ်လုပ်စရာနှင့်ဆိုလျှင် ပူစရာသိပ်မရှိသေးဟု တင်ပြကြပါသည်။ တွဲမှာတော့ မြစ်ငယ်မှာအသစ်တည်ဆောက်မည့် (၂၁) တွဲ၊ တရုတ်မှ ထပ်မံရရှိရန် (၂၈) တွဲ၊ ကိုရီးယားချေးငွေတွဲ (၁၀၀) ဖြစ်၍ အတိုင်းအတာတစ်ရပ်အထိ လုံလောက်နိုင်ပါသည်။

"ဝန်ကြီးခင်ဗျား-လမ်း၊ တံတား။ စက်ခေါင်းတွဲများ ကောင်းမွန်လာလျှင် မြန်မာ့မီးရထားကြီး တိုးတက်လာမည်ဟု ထင်ပါသလား။ မတိုးတက်နိုင်ပါခင်ဗျား။ ဝန်ထမ်းများ အနေဖြင့် ခရီးသည်နှင့် ကုန်ပို့သူများကို ဝန်ဆောင်မှု ကောင်းကောင်း ပေးလိုသောစိတ်၊ ခရီးသည်တို့အပေါ် စေတနာအရင်းခံဖြင့် စောင့်ရှောက်ကူညီလိုသောစိတ်၊ အကျိုးဆောင်လိုသောစိတ်တို့ မွေးမြူနိုင်မှသာ မြန်မာ့မီးရထားတိုးတက်လာပါမည်" ဟု ဂျပန်မိတ်ဆွေကြီး Mr. Higashi (Railway Expert) က သတိပေးသည်ကို ကျေးဇူးတင်လှပါသည်။ တကယ်လည်း မှန်ကန်ပါသည်။ ရထားသည် ပြည်သူလူထုကို လိုရာခရီးကိုပို့ပေးသော ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပါသည်။ သက်တောင့်သက်သာရှိဖို့၊ စိတ်ချမ်းသာဖို့၊ လုံခြုံစိတ်ချရဖို့၊ မြန်မြန်ရောက်ဖို့အရေးကြီးပါသည်။

အရင်က လူထုက ရထားကိုအားကိုးကြရသည်။ လက်မှတ်ရဖို့ခက်၊ ကုန်တင်ဖို့ခက်။ အခုတော့ ခက်တဲ့ရထားကို အားမကိုးကြတော့ပြီ။ သို့ဖြစ်၍ ရထားဝန်ထမ်းများက စိတ်ဓာတ်ပြောင်းကြရတော့မည်။ ရထားသည် ခရီးသည်များအတွက် ပြေးဆွဲခြင်းဖြစ်သည်။ ခရီးသည်တွေ စိတ်ကျေနပ်ဖို့ ကြိုးစားကြရမည်။ စိတ်ကျေနပ်လောက်သော မြန်ဆန်မှု၊ လုံခြုံစိတ်ချရမှု၊ သက်တောင့်သက်သာရှိမှု၊ စိတ်ချမ်းသာမှုရှိစေရမည်။ ထိုသို့ဖြစ်နိုင်သော စက်ခေါင်းတွဲ၊ ထိုင်ခုံ၊ သန့်ရှင်းသပ်ရပ်မှု၊ ဘူတာရုံ၊ စက်ခြံန်၊ အိမ်သာ၊ ရေ၊ မီး တည်ဆောက်ကြရမည်။ စက်မှုကကိုယ်လုပ်ချင်တာလုပ်၊ မြို့ပြက ကိုယ်လုပ်ချင်တာလုပ်၊ သွားလာ၊ စီးပွားကလည်း ဖြစ်ချင်သလိုဖြစ် လုပ်၍မရပါ။

ပြည်သူလူထုအတွက် ပြေးဆွဲသောရထား။ ခရီးသည်တွေချစ်ခင်အားကိုးသော စီးချင်စဖွယ်ရထားဖြစ်ပေါ်လာရေးဟူသည့် တစ်ခုတည်းသော ဦးတည်ချက်။ ထိုဦးတည်ချက်ကို တစ်ဦးကောင်းတစ်ယောက်ကောင်း၊ တစ်ဌာနကောင်းဖြင့် အကောင်အထည်ဖော်၍ မရပါ။ "တစ်စိတ်တစ်ဝမ်းတစ်လက်ညီ ပြည်ရေးကို ပြိုင်တူချီ" ကြရမည်။

"ဝန်ထမ်းအရေးကို မကြည့်တော့ဘူးလားဆရာရယ်" ဟူ၍ မေးမြန်းလာသော တပည့်ကိုကြည့်၍ စိတ်မကောင်းဖြစ်ရပါသည်။ မိုးမလုံသော ဝန်ထမ်းအိမ်ယာ၊ အိပ်ခန်းမရှိ၍ ဘူတာမှာ အဖီချနေရသော ဝန်ထမ်း၊ နေစရာမရှိသော ပင်စင်စားများ၊ တွေးမိတိုင်း မချိတင်ကဲခံစားရပါသည်။ ရှိပြီးသော ဝန်ထမ်းအိမ်ယာများ မိုးလုံလေလုံအောင်၊ လုံခြုံစိတ်ချရအောင်၊ ဘူတာရုံ၊ စက်ရုံ၊ အလုပ်ရုံများ မွမ်းမံထိန်းသိမ်းနိုင်အောင် လုပ်နိုင်သမျှလုပ်မည်ဟုရည်မှန်းထားပါသည်။ အားလုံးချွတ်ခြုံကျနေသည်ကို တစ်ရက်တစ်မနက်တည်း မဖြေရှင်းနိုင်သည်ကို နားလည်နိုင်ကြပါစေဟုသာ ဆုတောင်းရပါသည်။

ဒီဝိုဂရေစီခရီးသည် ရှည်လျားလှပါသည်။ မာရသွန်ခရီးရှည်အတွက် စိတ်အားသတ္တိလိုအပ်ပါသည်။ လုံ့လဝီရိယ၊ ဥာဏ်အမြော်အမြင်၊ နှလုံးရည်လိုအပ်ပါသည်။ အစစအရာရာ အောက်ကျနောက်ကျနိုင်လှသော တိုင်းပြည်ကို ပြန်လည်ထူထောင်နေခြင်းဖြစ်သည်။ စနစ်ပြောင်း ခေတ်ပြောင်း၊ စိတ်ဓာတ်ပြောင်းဘို့ ပြည်သူလူထုနှင့်အတူ ဝန်ထမ်းများနှင့်အတူ ကျွန်တော်လည်း ရုန်းပါမည်။

» စာ-၁၇

ရေဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များလည်း တက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံခေါင်းဆောင်များသည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် သမ္မတ ဟိုချီမင်းလက်ထက်တွင် စတင်သန္ဓေတည်ခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်များအဆက်ဆက်နှင့် ပြည်သူများမှ လက်ဆင့်ကမ်းခဲ့ကြသော မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာနေထိုင်ခဲ့ကြသည့် အစဉ်အလာနှင့်အတူတကွ ပူးပေါင်းဆောင်ရွက်မှုများကိုလည်းကောင်း၊ လွန်ခဲ့သည့်နှစ်များအတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးတွင် အပြုသဘောဆောင်သော တိုးတက်မှုများ၊ အထူးသဖြင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် နှစ်နိုင်ငံဆက်ဆံရေးကို ဘက်စုံပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်နိုင်ခဲ့ခြင်းကိုလည်းကောင်းသုံးသပ်ပြောကြားခဲ့ကြပြီး နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ စွမ်းအင်နှင့် ဆက်သွယ်ရေး၊ ကမ္ဘာလုည်ခရီးသွားလုပ်ငန်း၊ ပညာရေးစသည့်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် ပြည်သူများအကြား အပြန်အလှန် ထိတွေ့ဖလှယ်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အစိုးရအဖွဲ့ရုံးဌ ပြုလုပ်သည့် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။ လက်မှတ်ရေးထိုးပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Phan Tam တို့မှ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား စာတိုက်၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနားလည်မှုစာချွန်လွှာကိုလည်းကောင်း၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Phan Tam တို့မှ နှစ်နိုင်ငံအကြား မြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနားလည်မှု စာချွန်လွှာကိုလည်းကောင်းအသီးသီးလက်မှတ်ရေးထိုးခဲ့ကြပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ညနေပိုင်းတွင် International Conference Center ၌ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Nguyen Xuân Phúc က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌနှင့် ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr. Chu Cong Phung က ဧပြီလ ၂၀ရက်၊ ဒေသစံတော်ချိန် ၀၉း၃၀ နာရီတွင် တည်းခိုရာ Grand Plaza ဟိုတယ်သို့လာရောက်တွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံကုန်သွယ်ရေး၊ ယဉ်ကျေးမှုနှင့် နှစ်နိုင်ငံပြည်သူများအကြား ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် Viettel Group's President Major General Nguyen Manh Hung နှင့် တွေ့ဆုံခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် Bank for Investment Development of Vietnam (BIDV) အမှုဆောင်အရာရှိချုပ် Mr. Phan Duc Tu ဦးဆောင်သည့် ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ရာ ဗီယက်နမ်လုပ်ငန်းရှင်များက မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ၄င်းတို့ကြုံတွေ့နေရသည့် အခွင့်အလမ်းများနှင့် အခက်အခဲများကို ဆွေးနွေးခဲ့ကြပါသည်။

ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်းနေထိုင်ခဲ့သောအိမ်သို့ သွားရောက်လေ့လာ၊ မြန်မာသံရုံးတွင် သံရုံးဝန်ထမ်းများ၊ မိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဧပြီလ ၂၀ရက်၊ နံနက် ၁၀း၃၀ နာရီတွင် ဟန္တိုင်းမြို့ရှိ ဗီယက်နမ် အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်းနေထိုင်ခဲ့သောအိမ်သို့ သွားရောက်ကြည့်ရှုလေ့လာရာသတင်းပြန်ကြားရေးနှင့် ပညာပေးဌာနအကြီးအကဲ Ms . Cu Thi Minh က လိုက်လံရှင်းလင်းပြသခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်းနေအိမ်ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ဟိုချီမင်းနေအိမ်ဝန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်းနေအိမ်ရှေ့ရှိ ဗီယက်နမ် အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်းနေထိုင်ခဲ့သောအိမ်သို့ သွားရောက်ကြည့်ရှုလေ့လာ၊ မြန်မာသံရုံးတွင် သံရုံးဝန်ထမ်းများ၊ မိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ

ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းကြီး ဗီယက်နမ်နိုင်ငံ ဆိုင်ရာ ဗီယက်နမ်-မြန်မာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိုယ်စားလှယ်များ ပြည်သူ့ကိုယ်စားလှယ်အဖွဲ့များ

ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် ဗီယက်နမ်နိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ နှင့်တွေ့ဆုံခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဧပြီလ ၂၀ရက်၊ ဒေသစံတော်ချိန် ၁၅း၀၀ နာရီတွင် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီရုံးချုပ်၌ ပါတီအထွေထွေအတွင်းရေးမှူး H.E. Mr. Nguyen Phú Trong နှင့်တွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံအစိုးရ၊ လွှတ်တော်၊ ပါတီနှင့် ပြည်သူတို့အကြားထိတွေ့ဆက်ဆံမှု ပိုမိုတိုးမြှင့်ရေး အထူးသဖြင့် လူငယ်ကိုယ်စားလှယ်အဖွဲ့များအပြန်အလှန်စေလွှတ်ရေး ၊ အာဆီယံ၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Madame Nguyen Thi Kim Ngân နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရုံးတွင် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ မြန်မာ-ဗီယက်နမ် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများအကြား လေ့လာရေးခရီးစဉ်များ အပြန်အလှန်စေလွှတ်ရေးနှင့် လွှတ်တော်ဥပဒေပြုရေး လုပ်ငန်းစဉ်ဆိုင်ရာများ။ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုအတွေ့အကြုံများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ဟန္တိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Đang Đình Quý ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး Mrs. Luan Thuy Duong ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီး အောင်ကျော်ဦးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြပါသည်။

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် မြန်မာအမျိုးသားလေကြောင်းလိုင်းအထူးလေယာဉ်ဖြင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးမှ Deputy Chief of Mission MR. Le Gia Thinh နှင့်တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်းသိရှိရပါသည်။ ဝါဖလေ

» စာ-၁၈

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနအောက်ရှိ ကုန်းလမ်းပို့ဆောင်ရေးမှ ယာဉ်မောင်း(၄)ဝန်ထမ်းများ အားယာဉ်မောင်းနှင်နည်းနှင့် ယာဉ်ကြုံ့ခိုင်ရေးလုပ်ငန်းတို့အား အရည်အချင်းပြည်စုံစွာတတ်မြောက်အောင်သင်ကြားပေးရန်ရည်ရွယ်သည်။

ရရှိမည့်အရည်အချင်းများ-

ယာဉ်မောင်းတစ်ဦးတတ်မြောက်ရမည့် အခြေခံပညာရပ်များကို စနစ်တကျတတ်မြောက်စေမည်။

သင်တန်း၀င်အရည်အချင်း-

သင်တန်းသို့တက္ကသိုလ်မှ ဘွဲ့တစ်ခုခု(သို့မဟုတ်) A. G. T. I (MP/ MT/ EP/ EC) အောင်မြင်ရရှိပြီးသူဖြစ်ပြီး၊ အရောင်ခွဲခြားနိုင်သူဖြစ်ရမည်။ သင်တန်းပြီးဆုံးအောင် မပျက်မကွက်တက်ရောက်နိုင်သည့် ကျန်းမာရေးနှင့်ပြည်စုံကောင်းမွန်သူများဖြစ်ရမည်။ အရက်မသောက်ရမနေနိုင်အောင် အရက်စွဲနေသူများမဖြစ်စေရ။

သင်တန်းတက်ရောက်ရမည့်သူများ-

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနအောက်ရှိ ကုန်းလမ်းပို့ဆောင်ရေးမှ အတည်ပြုရွေးချယ်စေလွှတ်သူများဖြစ်ရမည်။

သင်ကြားပို့ချရမည့်ဘာသာရပ်များ

သင်တန်းတွင်အခြေခံစစ်ရေးပြဘာသာရပ်၊ ဝန်ထမ်းကောင်းဘာသာရပ်၊ စိတ်ဓာတ်စည်းကမ်း၊ ဝန်ထမ်းကျင့်ဝတ်ဘာသာရပ်၊ မော်တော်ယာဉ်စက်မှုဘာသာရပ်၊ မော်တော်ယာဉ်ကြုံ့ခိုင်ရေးဘာသာရပ်၊ မော်တော်ယာဉ်အုပ်ချုပ်မှုဘာသာရပ်၊ မော်တော်ယာဉ်မောင်းနှင်နည်းဘာသာရပ်၊ ယာဉ်မောင်းသူများအသေးစားပြင်ဆင်ထိန်းသိမ်းခြင်းနှင့် လမ်းခရီးတွင်ပြင်ဆင်ခြင်းဘာသာရပ်၊ English Speaking ၊ Computer (Basic) ၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်း၊ Driving Sumulator ဘာသာရပ်များသင်ကြားပို့ချမည်ဖြစ်သည်။

ကျော်ကျော်
ဆက်လက်ဖော်ပြပါမည်။

ရန်ကုန်၊ မန္တလေး၊ ပုဂံနှင့် ကလောဒေသများရှိ ဆင်စခန်းများသို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ ပိုမိုဝင်ရောက်စေရန် ဆောင်ရွက်မည်

မြန်မာ့သစ်လုပ်ငန်း၏ ဆင်ထိန်းသိမ်းရေးစခန်းများအနက် ရန်ကုန်၊ မန္တလေး၊ ပုဂံနှင့် ကလောဒေသများရှိ ဆင်စခန်းများသို့ ပြည်တွင်း၊ ပြည်ပခရီးသွားများပိုမိုဝင်ရောက်စေရန် Tourism Promotion and Marketing Committee မှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံတွင် ဆင်စခန်း ၁၅ခုကျော်ရှိပြီး ဆင်စခန်းများတွင် ဝင်ကြေးအနေဖြင့် ပြည်တွင်းကျပ် ၁၀၀၀၊ ဆင်စီးပါက ကျပ် ၅၀၀၀ နှင့် နိုင်ငံခြားသားများအတွက်ဆင်စီးမှုအပါအဝင် ကျပ် ၂၀၀၀၀ သတ်မှတ်ထားကြောင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်းမှ သိရသည်။

"ဆင်တွေကို အာရှနိုင်ငံသားတွေက ပိုကြိုက်တယ်။ ကပြတာတွေ၊ သစ်လုံးချီပြတာတွေပါမယ်။ ဖလင်းကမ်းသာယာဆင်စခန်းက ဧရာဝတီမြစ်ဘေးမှာရှိတာ၊ ဆင်ပြတိုက်ဆောက်နေတယ်၊ ဆင်အရိုးစုတွေကိုလည်း လေ့လာနိုင်အောင်ဆောင်ရွက်နေတယ်"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌကဆိုသည်။

ယခုအခါ ပုဂံညောင်ဦးဒေသတွင် ခရီးသွားများကို ဆွဲဆောင်နိုင်ရန်အတွက် အကျယ်အဝန်း ၄ဒသမ ၁၈ဧကတွင် ဖလင်းကမ်းသာယာ ဆင်စခန်းကို မတ်လနောက်ဆုံးပတ်က စတင်ဖွင့်လှစ်ထားကာ ခရီးသွားဝင်ရောက်မှုများပါက လက်ရှိဆင်ခုနစ်ကောင်မှ ဆင် ၁၀ကောင်အထိ တိုးချဲ့ဆောင်ရွက်ရန်ရှိကြောင်းနှင့် ဆင်အခြေပြုခရီးသွားလုပ်ငန်းကို ဒေသခံများအလုပ်အကိုင်ရရှိစေရန် ဆင်နှင့်ပတ်သက်သောဗဟုသုတများရရှိပြီး ဆင်များကို ချစ်ခင်မြတ်နိုးလာစေရန်၊ ဌာနေဝန်ထမ်းများ၊ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးသာမက ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ တွင်ပူးပေါင်းဆောင်ရွက်တတ်စေရန်နှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ အပန်းဖြေနေရာပေါ်ပေါက်လာစေရန် အတွက်ဖြစ်ကြောင်း သိရသည်။

ပိုးအိမ်

ယခုနှစ်မတ်လကုန်အထိ မြန်မာတစ်နိုင်ငံလုံးတွင် လိုင်စင်ရဟိုတယ် ၁၆၂၈လုံး၊ အခန်းပေါင်း ၆၅၄၇၀၀ကျော်ရှိလာ

မြန်မာတစ်နိုင်ငံလုံးတွင် ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်ခွင့်ပြုပေးထားသောဟိုတယ် ၁၆၂၈လုံး၊ အခန်းပေါင်း ၆၅၄၇၀၀ခန်းရှိလာကြောင်းနှင့်ခွင့်ပြုထားသောဟိုတယ်အများစုသည်ရန်ကုန်မြို့တွင်ဟိုတယ် ၃၉၅လုံး (၂၀၃၉၆ခန်း) မန္တလေးမြို့တွင် ဟိုတယ် ၂၁၁လုံး(၈၈၀ခန်း)၊တောင်ကြီး၊ အင်းလေးဟိုတယ် ၁၄၃လုံး (၄၅၀၃ခန်း) ပုဂံ၊ ညောင်ဦးဟိုတယ် ၈၅လုံး(၂၉၁ခန်း)တို့ရှိကြောင်းဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသည်။

အဆိုပါထုတ်ပြန်ထားသောစာရင်းအရ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်ဟိုတယ် ၃၆၃ လုံး(အခန်း၁၈၂ ၀၀၁ခန်း) မန္တလေးတိုင်းဒေသကြီးတွင် ဟိုတယ် ၄၂၆လုံး(၁၇၇၈၄ခန်း)၊ ပဲခူးတိုင်းဒေသကြီးတွင်ဟိုတယ် ၅၈လုံး (၁၄၂၀ခန်း)စစ်ကိုင်းတိုင်းဒေသကြီးတွင်ဟိုတယ် ၂၇လုံး(၁၀၉၈ခန်း)တနင်္သာရီတိုင်းဒေသကြီးတွင် ဟိုတယ် ၃၆လုံး(၁၄၅၁ခန်း)ဧရာဝတီတိုင်းဒေသကြီးတွင်ဟိုတယ်၆၉လုံး(၂၇၇၀ ခန်း)၊ မကွေးတိုင်းဒေသကြီးတွင်ဟိုတယ် ၃၀လုံး(၇၄၉ခန်း)ကချင်ပြည်နယ်တွင်ဟိုတယ် ၂၇လုံး(၇၅၁ခန်း) ကယားပြည်နယ်တွင်ဟိုတယ် ၁၅လုံး (၃၁၃ခန်း)ကရင်ပြည်နယ်တွင်ဟိုတယ် ၂၀လုံး(၇၂၀ခန်း)ချင်းပြည်နယ်တွင်ဟိုတယ် ၅လုံး(၁၂၇ခန်း)မွန်ပြည်နယ်တွင်ဟိုတယ် ၄၉လုံး(၁၅၇၇ ခန်း)။ ရခိုင်ပြည်နယ်တွင်ဟိုတယ် ၄၉ လုံး(၁၅၃ခန်း)ရှမ်းပြည်နယ်တွင် ဟိုတယ် ၃၀၅လုံး(၉၇၆ခန်း)တို့ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်၁၄ခုရှိသည့်အနက်ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့သည်နိုင်ငံခြားခရီးသွားဝင်ရောက်မှု အများဆုံးဒေသဖြစ်၍ ၂၀၁၇ ခုနှစ်အတွင်းနိုင်ငံခြားသားခရီးသွား ၃ ဒသမ ၄၄သန်းဝင်ရောက်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ၂ဒသမ ၉သန်း၊ ၂၀၁၅ခုနှစ်တွင်၄ဒသမ ၆သန်းဝင်ရောက်ခဲ့ကာ ၂၀၁၆ ခုနှစ်မှစ၍ပြည်တွင်းခရီးသွားလည်ပတ်မှုပမာဏာမှာ ၅သန်းကျော်ရှိလာခဲ့၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ၂၀၁၈ ခုနှစ်မတ်လကုန်အထိ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင် ၂၆၇၆ ခုခွင့်ပြုပေးခဲ့ပြီး နိုင်ငံခြားသားကုမ္ပဏီ ၁၅၊ နိုင်ငံခြားသားနှင့် နိုင်ငံသားပိုင်ကုမ္ပဏီ၄၁၅၊ နိုင်ငံသားပိုင် ၂၆၃၄ခုနှင့် အတူပို့ဆောင်ရေးလုပ်ငန်းလိုင်စင် ၂၅၆၄၅၊ စည်းလမ်းညွှန်လုပ်ငန်းလိုင်စင် ၄၅၀၃၃၊ ဒေသဆိုင်ရာဇည့်လမ်းညွှန်လုပ်ငန်းလိုင်စင် ၃၄၄၉ခုတို့ကို ခွင့်ပြုထားကြောင်း သိရသည်။

ပိုးအိမ်

ရန်ကုန်မြို့၌ နှစ်တစ်ရာကျော် မိလ္လာပိုက်များ အသစ်လဲမည်

ရန်ကုန်မြို့တွင်းရှိ သက်တမ်းနှစ်ပေါင်း ၁၃၀ကျော်ကြာမြင့်နေပြီဖြစ်သည့် မိလ္လာပိုက်များကို အသစ်လဲလှယ်ရန်စီစဉ်နေသည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ရန်ကုန်မှာက မိလ္လာတွေလျှံရင် ဆယ်ခိုင်းလည်းတစ်ပတ်ပဲ၊ အထဲကပိုက်တွေက မဆေးမကြောလို့အတွင်းမှာပိတ်နေတာ"ဟုဦးကပြောသည်။

အဆိုပါမိလ္လာပိုက်များကို လဲလှယ်ရန်အတွက် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ ခြောက်လကြာမြေပြင်လေ့လာမှု ဆောင်ရွက်မည်ဖြစ်သည်။

မြို့တော်စည်ပင်နှင့် Jica တို့မြေပြင်လေ့လာမှုများ ၂၀၄၀ တွင်တိုးမွားလာမည်ရန်ကုန်မြို့တွင်းနေထိုင်သူဦးရေအားလုံး ရေဆိုးစွန့်ပစ်နိုင်ရန်အတွက်ဖြစ်ပြီး ယင်းစီမံကိန်းကုန်ကျစရိတ်များကို Jica ၏ နှစ်ရှည်ချေးငွေဖြင့် ဆောင်ရွက်ရန်စီစဉ်ထားကြောင်းနှင့် သက်တမ်းကြာမိလ္လာပိုက်များ အသစ်လဲလှယ်ခြင်းအပြင် ရန်ကုန်မြို့တွင် နေထိုင်သည့်လူဦးရေ စုစုပေါင်း ၏ ငါးရာခိုင်နှုန်းမှ စွန့်ပစ်သည့်ရေဆိုးများကိုပြုပြင်သန့်စင်နိုင်ပြီး တစ်နေ့လျှင်ရေဆိုးဂါလန်ပေါင်း ၃ဒသမနှစ်သန်းကို သန့်စင်လျက်ရှိသည့်သန်လျက်စွန်းရှိ ရေဆိုးစွန့်ပစ်စက်ရုံကို လည်းတိုးချဲ့ရန်စီစဉ်ထားကြောင်း သိရသည်။

ရန်ကုန်မြို့တွင်း၊ မိလ္လာပြွန်စနစ်ကို ၁၈၈၈ခုနှစ်တွင် လူဦးရေလေးသောင်းအတွက်ရည်ရွယ်တည်ဆောက်ခဲ့ပြီးလက်ရှိအချိန်အထိ အသုံးပြုနေသည့်အတွက် ဝန်နှင့်အား မမျှဖြစ်ကာပိတ်ဆို့ခြင်း၊လျှံကျခြင်း မိလ္လာလူဝင်ကျင်းများနိမ့်ဆင်းခြင်းနှင့် အုတ်နံရံများပြိုကျခြင်းများ ဖြစ်ပေါ်နေကြောင်း မြို့တော်ဝန်ဦးမောင်မောင်ဝိုးက ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အစည်း အဝေးတစ်ခုဌ ပြောကြားခဲ့သည်။

T.Z

Transcom News journal Cartoons



အလုပ်သမားများဘဝပြည့်စုံပါစေ

ကိုမ်ခေါ်

မေလတစ်ရက်နေ့ဆိုရင်ဖြင့် မေဒေးနေ့ဟုသတ်မှတ်ထားသည့် ကမ္ဘာ့အလုပ်သမားနေ့သို့ ရောက်ရှိမည်ဖြစ်သည်။

မေဒေးနေ့သည် အလုပ်သမားများအား ဖိနှိပ်ချုပ်ချယ်ခဲ့သော အရင်းရှင်စနစ်ကိုတော်လှန်၍ အလုပ်သမားတို့၏ဘဝသစ်တည်ဆောက်ရန် သွေးစည်းလိုက်သည့်နေ့ဖြစ်သည်။ မေဒေးနေ့ပေါ်ပေါက်လာသည်မှာ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ပဋိပက္ခမျှမျှားဖြစ်သည့် ၁၉ ရာစုဆန်းစဉ် အမေရိကန်ပြည်ထောင်စုတွင် အစပျိုးခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က အလုပ်သမားများမှာတစ်ရက်လျှင် ၁၆ နာရီမှ ၂၀ နာရီအထိပင်ပန်းကြီးစွာ အလုပ်လုပ်ကြရသည်။အလုပ်သမားတို့၏ ဘဝသည်မည်မျှပင်ပန်းကြီးစွာလုပ်ကိုင်စေကာမူ နေရေးထိုင်ရေးနှင့် ကျန်းမာရေးများစွာ အဆင့်အတန်းနိမ့်ကျခဲ့သည်။

ထိုသို့သောအလုပ်သမားများ ဘဝဆိုးကိုမျက်ဝါးထင်ထင်ရင်ဆိုင်ရသော အလုပ်သမားခေါင်းဆောင်များသည် အလုပ်သမား သက်သာချောင်ချိရေးအတွက် အလုပ်ရှင်များထံအရေးဆိုကြသည်။ ၁၈၂၀ ပြည့်နှစ် မှ ၁၈၄၀ ပြည့်နှစ်ဝန်းကျင်အထိ အလုပ်သမားခေါင်းဆောင်များသည် တစ်ရက်လျင်အလုပ်ချိန် ၁၀ နာရီသာ ကန့်သတ်ထားရန်တောင်းဆိုကြသည်။သို့သော် အလုပ်ရှင်များက အလွယ်တကူမလိုက်လျောခဲ့ပေ။

အလုပ်ချိန်လျှော့ပေါ့ရေးအတွက် တိုက်ပွဲဝင်သောအလုပ်သမားများမှာ ဖမ်းဆီးနှိပ်ကွပ်ခြင်းခံရသည်။ အလုပ်သမားများကလည်း အလျှော့မပေးပဲ ဆက်လက်ကြိုးပမ်းကြသည်။ ထိုအချိန်မှစ၍ အလုပ်သမားတို့၏တိုက်ပွဲသည် အင်္ဂလန်၊ ဂျာမနီ၊ ပြင်သစ်နှင့် သြစတြေးလျတိုက်သို့ပင်ကူးစက်သွားခဲ့သည်။

၁၈၈၄ ခုနှစ်တွင် အမေရိကန်အလုပ်သမားများအဖွဲ့ချုပ်ညီလာခံ၌ ၁၈၈၆ ခု မေလ ၁ ရက်နေ့မှစ၍ တစ်ရက်လျှင် ၈ နာရီသာအလုပ်လုပ်ရန် ဆုံးဖြတ်လိုက်၏။ အလုပ်သမားအဖွဲ့များသို့လည်း ထိုဆုံးဖြတ်ချက်အတိုင်း အောင်မြင်သည်အထိ တိုက်ပွဲဝင်ကြရန် ညွှန်ကြားချက်များ ပေးပို့လေသည်။ အလုပ်သမားပေါင်းများစွာတို့သည် ထိုညွှန်ကြားချက်အတိုင်းဆောင်ရွက်ကြရာ တစ်ဖက်တွင်လည်းဖိနှိပ်ချုပ်ခြယ်မှုများကိုခံရသည်။ အလုပ်မှထုတ်ပယ်ခံရသည်။ ထောင်ကျ၍ သေကြေပျက်စီးကြသည်။ ထိုသို့ရင်ဆိုင်ကြရာတွင် နောက်ဆုံး၌အလုပ်သမားများ၏အရေးမှာ အောင်မြင်သွားလေသည်။

ထို့နောက်တွင် ၁၈၈၉ ခုနှစ် ပါရီမြို့၌ ကျင်းပသောအပြည်ပြည်ဆိုင်ရာဆိုရှယ်လစ်တို့၏ ဒုတိယညီလာခံက မေလ ၁ ရက်နေ့ကို ကမ္ဘာ့အလုပ်သမားနေ့ဟုသတ်မှတ်ပေးလိုက်သည်။ အဆိုပါ ဆုံးဖြတ်ချက်အရနှစ်စဉ် မေလ ၁ ရက်နေ့တိုင်းတွင် အလုပ်သမားခေါင်းဆောင်အသီးသီးတို့က အလုပ်သမားအရေးများကို ဟောပြောခြင်းစသည်ဖြင့် အထိမ်းအမှတ်ပွဲများကျင်းပကြသည်။

ကမ္ဘာ့အလုပ်သမားနေ့တွင် အလုပ်သမားများအားလုံးသည် လုပ်ခပြည့်နှင့်အားလပ်ခွင့်ကြေကြသည်။ ယခုအခါ ကမ္ဘာ့အလုပ်သမားနေ့ကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်းများစွာ၌ အများပြည်သူရုံးပိတ်ရက်အဖြစ် သတ်မှတ်ကာ အလုပ်သမားနေ့အထိမ်းအမှတ်ပွဲများကို ကျင်းပကြသည်။

ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာအတွင်းက အလုပ်သမားအခွင့်အရေးအချို့

လက်ရှိအစိုးရလက်ထက်တွင် မိမိတို့နိုင်ငံမှအလုပ်သမားများသည် အလုပ်သမား၊ လူဝန်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေ ဖြင့် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာအတွင်း အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခဲ့သည်မှာ အစိုးရသစ်သက်တမ်း နှစ်နှစ်တာကာလအတွင်း အလုပ်သမားမှတ်ပုံတင်ထားသူ ၂၂၁၄၃၃၆ ဦးရှိခဲ့ပြီး အစိုးရဌာနများတွင် ၂၇၄၀၆ ဦး၊ ပုဂ္ဂလိကကဏ္ဍများတွင် ၃၆၉၄၂၅ ဦး စုစုပေါင်း ၃၉၆၈၁၃ ဦးအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ပြီးဖြစ်ကာ အေဂျင်စီ ၂၅၈ ခုမှတစ်ဆင့်ပြည်ပကိုးနိုင်ငံသို့ အလုပ်သမား ၃၀၇၇၆၉ ဦးစေလွှတ်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီမှ အနည်းဆုံးအခကြေးငွေအဖြစ် အလုပ်သမား ၁၀ ဦးနှင့် အထက် လုပ်ငန်းရှင်များအတွက် တစ်နာရီငွေကျပ် ၆၀၀နှုန်း ထားသတ်မှတ်ပြီး အလုပ်ချိန်တစ်ရက်ရှစ်နာရီအတွက် ငွေကျပ် ၄၈၀၀ နှုန်းသတ်မှတ်ပေးခဲ့ပြီး အတည်ပြုထုတ်ပြန်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြထားပြီးဖြစ်သည်။ ထို့ပြင်ထိုင်းနိုင်ငံသို့ရောက်ရှိနေကြသည့် မြန်မာအလုပ်သမားအရေးနှင့်ပတ်သက်၍လည်း မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံလက်မှတ် (Certificate of Indentity)ကို စခန်းကိုးခုနှင့် ရွှေ့လျားအစီအစဉ်များများဖြင့်ဆောင်ရွက်ပေးခဲ့ပြီး မြန်မာနိုင်ငံသားများအတွက် တရားမဝင်နေထိုင်မှုပြဿနာကြေရမည့်အရေးအတွက် ကာကွယ်ပေးခဲ့သည်။

ဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားသားအလုပ်သမားဥပဒေမူကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်နှင့်အညီဌာနတွင်း ဆွေးနွေးမှုများပြုလုပ်လျက်ရှိပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေ(မူကြမ်း)ကိုအတည်ပြု ပြဋ္ဌာန်းနိုင်ရန် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် သတ္တမအကြိမ်ပုံမှန်အစည်းအဝေးတွင်လည်း ၂၀၁၈ ခုနှစ် မတ်လ ၉ ရက်ကအဆိုပြုခဲ့ပြီး အလုပ်သမားများဘေးအန္တရာယ်ကျရောက်စေမည့် ကိစ္စရပ်များကိုဥပဒေဖြင့် အကာအကွယ်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျှက်ရှိပေသည်။

အလုပ်သမားများအတွက် နှစ်သစ်မင်္ဂလာ

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းမှာပင် နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းရောက်ရှိလာခဲ့ပြီဖြစ်သည်။ နှစ်ဟောင်းဖြစ်သည့် ၁၃၇၉ ခုနှစ်ကုန်ဆုံး၍ နှစ်သစ်ဖြစ်သည့် ၁၃၈၀ ပြည့်နှစ်သို့ ကူးပြောင်းရောက်ရှိလာခြင်းဖြစ်သည်။ နှစ်သစ်ဖြစ်သည့် မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ်၊ နှစ်ဆန်း ၁ ရက်နေ့ တွင် နိုင်ငံသူနိုင်ငံသားများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတဦးဝင်းမြင့်ကမြန်မာနှစ်သစ်ကူး နှတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

"ချစ်ခင်လေးစားအပ်တဲ့ နိုင်ငံသူနိုင်ငံသားအားလုံး ကာယစိတ္တနှစ်ဖြာသောသုခနဲ့ ပြည့်စုံကြပါစေကြောင်း နှစ်သစ်မင်္ဂလာ အခါသမယမှာဆုမွန်ကောင်းတောင်းရင်း နှတ်ခွန်းဆက်သအပ်ပါတယ်" ဟုဆိုကာ ချစ်ခင်လေးစားအပ်တဲ့ နိုင်ငံသူနိုင်ငံသားများခင်ဗျား– ဟူ၍ အစချီ၍ ဆုတောင်းပေးသည့် နိုင်ငံတော်သမ္မတ၏ နှစ်သစ်ဆုတောင်းတွင် နိုင်ငံသူနိုင်ငံသားများဖြစ်သည့် ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာတည်ဆောက်ပေးမည့် အစီအမံများသာမက လစာတိုးမြှင့်ပေးခြင်း သတင်းစကားလည်းပါဝင်ခဲ့သည်။

"ယခုအစိုးရသစ်လက်ထက်မှာ ပြီးခဲ့တဲ့ ၂ နှစ်တာကာလအတွင်း ဝန်ထမ်းများအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာ ဝန်ထမ်းအိမ်ရာ (၄၆၂၇) ခန်း တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ကျွန် ၃ နှစ်တာကာလမှာလည်း အခန်း (၇၀၀၀) ကျော်ကို ဝန်ထမ်းအိမ်ရာအဖြစ်တည်ဆောက်ပေးသွားရန် စီမံထားရှိပြီးဖြစ်ပါတယ်။ ဒီလိုအစီအစဉ်ကို တိုးချဲ့ခြင်းဖြင့် လာမည့်နှစ်များအတွင်း အခန်းပေါင်း (၁) သောင်းကျော်တည်ဆောက်ပြီး ဝန်ထမ်းတွေအတွက် လစဉ်အရစ်ကျငွေချေစနစ်နဲ့ ရောင်းချပေးမှာဖြစ်ပါတယ်။

ဒဲ့အပြင် အလုပ်သမားတစ်ဦးရဲ့ တစ်နေ့အတွက်အနည်းဆုံးအခကြေး ငွေ ၄၈၀၀ ကျပ်နှုန်းနဲ့ လိုက်လျောညီထွေဖြစ်စေရန် အမှုထမ်းလစာများအားလုံးကို (၂၀) ရာခိုင်နှုန်းတိုးမြှင့်ပေးပြီး အရာထမ်းလစာများကို (၁၀) ရာခိုင်နှုန်းတိုးမြှင့်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ စီစဉ်တွက်ချက်ပြီးဖြစ်ပါတယ်။ ယင်းတွက်ချက်မှုအရအမှုထမ်းတစ်ဦးရဲ့ အနည်းဆုံးလစာမှာ ၁၂၀၀၀၀ ကျပ်မှ ၁၄၄၀၀၀ ကျပ် အထိတိုးမြှင့် သွားမှာဖြစ်ပြီးအရာထမ်းတစ်ဦးရဲ့ အများဆုံးလစာမှာ ၅၀၀၀၀၀ ကျပ်မှ ၅၅၀၀၀၀ ကျပ်သို့ တိုးမြှင့်သွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရကဝန်ထမ်းတွေအတွက် ယခုလိုစီမံဆောင်ရွက်ပေးမှုကိုတို့ပြန်သောအားဖြင့် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ဝန်ထမ်းတွေကလည်း တာဝန်ယူမှုဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် အထူးသတိပြုစေလိုပါတယ်" ထည့်သွင်းနှုတ်ဆက်ခဲ့ပါသည်။

ထိုမျှမက "အလုပ်သမားများရဲ့ဘဝစိုပြေသာယာရေးအတွက် ရေတိုကာလမှာ အလုပ်သမားတွေရဲ့ လူမှုဖူလုံရေးရန်ပုံငွေတွေကို အလုပ်သမားတွေအတွက် ထိထိရောက်ရောက်စီမံပေးနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ပါမယ်။ ပြည်တွင်းမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ မြင့်မားလာအောင် ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရေးနိုင်ငံတကာကိုဖိတ်ခေါ်သွားပါမယ်။ ပြည်ပရောက်မြန်မာအလုပ်သမားတွေရဲ့လုပ်ခြိုးဘေးကင်းမှု၊ အခွင့်အရေးရရှိခံစားနိုင်မှုတို့ကိုလည်း နိုင်ငံချင်းသဘောတူညီချက်တွေကို အခြေခံပြီးမြှင့်တင်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်" ဟုလည်း သမ္မတကြီးက နှစ်သစ်နှုတ်ခွန်းဆက်စကားတွင် အလုပ်သမားများအတွက် ထိုသို့သော ကတိစကားများပြောကြားခဲ့ပါသည်။

သမ္မတကြီး၏ နိုင်ငံသူနိုင်ငံသားများဖြစ်သည့် မိသားစုအတွက်ဝင်ငွေသည် အလုပ်အကိုင်အခွင့်အလမ်းများမှရရှိသည့်ငွေကြေးဖြင့် ဘဝရပ်တည်နေကြရသူများသည်။ ထို့ကြောင့်ပင် အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်းနှင့် အလုပ်သမားထု၏လုပ်ခလစာသည် များစွာပဓာဏကျနေပါသည်။

အစွမ်းကုန်ကြိုးစားဆောင်ရွက်ပေးသွားမှာပါ

အလုပ်ရှင်နှင့် အလုပ်သမားများကြားက ပြဿနာကြီးငယ်သည် ကမ္ဘာ့အလုပ်သမားနေ့ပေါ်ပေါက်ရာ ၁၉ ရာစုမှသည် ယနေ့တိုင်လည်း ပြဿနာအနည်းအများဆိုသလိုရှိနေပါသေးသည်။ မည်သို့ဆိုစေ နိုင်ငံဝန်ထမ်းအများအတွက် လစာတိုးပေးနိုင်ရန် အစိုးရသစ်လက်ထက်တွင် ပထမဆုံးအကြိမ်အဖြစ် သမ္မတကြီးက နှစ်သစ်လက်ဆောင်ပေးလိုက်ပြီဖြစ်သလို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်ကလည်း ၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်းက နေပြည်တော်ရှိ MICC 2 တွင် ပြုလုပ်သည့် ကမ္ဘာ့နိုင်ငံများမှ ကျင့်သုံးသည့်နည်းလမ်းများကို ဆွေးနွေးလေ့လာခြင်းနှင့် ပြည်သူ့ဝန်ထမ်းများ လုပ်ငန်းခွင်တွင် စိတ်အားထက်သန်စွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး လုံ့ဆော်မြှင့်တင်ခြင်း အသိပညာမျှဝေမှုဖိုရမ်တွင် ဝန်ထမ်းများအတွက် အစွမ်းကုန်ကြိုးစားပေးသွားမှာပါဟု ထည့်သွင်းပြောကြားခဲ့သည်။

"ကျွန်မတို့ဝန်ထမ်းတွေ သင့်လျော်မျှတတဲ့လုပ်ခလစာရရှိရေး၊ ကောင်းမွန်တဲ့အထွေထွေခံစားခွင့်တွေရရှိခံစားနိုင်ရေးအတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်ပေးသွားမှာပါ" ဟုဆိုပါသည်။

နိုင်ငံတော်သမ္မတကြီးကလည်း အလုပ်သမားများအရေးအတွက် အားဖြည့်ပေးသကဲ့သို့ နိုင်ငံတော်အတိုင်ပင်ခံကလည်း အလုပ်သမားများကို မေ့လျော့ထားခြင်းမရှိ။ သက်ဆိုင်ရာဝန်ကြီးဌာနကလည်း အလုပ်သမားအခွင့်အရေးများကို ဖြည့်ဆည်းပေးနေသည်ဖြစ်ရာ ဤကဲ့သို့သော အခြေအနေများတွင် နိုင်ငံ၏အလုပ်သမားတို့၏ အနာဂတ်သည် ပြည့်စုံခြင်းများ အပြည့်အဝရောက်ရှိပါစေကြောင်း ဆုတောင်းရင်းဖြင့် ယခုနှစ်တွင်ကျရောက်သည့် ကမ္ဘာ့အလုပ်သမားနေ့အတွက် ဂုဏ်ပြုရေးသားဖော်ပြလိုက်ရပါသည်။

Toborg မှ သင်္ကြန်မဏ္ဍပ်များတွင် ပထမဆုံးနှင့် အထူးခြားဆုံးဖြစ်သည့် ဂီတသံစဉ်ထုတ်လုပ်သောစက်ရုံ theme ဖြင့်ဖျော်ဖြေခဲ့

Tuborg သည် Royal Irra-waddy River Criuse သင်္ဘောပေါ်တွင် 'Boat to Beat Factory' ဂီတပွဲတော်ကို ကျင်းပခဲ့သည်။ Tu-borg ၏ Funbassadors များဖြစ်သည့် ရေမွန်(Idiots) နှင့်ဆိုဗီယာအဲဗရက်စ် (Sophia Everest) တို့ပါဝင်သီဆိုခဲ့ကြသည့်အပြင် DJ Bugbears နှင့် DJ Chacky တို့မှအလက်ထရိုသံစဉ်များ၊ မြူးကြွတေးသံများဖြင့် တက်ရောက် ဖျော်ဖြေသွားခဲ့သည်။ 'Boat to Beat Factory' ဖျော်ဖြေပွဲသည် Tuborg ၏အထူးခြားဆုံးသောမဏ္ဍပ်တည်ဆောက်မည့်ပုံစံကို အစမ်းပြသခြင်းဖြစ်ပြီး ' Beat Factory' တွင်တွေ့မြင်ရမည့် 'Open for Fun' အင်္ဂေ့အသက်များကိုလည်း တွေ့မြင်သည်။

သင်္ကြန်နေ့များတွင်လည်း ' Beat Factory' မဏ္ဍပ်သည် ရန်ကုန်မြို့တွင်အကောင်းဆုံးနှင့် အကျယ်ဝန်းဆုံးဖြစ်သည့် အင်လျားကန်ရှေ့ရှိပြည်လမ်းမပေါ်တွင်တည်ရှိပြီး Head-liner တစ်ဦးဖြစ်သည့် LIT LOR-DS သည် bass music ပိုင်းတွင်လတ်တလော လူကြိုက်များလျက်ရှိသည့် အဖွဲ့သစ်တစ်ခုဖြစ်ပြီးပြည်တွင်းမှလူငယ်များအကြိုက် နောက်ဆုံးပေါ် Hard Trap သံစဉ်များဖြင့်ဖျော်ဖြေသွားခဲ့သည်။ DJmag ၏ ထိပ်ဆုံးအယောက် ၁၀၀ တွင်နံပါတ် ၈၄ ချိတ်ဆွဲခဲ့သည့် MARIANA BO သည်လည်း ' Beat Factory' မဏ္ဍပ်တွင် headliner အဖြစ်ပါဝင်သွားခဲ့ပြီး P-sytrance ၊ Bass House ၊ Hard-style ၊ Dubstep နှင့် Trap စတိုင်လ်များကို အသားပေးတီးခတ်ဖျော်ဖြေသွားခဲ့သည်။ အခြားသော EDM အဖွဲ့တစ်ခုဖြစ်သည့် RAVE RADIO မှလည်း ၎င်းတို့၏နာမည်ကြီးသံစဉ်များဖြစ်သည့် ' Turn Me Out' နှင့် 'Rock It' တို့ဖြင့်မဏ္ဍပ်တွင် ကခုန်မြူးကြွစေပြီးအကောင်းဆုံး ဂီတပွဲတော်အတွေ့အကြုံများကို ပေးအပ်သွားခဲ့သည်။ ထို့အပြင်ပြည်တွင်းမှ နာမည်ကြီး DJ အနေပညာရှင်များလည်း ပါဝင်ဖျော်ဖြေသွားခဲ့သည့်အတွက် သံစဉ်များဆက်တိုက်ထုတ်လုပ်ပေးနေမည့် သံစဉ်စက်ရုံ ' Beat Fa-ctory' ဖြစ်ကြောင်းသိရသည်။

"နှစ်သစ်ကူး သင်္ကြန်ပွဲတော်ကမြန်မာနိုင်ငံမှာ အစည်ကားဆုံးပွဲတော်တစ်ခုဖြစ်တယ်လို့ နားလည်ထားတဲ့အတွက် ကျွန်တော်တို့မဏ္ဍပ်ကိုလာတဲ့သူတွေ ဖျော်ရွှင်ဖွယ်အတွက်စိတ်လှုပ်ရှားစရာ အစီအစဉ်တွေကိုဖန်တီးပေးထားပါတယ်။ ဒါ့အပြင်ကျွန်တော်တို့မဏ္ဍပ်ရဲ့ theme ကိုတေးဂီတထုတ်လုပ်ပေးတဲ့စက်ရုံဆိုပြီး ထူးခြားလန်းဆန်းတဲ့အသွင်ကို ဖန်တီးထားပါတယ်။ ပြည်တွင်းနဲ့နိုင်ငံတကာကအနုပညာရှင်တွေ DJ တွေကိုလည်းပါဝင် အားဖြည့်ထားတဲ့အတွက် တေးဂီတ နှစ်သက်သူတွေအတွက်တော့အကောင်းဆုံး EDM သံစဉ်တွေနဲ့အတူ သင်္ကြန်ကို ပျော်ပျော်ရွှင်ရွှင်ဖြတ်သန်းနိုင်မှာဖြစ်ပါတယ်။" ဟု Carlsberg မြန်မာ၏ Marketing Director ဖြစ်သူ Mr. Ted Liang မှပြောကြားခဲ့သည်။

ကျော်ကျော်

အစိုးရသစ်၏ နှစ်နှစ်တာကာလအတွင်း ဘဏ်ခွဲသစ် ၃၀၀ ကျော်ဖွင့်လှစ်ပေးနိုင်ခဲ့

အစိုးရသစ်လက်ထက်ဖြစ်သည့် ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် နှစ်နှစ်တာကာလအတွင်း ပုဂ္ဂလိကဘဏ် ၂၄ဘဏ်၏ဘဏ်ခွဲသစ် ၃၀၆ဘဏ်စုကို ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကအများပြည်သူတွေအတွက် ဘဏ်လုပ်ငန်းဝန်ဆောင်မှုလွယ်ကူစွာ ရရှိနိုင်စေဖို့ ပုဂ္ဂလိကဘဏ်တွေကို ဘဏ်ခွဲတွေတိုးချဲ့ဖွင့်လှစ်ခွင့်ပြုခဲ့တာဖြစ်တယ်"ဟု ၎င်းကပြောသည်။

၂၀၁၆ ခုနှစ်၊ မတ်လကုန်တွင် မြန်မာနိုင်ငံအနှံ့ ဘဏ်ခွဲပေါင်း၁၂၄၇ ခုရှိခဲ့ပြီး ပုဂ္ဂလိကဘဏ် ၂၄ဘဏ်မှ နိုင်ငံအဝှမ်းဘဏ်ခွဲပေါင်း ၃၀၆ ခုကို ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့သည့်အတွက် လက်ရှိအချိန်တွင် ဘဏ်ခွဲပေါင်း ၁၆၅၃ ခုကို ဖွင့်လှစ်ထားပြီးဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံအဝှမ်းရှိ ပြည်သူများအနေဖြင့် တိုးတက်ဖွံ့ဖြိုးလျက်ရှိသည့်ဘဏ်လုပ်ငန်းဝန်ဆောင်မှုအသစ်များကို လွယ်လင့်တကူလက်လှမ်းမီစွာအသုံးပြုနိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ပုဂ္ဂလိကဘဏ်များ၏ ဘဏ်ခွဲများဖွင့်လှစ်ဆောင်ရွက်ခွင့်ပြုခြင်း၊ မိုဘိုင်းဘဏ်လုပ်ငန်း (Mobile Banking)၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ (Mobile Financial Services) နှင့် ဘဏ်မဟုတ်သည့်ငွေရေးကြေးရေးအဖွဲ့အစည်းလုပ်ငန်းများကို ဆောင်ရွက်ရန်ခွင့်ပြုခဲ့ကြောင်း သိရသည်။

ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းကို ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများအပြင် မိုဘိုင်းကွန်ရက်အော်ပရေတာများက ဝန်ဆောင်မှုပေးနိုင်ရေးရည်ရွယ်ပြီး မိုဘိုင်းကွန်ရက်အော်ပရေတာနှစ်ခုနှင့် ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုကို မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခွင့်ပြုထားကြောင်း သိရသည်။ ဘဏ်မဟုတ်သည့် ကုမ္ပဏီအဖွဲ့အစည်းများကို Money Changer License ၉၅၃ခုခွင့်ပြုခဲ့ပြီး ကောင်တာ ၁၃၁၃ ကိုးချဲ့ဖွင့်လှစ်ခွင့်ပြုဖွင့်လှစ်ခဲ့သည့်အတွက် ၂၀၁၈ခုနှစ်၊ မတ်လ ၁၃ရက်နေ့အထိ ကောင်တာ ၄,၂၅၃ ဖွင့်လှစ်ဆောင်ရွက်ခွင့်ပြုထားပြီးဖြစ်ကြောင်းသိရသည်။

T.Z

ဒုတိယအကြိမ် ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးနှံပေးမည်

မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၂၀၁၇ ခုနှစ်၌ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးနှံခဲ့ရာတွင် ကျန်ရစ်သည့် ကလေးငယ်များနှင့် အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးမရရှိခဲ့သည့် ကလေးငယ်များအား ဧပြီ၊ မေ၊ ဇွန်နှင့် ဇူလိုင်လတို့၌ ဒုတိယအကြိမ်ထပ်မံထိုးနှံပေးမည်ဖြစ်ကြောင်း။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အဆိုပါ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံရာတွင် ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးတစ်ကြိမ်နှင့် အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးအား တစ်လခြား၍ သုံးကြိမ် ထိုးနှံပေးသွားမည်ဖြစ်၍ သက်ဆိုင်ရာ ကျန်းမာရေးဌာနနှင့် ဆေးရုံများ၌ သတ်မှတ်ထားသည့် ကာကွယ်ဆေးထိုးရန်၊ ဘေးကင်းသည့် ကာကွယ်ဆေးထိုးလုပ်ငန်းအား ကျန်းမာရေးဝန်ထမ်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်စေရန် မိဘများအနေဖြင့် သက်ဆိုင်ရာကျန်းမာရေးဌာနများ၌ အသေးစိတ်မေးမြန်း၍ ချိန်းဆိုထားသည့် သတ်မှတ်နေ့ရက်များတွင် သွားရောက်ထိုးနှံကြရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည့်အပြင် အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးနှင့် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးခန်းများ၊ တိုင်းဒေသကြီးပြည်နယ်နှင့် ခရိုင်အဆင့် (ခုတင်-၁၀၀) နှင့်အထက်ဆေးရုံကြီးများနှင့် မြို့နယ်ဆေးရုံများအားလုံး ဒေသန္တရ၊ မိခင်နှင့်ကလေး၊ ကျန်းမာရေးဌာနများအားလုံးနှင့် အခေါ်းလမ်းကြောင်းရှိသည့် တိုက်နယ်ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနများ၌ မည်သည့်တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်အတွင်း၌ နေထိုင်သည်ဖြစ်စေ ကာကွယ်ဆေးလာရောက်ထိုးနှံသည့် ကလေးများအား ထိုးနှံပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

၂၀၁၁ ခုနှစ် ဧပြီလမှ၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်း မွေးဖွားခဲ့သည့် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးထိုးနှံခြင်း မခံခဲရသည့် ကလေးငယ်များနှင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့သည့် ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးအစီအစဉ်တွင် အသက်ကိုးလမှ ၁၅ နှစ်အတွင်းရှိ ကလေးငယ်တစ်သန်းကျော်တို့အနက် ကျန်ရစ်သည့် ကလေးငယ်များအား ဒုတိယအကြိမ်ထပ်မံထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

ပိုးအိမ်

SME ချေးငွေလုပ်ငန်းတိုးတက်မှုကို စောင့်ကြည့်လေ့လာပြီး အကျိုးဖြစ်ထွန်းမှုရှိသည့် လုပ်ငန်းများကို ချေးငွေထပ်မံထုတ်ချေးမည်

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များသို့ SMEချေးငွေးများထုတ်ချေးပေးပြီးနောက် လုပ်ငန်းများတွင် အမှန်တကယ်ပြန်လည်ရင်းနှီးမြှုပ်နှံမှုရှိမရှိနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေများကို စောင့်ကြည့်လေ့လာပြီး အကျိုးဖြစ်ထွန်းမှုရှိသည့်လုပ်ငန်းများကို ချေးငွေထပ်မံထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါချေးငွေထုတ်ပေးရာတွင်လည်း လိုအပ်သူအားလုံးကို ထုတ်ပေးနိုင်ရန်ငွေကြေးအကန့်အသတ်ရှိနေသည့်အတွက် လုပ်ငန်းရှင်အားလုံးကို ထုတ်ချေးမပေးနိုင်သေးကြောင်း၊ ယင်းကြောင့် ချေးငွေများမှန်ကန်စွာအသုံးချနိုင်မည့်လုပ်ငန်းရှင်များ၊ ချေးငွေများကို လုပ်ငန်းတိုးတက်အောင်အမှန်တကယ်အသုံးပြုမည့် လုပ်ငန်းများကိုချေးပေးနိုင်ရန် စနစ်တကျစိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။ ထို့အပြင် CGI စနစ်ဖြင့် ချေးငွေများထုတ်ပေးနိုင်ရေး ဆောင်ရွက်လျှက်ရှိရာတွင် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ရက်အထိ CB Bank မှ လုပ်ငန်းရှင် ၂၂၅ဦးကို ကျပ် ၂၂၈၃ သန်း၊ SMIDB မှ လုပ်ငန်းရှင် ၁၀ဦးကို ကျပ်သန်း ၂၀၀နှင့် KBZ ဘဏ်မှ လုပ်ငန်းရှင်လေးဦးကို ကျပ် ၂၉၅ သန်းထုတ်ချေးပြီးဖြစ်ကြောင်း၊ ဂျပန်နိုင်ငံမှ ထုတ်ချေးပေးခဲ့သည့် JICA Two Step Loan ချေးငွေ ဂျပန်ယန်းသန်း ၅၀၀နှင့်ညီမျှသည့် ကျပ် ၅၇ဒသမ ၆၃၄ ဘီလျံကို ပုဂ္ဂလိကဘဏ်ခြောက်ဘဏ်မှ တစ်ဆင့် SME လုပ်ငန်းရှင်များကို ချေးငွေများထုတ်ပေးလျှက်ရှိရာ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီတွင် ကျပ် ၆၁၈၆၆ ဒသမ ၉၈သန်းကို စုစုပေါင်း လုပ်ငန်းရှင် ၂၉၇ ဦးကိုထုတ်ချေးပေးခဲ့ကြောင်းသိရသည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းများတိုးချဲ့နိုင်ရန်အတွက် သက်ဆိုင်ရာဘဏ်များက ချေးငွေရယူနိုင်ရန် အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်ဖြစ်ကြောင်း ထောက်ခံချက်များထုတ်ပေးခြင်း၊ ချေးငွေရရှိရေးကိစ္စနှင့်ပတ်သက်ပြီး လုပ်ငန်းရှင်များသိရှိနိုင်ရန် Credit Guarntee Insurance (CGI) စနစ်ကိုအသုံးပြုပြီး ချေးငွေလျှောက်ထားနိုင်ရေးဆောင်ရွက်လျှက်ရှိကြောင်း၊ ထို့အပြင်မြန်မာနိုင်ငံအမျိုးသားပို့ကုန်မဟာဗျူဟာ၏ဦးစားပေးကဏ္ဍများထဲမှ SME လုပ်ငန်းများကို ဦးစားပေးချေးငွေထောက်ပံ့ပေးရန် ကုန်သည်စက်မှုအသင်းချုပ်က အကြံပြုတင်ပြထားသည်။

ပိုးအိမ်

ပျူခေတ်သုံးရှေးဟောင်း ငွေဒင်္ဂါးပြားအပ်နှံသူများအား ဂုဏ်ပြုငွေနှင့် လက်မှတ်ပေးအပ်

ပျူခေတ်တွင်အသုံးပြုသည့် ရှေးဟောင်းငွေဒင်္ဂါးပြား ၂၂၀ နှင့် ပုတီးစေ့များကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ လာရောက်အပ်နှံသူများအား ကျပ်သိန်း ၁၀၀ ကျော်နှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သာသနာရေးနှင့် ယာဉ်ကျေးမှုဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်အရသိရသည်။

လာရောက်အပ်နှံထားသည့် ရှေးဟောင်းပစ္စည်းများအား ရှေးဟောင်းဝတ္ထုပစ္စည်း စစ်ဆေးရေးအဖွဲ့ကစစ်ဆေးရာ ဒင်္ဂါးများ၏တစ်ဖက်တွင်တက်နေဝန်းနှင့် အခြားတစ်ဖက်တွင်သီရိဝစ္စပုံတစ်ဖက်တွင် သီရိဝစ္စနှင့်ဘဒ္ဒပိဋ္ဌဟူ၍နှစ်မျိုးတွေ့ရှိရပြီး ပျူလူမျိုးတို့၏ သင်္ကေတအမှတ်အသားပါ ဒင်္ဂါးများဖြစ်ကာပျူခေတ်ကာလ၌ ကူးသန်းရောင်းဝယ်ရာတွင် ငွေကြေးအဖြစ်သုံးစွဲကြသည်ဟု သတ်မှတ်ခဲ့ကြောင်း။ ရှေးဟောင်းဝတ္ထုပစ္စည်း အပ်နှံသူများ အားကာလတန်ဖိုး။ ခေတ်ကာလတန်ဖိုးတွက်ချက်၍ ဆုကြေးငွေနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ပျူခေတ်သုံးရှေးဟောင်းငွေဒင်္ဂါးပြားများအား မွန္တလေးတိုင်းဒေသကြီး မိတ္တီလာခရိုင်ဝမ်းတွင်းမြို့နယ်မင်းကုန်းကျေးရွာ၏ အရှေ့ဘက်ကပ်လျက် ရေသွယ်မြောင်းတူးဖော်ရာမှ ရွာသားငါးဦးကတွေ့ရှိခဲ့ပြီး ဖေဖော်ဝါရီလတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ လာရောက် အပ်နှံခဲ့ခြင်းဖြစ်သည်။

ပျူခေတ်လက်ရာ ငွေဒင်္ဂါးပြား ၁၀၀ အပ်နှံသူ ဦးညိမ်းစိုးထွန်းအား ဆုကြေးငွေကျပ် ၅၂ သိန်း။ ငွေဒင်္ဂါး ၇၁ ပြားအပ်နှံသူ ဒေါ်ချယ်ရီသန်းအား ဆုကြေးငွေကျပ် ၃,၆၉၂,၀၀၀ ၊ ငွေဒင်္ဂါး ၃၉ ပြားအပ်နှံသူ ဦးတိုးအောင်အား ဆုကြေးငွေကျပ် ၂၀,၆၈,၀၀၀ ၊ ငွေဒင်္ဂါးငါးပြားအပ်နှံသူ ဦးအောင်စိုးအားဆုကြေးငွေကျပ် ၂၆၀,၀၀၀ ၊ ငွေဒင်္ဂါးငါးပြားအပ်နှံသူ ဒေါ်ကြည်အေးအား ဆုကြေးငွေကျပ် ၂၆၀၀၀ ဖြင့် စုစုပေါင်းငွေဒင်္ဂါးပြား ၂၂၀ အတွက်ဆုကြေးငွေ ၁၁,၄၄၀,၀၀၀ ပေးအပ်ခဲ့သည်။

ထိုအပြင် ပျူခေတ်သုံးပုတီးစေ့များအပ်နှံခဲ့သည်။ တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်အမှတ် (၁)ရပ်ကွက်နေ ဦးအောင်မိုးကိုဆုငွေကျပ် ၄၅,၄၀၀ အားသာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ပေးအပ်ခဲ့သည်။

T.Z



ဖက်ရှင်အလန်းများနှင့် မင်းသားမပါတဲ့ ဇာတ်ကားကိုကြည့်မယ်ဆိုရင် "REFLECTION" ရှိတယ်

"REFLECTION" ရောင်ပြန် ဒီဇာတ်ကားကိုတော့ ဒါရိုက်တာလူမင်း ရိုက်ကူးထားတာဖြစ်ပြီး ဒီဇာတ်ကားမှာ ဖက်ရှင်အလန်းများနှင့် ပါဝင်သရုပ်ဆောင်ထားကြတဲ့ သူများတော့ အိန္ဒြာကျော်ဇင်၊ ဝတ်မှုန်ရွှေရည်၊ ထွန်းအိမ်ခိုလ်၊ ပက်ထရစ်ရှာတို့ဖြစ်ပါတယ်။

ဒီဇာတ်ကားမှာ အင်ပတန်ချောမောလှပလွန်းတဲ့ မေနိုင်းအရိပ်၊ မေ နက္ခတ်၊ ကိုကိုးလမ်ဆိုတဲ့ ကောင်မလေး ၄ ယောက်ရှိပါတယ်။ မေနိုင်းရယ်၊ အရိပ်ရယ်၊ ကိုကိုးလရယ် ၃ ယောက်ကတော့ မေနက္ခတ်နဲ့ပတ်သက်တဲ့အရိပ်တမျှ ပွဲတစ်ခုနေတဲ့ နာကျည်းချက်တွေ အများကြီးပါပဲ။ မေနက္ခတ်ကြောင့် သူတို့ရဲ့ အနာဂတ်ကမောက်ကမဖြစ်ခဲ့ရတာတွေကို နာကျည်းတဲ့စိတ်နဲ့ တစ်ယောက်တစ်မျိုးစီ လက်စားချေ ဖိုဆုံးဖြတ်ချက်ချခဲ့ကြပါတယ်။

မေနိုင်းကတော့ ကာရာအိုကေ ထောင်ပြီး စီးပွားရေးလုပ်သလို၊ အရိပ်ကတော့ လောင်းကစားလုပ်ရင်း အသက်မွေးသူတစ်ယောက် ဖြစ်ပါတယ်။ ကိုကိုးလကတော့ မေနက္ခတ်ကို ကျေးဇူးရှင်တစ်ယောက်လိုထင်မှတ်ပြီး မေနက္ခတ်ရဲ့ ကိုယ်ရံတော် တစ်ယောက်အဖြစ်နေသူပါ။

မေနက္ခတ်ကတော့ တာအယ်ကို ထူးဆန်းတဲ့ မိန်းမတစ်ယောက်ပါ၊ ဘေးမှာ ကိုယ်ရံတော်တွေအများကြီးရှိသလို အိမ်မှာလည်းကိုယ်ရံတော် တွေအများကြီးနဲ့ ဒြထဲဝင်ပိုဆိုတာ အရမ်းကိုခက်ခဲပါတယ်။ ဒါပေမယ့် သူ့အနားကိုလာတဲ့လူမှန်သမျှက ကိုကိုးလနဲ့တွေ့ပြီးမှ မေနက္ခတ်နဲ့တွေ့လို့ရမှာပါ၊ မေနက္ခတ်ရဲ့အကြောင်းကို တော်တော်များများသိထားတဲ့ မေနိုင်းကမေ နက္ခတ်နဲ့ တိုက်ရိုက်တွေ့ရမယ့်နေ့ကို စောင့်မျှော်နေပါတယ်။

မေနိုင်းလိုပဲ စောင့်မျှော်နေတဲ့သူ နောက်တစ်ယောက်က အရိပ်။ အရိပ်ကလည်း ယေယေလေးကတည်းက သူမျက်စိရှေ့မှာပဲ သူ့အဖေကိုသတ်ခဲ့တာဆိုတော့ ယေစဉ်ကတည်းက မိတဲ့ခွဲတစ်ယောက်ဖြစ်ခဲ့ပြီး အဝေးကို ပြစ်သလို ဂန်းကန်ခဲ့ရတာကြောင့်ပေ နက္ခတ်ကိုတွေ့တာနဲ့ သတ်ပစ်ချင်နေတဲ့ မိန်းကလေးတစ်ယောက်ပါ။ ပထင်မှတ်ပဲ မေနိုင်းနဲ့အရိပ်တို့ ပွဲတစ်ခုမှာစတွေ့ခဲ့ပြီး အချင်းချင်းမိတ်ဆက်ရင်း မေနက္ခတ် အယေါ်ထားတဲ့ သူတို့ရဲ့ ရည်ရွယ်ချက်တွေက တူနေတာကြောင့် နှစ်ယောက်သားပူးပေါင်းလိုက်ကြပါတယ်။

တကယ်တော့ မေနက္ခတ်ကမိန်း မအချင်းချင်း ချစ်ကြိုက်နှစ်သက်သူဖြစ်တာကြောင့် မေနိုင်းနဲ့အရိပ်တို့က ဟယာတွေနဲ့ ဆွဲဆောင်ရင်းရင်းနှီးမှု တွေရယူခဲ့တာပေါ့။ မေနိုင်းရဲ့အရိပ်တို့ရဲ့ ယရိုးသားမှုတွေကို ကိုကိုးလ်ကရိပ် မိတဲ့အခါမှာ ဘာတွေဆက်ဖြစ်မလဲ...

ဒီဇာတ်ကားက သုံ့ဘာရှစ်ရှင်ထုတ် လုပ်ရေးကထုတ်လုပ်တဲ့ ပထမဦးဆုံး ရှစ်ရှင်ဇာတ်ကားကြီးလည်း ဖြစ်ပါတယ်။ ဒီဇာတ်ကားကိုတော့ ဗြိုလ ၁၇ ရက်နေ့ကစပြီး ရန်ကုန်မြို့မှာရှိတဲ့ အဆင့်မြင့်ရစ်ရင်ရဲတွေမှာ ရုံတင် ပြသနေပြီဖြစ်ပါတယ်။

ဒီဇာတ်ကားနဲ့ပတ်သက်ပြီး အိန္ဒြာကျော်ဇင်က အဲဒီကားက အုပ်ခဲလမ်းကြောင်းလေး နည်းနည်းထွင်ပြီးလုပ် ထားတဲ့အတွက် ကြောင့်မို့လို့ ပိုပြီးရင်ခုန်ပါတယ်။ ပရိသတ်တွေဒီလိုပုံစံကို ကြိုက်ပါ့မလား၊ မိတ်ဝင်စားပါ့မလား ဆိုတဲ့ စိုးရိမ်မှုတွေရှိတယ်။ ဒါပေမဲ့အခုချိန်မှာ ပရိသတ်တွေရဲ့စိတ်ဝင်စားမှုအပြည့်အဝရနေတဲ့အတွက် အုပ်ပရိသတ်ကြီးကို ကျေးဇူးတင်တယ်" ဟု သူမကပြောပါတယ်။

အိမ်စည်

တစ်ကျော့ပြန်ပုံဖော်ထားသည့် "အရိပ်" ရုပ်သံဇာတ်လမ်းတွဲ မေလဆန်းတွင် ကြည့်ရမည်

အရိပ်သည် စာရေးဆရာမ မစန္ဒာ၏ ထင်ရှားအောင်မြင်သည့် ဝတ္ထုဖြစ်ပြီး အဆိုပါဝတ္ထုကို ရိုက်ကူးထားသည့် "အရိပ်"ဇာတ်ကားဖြင့် ၁၉၉၇ ခုနှစ်တွင် သရုပ်ဆောင်ပန်းဖြူသည် အမျိုးသမီး ဇာတ်ဆောင်ဆုအဖြစ် အကယ်ဒမီရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဝတ္ထုကို တစ်ကျော့ပြန်ပုံဖော်ကာ "အရိပ်"ရုပ်သံဇာတ်လမ်းတွဲအဖြစ် ဒါရိုက်တာ ပြည်သစ်နိုင်က ရိုက်ကူးထားခြင်းဖြစ်ပြီး အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီစိုးမြတ်သူဇာ၊ အကယ်ဒမီချိုပြုံး၊ နက္ခတ်၊ ဟိန်းထက်၊ မေမြင့်မိုရ်၊ ခေးဆက်သွင်၊ နန်းစန္ဒာလှထွန်း စသည့် အနုပညာရှင်များစွာဖြင့် ပုံဖော်ရိုက်ကူးပြသသွားမည်ဖြစ် ကြောင်း Forever Group မှသိရသည်။

"အရိပ်" ရုပ်သံဇာတ်လမ်းတွဲတွင် ငယ်စဉ်ကလေးဘဝ၌ မိဘများ၏ အဆင်မပြေမှုများဖြင့် စိတ်ဒဏ်ရာများစွာဖြင့် ကြီးပြင်းလာရသည့်မိန်းကလေးတစ်ဦး အရွယ်ရောက်လာချိန်များကို ရိုက်ကူးထားခြင်းဖြစ်သည်။ ထိုအမျိုးသမီးလေးသည် အရွယ်ရောက်လာချိန်တွင် ဘဝကိုတန် ဖိုးထားမှုမရှိတော့ဘဲ စိတ်ထင်ရာ စိုင်းရာမှ ဒုက္ခရောက်ရပုံများကို ငယ်စဉ်ကလေးဘဝတွင်မိဘဆွေမျိုးနှင့် ပတ်ဝန်းကျင် အသိုင်းအဝိုင်းတို့မှ ပြုပြင်ဆုံးမမှုများ၏ အရေးပါပုံကို ပုံဖော်ရိုက်ကူးထားသည့် ဇာတ်ကား ကောင်းတစ်ကားဖြစ်သည်။

ဇာတ်လမ်းတွဲအနေနဲ့ ပြန်လည် ဖန်တီးရာတွင် မှုရင်းရေးသားသူ ဆရာမ မစန္ဒာအပါအဝင် ဇာတ်ညွှန်းဖန်တီးသူများ အကြိမ်ကြိမ်ဆွေးနွေးပြီး ဇာတ်လမ်းတွဲတစ်ခုအနေဖြင့် ဖန်တီး ကြိုးပမ်းခဲ့ခြင်းဖြစ်ပြီး မေလဆန်းတွင် MRTV 4 မှ ထုတ်လွှင့်ပြသသွားဖြစ် ဟုသိရသည်။

အိမ်စည်

ဂီတအခြေခံကာ ဖျော်ဖြေမှုရသတွေထုံမွှန်းထားတဲ့ "မုန်းလို့ရရင်မုန်းချင်တယ်"

ဖြစ်လေ့ဖြစ်ထရှိတဲ့ ဘဝတွေထဲ ကဇာတ်လမ်းရိုးရိုးလေးတစ်ပုဒ်ကို ဂီတအခြေခံကာ ဖျော်ဖြေမှုရသတွေ ထုံမွှန်းထားတဲ့ ဇာတ်ကားကောင်းလေးတစ်ကားအဖြစ် "မုန်းလို့ရရင်မုန်းချင်တယ်" ကို ဧပြီလ ၂၇ ရက်တွင် မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့် ရုပ်ရှင်ရုံများတွင် ပြသသွားမှာဖြစ်ပါ တယ်။

ဒီဇာတ်ကားမှာ သရုပ်ဆောင်များအဖြစ် နေတိုး၊ မင်းဦး၊ သင်ဇာဝင့်ကျော်၊ ရတနာမိုင်တို့ ပါဝင်သရုပ်ဆောင်ထားတာဖြစ်ပြီး ဒါရိုက်တာကတော့ အောင်ဇော်လင်းဖြစ်ပါတယ်။ ဒီဇာတ်ကား ရုံတင်တဲ့အခါမှာတော့ သူ့ရဲ့ ပရိသတ်များကို မပျက်မကွက် လာရောက်တွေ့ဆုံပါမယ်လို့ နေတိုး က ပြောလာပါတယ်။ "ကျွန်တော်ချစ်သော ကျွန်တော့်ကို ချစ်ကြသော ပရိသတ်များသို့ ...(မ္မေချက်ကတော့လွန်လွန်းတယ်) ရုပ်ရှင်ကို အခုလို အားပေးနေကြတာတွေ့ရတော့ အထူးပဲ ကျေးဇူးတင်ပါတယ်ခင်ဗျာ ကျွန်တော့်မှာ ပရိသတ်နဲ့ ထိတွေ့ချင်ပါသော်လည်း ခရီးလွန်ပြီးနယ်မှာ ကားရိုက်နေရတာက တကြောင်း ရာသီဥတုဆိုး ရွားတာကတကြောင်း တခြားသောအကြောင်းအမျိုးမျိုးတွေကြောင့် မလာရောက်နိုင်ပါကြောင်း ချစ်သောပရိ သတ်များအား ခွင့်တိုင်းကြားအပ်ပါသည်ခင်ဗျာ...နှစ်သစ်မှာပြသသွားမည့် (မုန်းလို့ရရင်မုန်းချင်တယ်) ရုပ်ရှင်ကြရင်တော့ မပျက်မကွက် လာရောက်တွေ့ဆုံပါမယ်လို့ ပြောကြားရင်း....."ထာဝရ...နေတိုး" လို့ သူ့ရဲ့ဖေ့စ်ဘုတ်စာမျက်နှာမှာ ဖော်ပြထားခဲ့ပါတယ်။

"မုန်းလို့ရရင်မုန်းချင်တယ်" ဇာတ်ကားကို ရွှေစင်ဦးရုပ်ရှင်နှင့် ဗီဒီယို ထုတ်လုပ်ရေးက စီစဉ်ရိုက်ကူးထားတဲ့ ရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်။ သက်ဦးမောင်၏ ဇာတ်လမ်းကို မြမြင့်မိုရ်နှင့် မိုးနီလွင်က ဇာတ်ညွှန်းရေးဖွဲ့ထားခြင်းဖြစ်ပြီး ဒီဇာတ်ကားမှာ ရတနာမိုင်က ပါဝင်သရုပ်ဆောင်ဖြစ်ခဲ့တာကတော့ ကိုနေတိုးရဲ့ ကမ်းလှမ်းမှုကြောင့် ပါဝင်ခဲ့ခြင်းဖြစ်ပြီး မိမိအနေနဲ့လုပ်ကွက်နည်းပေမယ့်လည်း အကောင်းဆုံးဖြစ်အောင် ကြိုးစားထားပါတယ်လို့ ရတနာမိုင်ကဆိုပါတယ်။ ပရိသတ်ကြီးရေ..ဖျော်ဖြေမှုရသတွေထုံမွှန်းထားတဲ့ မုန်းလို့ရရင် မုန်းချင်တယ်ဆိုတာ ဘယ်လိုများပါလိမ့်ဆိုတာ သိချင်တယ်ဆိုရင် ၂၇ ရက်မှာ ရုံတင်ပြီနော်။

အိမ်စည်

YBS ယာဉ်များအတွက် ပြင်ဆင်ခြင်း ဝန်ဆောင်မှုပေးနိုင်မည့် Service Center တည်ဆောက်ရန်စီစဉ်

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသည့် YBS ယာဉ်များကို ပြင်ဆင်ခြင်းဝန်ဆောင်မှုပေးနိုင်မည့် Service Center ကို ရန်ကုန်ဘတ်စ်ကားအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် (YBPC) မှ တည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း၊ အဆိုပါ Service Center နှင့် ကားယာဉ်ရပ်နားကွင်းကို ဒဂုံတက္ကသိုလ်အနီးရှိ မြေကော ၂၀ ၌ တည်ဆောက်သွားမည်ဖြစ်ပြီး ထောက်ကြန့်မြို့တွင်လည်း အဝေးမှလာရောက်သောကားများရပ်နား၍ မြို့တွင်းသွားမည့် ကားများနှင့် ချိန်းနိုင်သောနေရာကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ထောက်ကြန့်တွင်ဆောင်ရွက်မည့်အစီအစဉ်၌ နိုင်ငံတကာအဆင့်မီ Shopping Mall များ Hotel စီမံကိန်းတို့ပါဝင်မည်ဖြစ်ပြီး ဒဂုံတက္ကသိုလ်အနီး၌ ဆောင်ရွက်မည့် Service Center ကို တည်ဆောက်ရန် တင်ဒါခေါ်ယူထားရာ ကုမ္ပဏီလေးခုမှ ဝင်ရောက်ယှဉ်ပြိုင်ထားကြောင်းနှင့် ရန်ကုန်ဘတ်စ်ကားများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့ အစိုးရက ကျပ် ၄၅ ဘီလျှံနှင့် အများပြည်သူမှ ကျပ် ၆ ဘီလျှံကျော် ထည့်သွင်း ရင်းနှီးမြှုပ်နှံထားကာ ၂၀ ၁၆ ခုနှစ်၌ စတင်တည်ထောင်ခဲ့ကြောင်းသိရသည်။

Service Center သည် ရန်ကုန်၌ ကားအများကြီးကို တစ်ပြိုင်နက်တည်း ပြင်လို့ရမည့်နေရာမရှိဘူး၊ ကားတစ်ခုခုဖြစ်တာနဲ့ နိုင်ငံတကာမှာလို ချက်ချင်းပြင် ချက်ခြင်းထွက်ပေါ်နော်၊ ကားဝပ်ရှော့ကအကြီးကြီးမရှိဘူး သုံးလေးစီးပဲဆံ့တယ်၊ တန်းစီရတယ်။ စက်ပစ္စည်းကရိယာဟာလည်း အပြည့်အစုံမရှိဘူး။ အဲဒါတွေရှိအောင် လုပ် Service Center အကြီးကြီး ဆောက်ဖို့ရှိတယ်” ဟု ရန်ကုန်ဘတ်စကားအများစုနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌကဆိုသည်။

အဆိုပါ ထောက်ကြန့်မြို့တွင် တည်ဆောက်မည့် အဝေးမှလာသည့် ကားနှင့် မြို့တွင်းပြေးဆွဲမည့် ကားချိန်းရမည့်နေရာကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုချက်ရရှိရန် စောင့်ဆိုင်းလျက်ရှိပြီး ယင်းလုပ်ငန်းကို တရုတ်ကုမ္ပဏီမှ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ ရင်းနှီးမြှုပ်နှံမှုပမာဏကိုလည်း အမေရိကန်ဒေါ်လာသန်း ၁၀၀ ခန့်မှန်းထားကြောင်းသိရသည်။

ပိုးအိမ်

ရုပ်ရှင်ရုံအများစု မြန်မာနှစ်ဆန်းတစ်ရက်တွင် ပြန်လည်ပြသခဲ့ကြောင်း

မြန်မာနိုင်ငံတစ်ဝန်းမှ သင်္ကြန်ကာလအတွင်း ပြသမှုရပ်နားထားခဲ့သည့် ရုပ်ရှင်ရုံအများစုအား မြန်မာနှစ်ဆန်းတစ်ရက်တွင် ပြန်လည်ပြသခဲ့ကြောင်းနှင့် ပြသမှုရပ်နားထားခဲ့သည်။ Mega Ace ရုပ်ရှင်ရုံများ၌လည်း မြန်မာနှစ်ဆန်းတစ်ရက်မှစ၍ Reflectionရောင်ပြန်၊ ညှ၊ မွှေချက်ကတော့ လွန်လွန်းတယ်၊ မုဒြာရဲ့ခေါ်သံ၊ Rampage စသည့် ဇာတ်ကားများ။ Paradiso Cinema ရုပ်ရှင်ရုံအုပ်စုမှလည်း ဇီပြီ Reflection ရောင်ပြန် ဇာတ်ကားနှင့် အခြားပြသဆဲဇာတ်ကားများကို ပြသခဲ့ကြောင်း သိရသည်။

သင်္ကြန်ကာလအတွင်းမင်္ဂလာရုပ်ရှင်ရုံများ။ Mega Ace ရုပ်ရှင်ရုံအုပ်စုမှ ရုပ်ရှင်ရုံများ။ JCGV ရုပ်ရှင်ရုံအုပ်စုမှ ရုပ်ရှင်ရုံများ။ Paradiso Cinema ရုပ်ရှင်ရုံအုပ်စုမှ ရုပ်ရှင်ရုံများနှင့်အခြားသောရုပ်ရှင်ရုံကြီးများမှာရုပ်ရှင်ပြသမှု ရပ်နားထားခြင်းဖြစ်ပြီးယင်းမင်္ဂလာရုပ်ရှင်ရုံအုပ်စုများ၌ ဇီပြီ ၁၇မှ ၂၆ရက်အထိ ပြသခဲ့သည့် ဇာတ်ကားများ Reflection ရောင်ပြန်၊ သရဲဆိုတာ ဂျိုနဲ့လားဟေ့၊ မွှေချက်ကတော့လွန်လွန်းတယ်၊ ရှေကြာ၊ Rampage3 AM စသည့် ဇာတ်ကားများဖြစ်ပြီး သင်္ကြန်ကာလအတွင်း ဇာတ်ကားပြသမှုများ ရပ်နားထားခဲ့သည့် JCGV ရုပ်ရှင်ရုံများတွင်လည်း ဇီပြီ ၁ရက်မှ စတင်ပြသခဲ့ကြောင်း ထို့အပြင် သင်္ကြန်ကာလမတိုင်မီက ပြသဆဲဇာတ်ကားများကိုလည်း ဆက်လက်ပြသခဲ့ပြီး၊ မြန်မာ့နှစ်သစ်၌ ဖန်တီးမှုအသစ်များပါဝင်သည့် မြန်မာဇာတ်ကားကောင်းများ။ နိုင်ငံတကာဇာတ်ကားသစ်များကိုလည်း ရုံတင်ပြသခဲ့ကြောင်း သိရသည်။

ပိုးအိမ်

အွန်လိုင်းမှတစ်ဆင့် စာစဉ်တင်သွင်းမှုကို ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ၂၀၁၈ပညာသင်နှစ်မှစတင်၍ စမ်းသပ်ဆောင်ရွက်လျက်ရှိ

ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ၂၀၁၈ ပညာသင်နှစ်မှစတင်၍စာစဉ်တင်သွင်းမှုများကို အွန်လိုင်းမှတစ်ဆင့်လက်ခံနိုင်ရန် စမ်းသပ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ရန်ကုန်အဝေးသင်တက္ကသိုလ်ကျောင်းသားကျောင်းသူများသည် အွန်လိုင်းမှတစ်ဆင့်စာစဉ်များတင်သွင်းပါက စာစဉ်များကို မိမိလက်ရေးဖြင့်ဖြေဆိုရန်အမည်ခံနံပါတ်အထူးပြုဘာသာအတန်းဌာနခွဲအမည် ဆက်သွယ်ရန်ဖုန်းနံပါတ်နှင့် လိပ်စာတို့ကိုပြည့်စုံစွာရေးသားရမည်ဖြစ်ပြီ ဖြေဆိုပြီးသောစာစဉ်များကို ထင်းရှားပေါ်လွင်အောင် ဖုန်းဖြင့်ဓာတ်ပုံရိုက်၍သော်လည်းကောင်း(သို့) scan ဖတ်၍ PDF Format ဖြင့်သော်လည်း ကောင်းရန်ကုန်အဝေးသင်တက္ကသိုလ်၏လိပ်စာတစ်ခုဖြစ်သည် Yudeassignment@gmail.com သို့သတ်မှတ်ရက်အတွင်း ပေးပို့ရမည်ဖြစ်ကြောင်းကိုပညာရေးဝန်ကြီးဌာနအဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

Assignment ကိုကိုယ်တိုင်လက်ရေးနဲ့ရေးပြီးဖြေဆိုရမှာဖြစ်တယ်။ ရေးထားတာကိုမှ PEF Format နဲ့သတ်မှတ်ထားတဲ့အီးမေးလ်ထဲပို့ပေးရမှ ဖြစ်တယ်။ အွန်လိုင်းစနစ်နဲ့စာစဉ်တင်ကာကို ဒီပညာသင်နှစ်ကစပြီး စမ်းသပ်ဆောင်ရွက်တာဖြစ်တယ်။ စာစဉ်မေးခွန်းလွှာတွေကိုလည်းတင်ပေးထားတယ်ဟုဝင်းကပြောသည်။

အဝေးသင်တက္ကသိုလ်စာစဉ်များ ထုတ်ယူရာတွင် အကြောင်းအမျိုးမျိုးကြောင့်အချိန်မီမရရှိသော ကျောင်းသားကျောင်းသူများ အဆင်ပြေစေရေးအတွက် စာစဉ်မေးခွန်းလွှာများကိုရန်ကုန်အဝေးသင်တက္ကသိုလ်ဝက်ဆိုက်တွင် Download ရယူနိုင်ရန် စီစဉ်ထားကြောင်းသိရသည်။ အဝေးသင်တက္ကသိုလ်ကျောင်းသားကျောင်းသူများစာစဉ်များဖြေဆိုရာတွင် ကျောင်းသားကိုယ်တိုင်ဖြေဆိုခြင်းဟုတ်၊မဟုတ်အားစာမေးပွဲတွင် ဖြေဆိုသည်လက်ရေးနှင့် တိုက်ဆိုင်စစ်ဆေးမည်ဖြစ်ကြောင်းသိရသည်။ အဝေးသင်တက္ကသိုလ်၏သင်ကြားနည်းစနစ်ဖြင့် သင်တန်းနှစ်အသီးသီးတက်ရောက်ကြမည့် ကျောင်သားကျောင်းသူများအနေဖြင့်စာစဉ်များကို မပျက်မကွက် မိမိကိုယ်တိုင်ဖြေဆိုတင်သွင်းရန်၊ သတ်မှတ်ရက်အတွင်းအချိန်မီတင်းသွင်းရန် စာစဉ်များသင်တန်းသားကိုယ်တိုင်လက်ရေးဖြင့် သတ်မှတ်စာစဉ်အဖြေလွှာပေါ်တွင်ဖြေဆိုရန် အခြားသူများအား ခိုင်းထားသည်ကို စစ်ဆေးတွေ့ရှိပါက စာစဉ်အမှတ်များအတွက်လုံးဝအမှတ်ပေးတော့မည်မဟုတ်ဘဲစာမေးပွဲတွင်သင်တန်းသားဖြေဆိုသောလက်ရေးနှင့် တိုက်ဆိုင်စစ်ဆေးမည်ဖြစ်ပြီး ကွဲလွဲမှုတွေရှိပါက စာစဉ်ဖြေဆိုမှုကိုပယ်ဖျက်မည်ဖြစ်ကြောင်း တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်တွင်လည်းဖော်ပြထားသည်။ အလားတူရန်ကုန်အဝေးသင်ကျောင်းသားများအတွက် ၂၀၁၈ ပညာသင်နှစ်တွင်ကျောင်းဝင်မှတ်ပုံတင်ခြင်းမပြုခဲ့ရသော ပထမနှစ်ကျောင်းသားကျောင်းသူများအား အကြောင်းပြချက် ခိုင်လုံစွာတင်ပြလာပါကသက်ဆိုင်ရာပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများ အစီအစဉ်ဖြင့် ၂၀၁၈ ခုနှစ်ဧပြီ၃၀ရက်အထိစစ်လက်ခံမည်ဖြစ်ပြီးကျောင်းဝင်မှတ်ပုံတင်နောက်ကျသော ကျောင်းသားကျောင်းသူများအတွက် သင်ထောက်ကူပစ္စည်းဖြန့်ဝေခြင်းမှာ အနည်းဆုံးရက်သတ္တပတ်သုံးပတ် ကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။

T.Z

လူငယ်များအတွက် ကဖင်းဓါတ်မပါဘဲ တက်ကြွလန်းဆန်းစေရန် ထုတ်လုပ်ထားသော ကုန်ပစ္စည်းမိတ်ဆက်

မြန်မာနိုင်ငံ၏ ထိပ်တန်းအားဖြည့်စာကုမ္ဏီဖြစ်သည့် BRAND'S S-UNTORY ဘရင်းဌက်သိုက်ရည်၊ ဘရင်းကြက်ပေါင်းရည်နှင့် ဘရင်းဇီး သီးအနှစ်ရည်တို့ကို ဖြန့်ဖြူးရောင်းချလျက်ရှိသည်မှာ နှစ်ပေါင်း ၂၀ကျော်ခဲ့ပြီဖြစ်ပြီး ယခုနှစ်ဇူလိုင် (၆)ရက်နေ့ တွင်မြန်မာနိုင်ငံအတွက် ထုတ်ကုန်အသစ်တစ်မျိုးဖြစ်သည့် BRAND'S GEN U ကိုစတင်မိတ်ဆက်ဖြန့်ဖြူး လိုက်ကြောင်းသိရသည်။

BRAND'S GEN U သည် အရည်အသွေးမြင့် အမေရိကန်ဂျင်စင်းနှင့် ကိုရီးယားဂျင်စင်းတို့ကို အခြူးညီ မျှစွာပေါင်းစပ်ပြီး ဗီတာမင် B Complex ကိုပါထည့်သွင်း ဖော်စပ်ထုတ်လုပ်ထားကြောင်း BRAND'S GEN U သည် လန်းဆန်းတက်ကြွစေခြင်း၊ စိတ်ဖိစီးမှု လျော့ချပေးနိုင်ခြင်းနှင့် အင်အားကိုပြန်လည် ပြည့်ဖြိုးစေပြီးက ဖင်းဓါတ်မပါဝင်သော တစ်ခုတည်းသောကုန်ပစ္စည်းဖြစ်သည်။

PAHTAMA Group ၏ Bus- iness Development Manager တစ်ဦးဖြစ်သူဒေါ်မိုးမိုးဖုန်းမော်မှ "B -RAND' S အနေနဲ့လည်း မြန်မာနိုင်ငံယာဉ်အွန်လာရယ်ကာကွယ် ထိန်းသိမ်းရေးအဖွဲ့နဲ့ပူးပေါင်းပြီး ဇူလိုင် (၂) ရက်နေ့မှ (၆)ရက်နေ့အထိ ရန်ကုန်မြို့မှာ ယာဉ်အွန်လာရယ်ကာကွယ်ရေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ သတိပေးစတစ်ကာများကပ်ပေး ခြင်းများကိုလည်း ပြုလုပ်ခဲ့ပါတယ်။ အထူးသဖြင့်အခုလို သင်္ကြန်ကာလ အားလပ်ရက်မှာ ခရီးသွားကြတဲ့အခါမတော်တဆအိပ်ငိုက်လို့ ကားအန္တရာယ်ဖြစ်မှာတွေကို ကျွန်မတို့ကစိုးရိမ်တယ်။ ဒီလို အချိန်မျိုးမှာ BRAND'S GEN U နဲ့မိတ်ဆက်ပေးချင်ပါတယ်။ BRAND'S GEN U ရဲ့အစွမ်းကတော့ ကဖင်းဓါတ်မပါပဲ လန်းဆန်း တက်ကြွစေတယ်။ အဓိကအားဖြင့် ကားမောင်းတဲ့သူတွေ၊ ခရီးဝေးသွားတဲ့သူတွေအတွက် ကောင်းပါတယ်။ ခရီးဝေးသွားရတဲ့သူတွေအနေနဲ့ BRAND'S GEN U ကိုသောက်ထားရင်အကောင်းဆုံးလို့ ကျွန်မကပြောချင်ပါတယ်။" ဟုပြောကြားခဲ့သည်။

ဒါ့အပြင် BRAND'S GEN U မှ လူငယ်အနုပညာရှင်များဖြစ်ကြတဲ့ ငြိမ်းသော်၊ ထူးအောင်၊ ချာလီ၊ နန်းခေမားနှင့် အိန်ဂျယ်လမုန်းတို့ပါဝင်တဲ့အွန်လိုင်း Music Video တစ်ခုကို မိတ်ဆက်ပေးခဲ့သည်။ ၎င်း Music Video မှာ BRAND'S GEN U ကိုသောက်သုံးပြီး အားလပ်ရက်တွေကို ပျော်ရွှင်လန်းဆန်းတက်ကြွစွာ သွားရောက်ခဲ့ရာတွင် အမြင့်မားဆုံး လန်းဆန်းမှုရရှိခဲ့ပုံကို Fresh to the Max ဆောင်ပုဒ်ဖြင့်ပြသထားကြောင်း သိရသည်။ ကျော်ကျော်

၂၀၁၈ သင်္ကြန်အား မြူးကြွစွာကြိုဆိုခဲ့သော ပြည်သူ့ရင်ပြင်မှ Coca-cola Summer Oasis

ရေကစားကြသူများ လန်းဆန်းပျော်ရွှင်စေရန်အတွက် Coca-cola Summer Oasis 2018 ကိုဧပြီ ၁၃ရက်နေ့မှ ၁၆ရက်နေ့အထိ၊ ရန်ကုန်မြို့ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါပွဲတွင်ရေကစားကြသူ ၂၈၀၀၀ ကျော်သည် သဲ Bump ball ကဲ့သို့သောဘောလုံးအားကစားနည်းများနှင့် ရေမြေပ်ကစားကွင်းတို့တွင်ဝင်ရောက်ဆော့ကစားခဲ့ကြပြီး၊ Ar-Ti၊ အိမ့်ချစ်၊ နေမင်းအိမ်၊ ပိုးမီ၊ DJ The Kendrick နှင့် DJ Double U အစရှိသည့် အနုပညာရှင်များ၏ဖျော်ဖြေရေးအစီအစဉ်များစွာအား မြူးကြွစွာစီးမျောခံစားရင်း Coca-cola နှင့်အတူလန်းဆန်းပျော်ရွှင်ခဲ့ကြသည်။

Coca-cola Myanmar သည်မြန်မာတို့၏ အထွဋ်အမြတ်ထားရသည့် နေ့ထူးနေ့မြတ်များတွင်ရိုးရာအစဉ်အလာ ပြည်တွင်းမှစားသုံးသူများနှင့် ချိတ်ဆက်ထိတွေ့နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်တွင်လည်း ရေကစားသူများအခမဲ့ဝင်ရောက်အပန်းဖြေပြီး၊ ရန်ပြုလုပ်ပေးခဲ့သည်။ ယခုနှစ်တွင် 2018 FIFA World Cup ၏ Official Partner တစ်ဦးဖြစ်သည့် Coca-cola Myanmar သည် ၂၀၁၈ခုနှစ်၊ ဇွန်လ တွင်စတင်ကျင်းပမည့် 2018 FIFA World Cup ပြိုင်ပွဲအတွက်ကြိုတင်ရင်ခုန်နိုင်စေရန်နှင့် မြန်မာဘောလုံးပရိတ်သတ်များအား ဘောလုံးပွဲစဉ်များကိုအားပေးဖို့ အဆင်သင့်ပြင်ထားနိုင်ရန် ဖိတ်ခေါ်သည့်အနေဖြင့် Coca-cola Summer Oasis 2018 ကိုဘောလုံးကစားနည်းအခြေခံသည့် အပြင်အဆင်အဖြစ်တင်ဆက်ခဲ့ကြောင်းသိရသည်။ (103)

Huawei ၏ ၂၀၂၅ ခုနှစ်ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းမျှော်မှန်းချက် အိုင်စီတီလုပ်ငန်းအသေးစိတ်ထုတ်ပြန်

Huawei ကအိုင်စီတီလုပ်ငန်းနှင့် လူအဖွဲ့အစည်းတို့၏အနာဂတ်နှင့် ပတ်သက်၍အရေအတွက်အရသာမကအရည်အသွေးအရ ခန့်မှန်းချက်များကို ပေးသောအစီရင်ခံစာသစ် "၂၀၂၅ ခုနှစ်ကမ္ဘာလုံးဆိုင်ရာလုပ်ငန်းမျှော်မှန်းချက်(GIV 2025)"ကိုထုတ်ပြန်ချက်အရသိရသည်။

GIV 2025 သည် Huawei ကိုယ်ပိုင်လုပ်ငန်းအင်အားများနှင့် လုပ်ငန်းအလားအလာအမြင်များအပေါ်အမှီပြုထားပြီး ထူးခြားသည့်ကိုယ်ပိုင်သုတေသနနည်းပညာဖြင့်ဆန်းစစ်ထားခြင်းဖြစ်သည်။ ၎င်းကအိုင်စီတီလုပ်ငန်းကဏ္ဍအတွက်အသေးစိတ်အစီအစဉ်ချပြရန်နှင့် ကမ္ဘာ့အိုင်စီတီအလားအလာများကို ကျယ်ကျယ်ပြန့်ပြန့် အသေးစိတ်ဖော်ပြရှင်းလင်းရန် အလားအလာနှင့်အချက်အလက်များ ပေါင်းစပ်စိစစ်တွေ့ရှိချက်ကိုအသုံးပြုထားသည်။ GIV 2025 တွင်အသုံးပြုထားသည့်အချက်အလက်များသည် နိုင်ငံနှင့်ဒေသစုစုပေါင်း ၁၇၀ကျော်တို့မှ ဖြစ်သည်။ ဤအစီရင်ခံစာတွင် "အရာအားလုံးချိတ်ဆက်ထားခြင်း၊ အရာအားလုံး အာရုံခံစားနိုင်ခြင်းနှင့်အရာအားလုံး အသိဉာဏ်မြင့်ခြင်း"ဟူသောရှုထောင့်သုံးမျိုးနှင့်အချက်အလက်များထုတ်လုပ်မှုပမာဏ၊ လူလုပ်အသိဉာဏ်(AI)ကို အသုံးပြုသောလုပ်ငန်းများ၏ ရာခိုင်နှုန်းနှင့်တစ်ကိုယ်ရည်သုံးစမတ်ပစ္စည်းအရေအတွက် အပါအဝင် လုပ်ငန်းတိုင်းတာသော Metric 37 ခုတို့ကိုခြုံငုံထားသည်။

အစီရင်ခံစာအရ ၂၀၂၅ ခုနှစ်မကုန်မီ အရာအားလုံးချိတ်ဆက်ထားမည်ဖြစ်ကာ ကျွန်တော်တို့အားလုံးအားအသိဉာဏ်မြင့်သည့် ကမ္ဘာသို့ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။ ၂၀၂၅ခုနှစ်မကုန်မီ တစ်ကိုယ်ရည်သုံးစမတ်ပစ္စည်းအရေအတွက်ဘီလျံ ၄၀ရှိလာပြီး ကမ္ဘာတစ်ဝန်းချိတ်ဆက်မှုစုစုပေါင်းအရေအတွက် ဘီလျံ ၁၀၀ရှိလာကာအမေရိကန်ဒေါ်လာ ၂၃ ထရီလျံတန်ကြေးရှိသည့် ဒီဂျစ်တယ်စီးပွားရေးကိုဖန်တီးနိုင်မည်ဟု GIV 2025 ကခန့်မှန်းထားသည်။

William Xu(Huawei ၏မဟာဗျူဟာဌေးကွက်မြှင့်တင်ရှာဖွေရေးအရာရှိချုပ်နှင့် ဘုတ်အဖွဲ့ညွှန်ကြားရေးမှူး)က "Huawei ကဒီလို GIV အစီရင်ခံစာကိုဖြန့်ချိလိုက်တာဟာ ဒါပထမဆုံးအကြိမ်ပဲဖြစ်ပါတယ်။ အနာဂတ်အတွက် အချက်အလက်တွေနဲ့ခန့်မှန်းချက်တွေအပေါ်အခြေခံပြီး ကျွန်တော်တို့အနေနဲ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ (ICT) မောင်းနှင်တဲ့၊ အသိဉာဏ်ရှိတဲ့ကမ္ဘာရဲ့အိုင်စီတီလုပ်ငန်း အသေးစိတ်အစီအစဉ်ကို ဖွင့်ဟချပြဖို့ရည်ရွယ်ပါတယ်။ အပြည့်အဝချိတ်ဆက်ထားပြီး အသိဉာဏ်ရှိတဲ့ကမ္ဘာကြီးတည်ဆောက်ဖို့အတွက် ကျွန်တော်တို့ရဲ့ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်တွေနဲ့လက်တွဲပြီးအမျိုးမျိုးထွေပြားနေတဲ့ အိုင်စီတီလုပ်ငန်းဂေဟာစနစ်ကနေ အသိဉာဏ်ရှိတဲ့ကမ္ဘာကြီးသို့အစစ်အမှန်ပြောင်းလဲပေးနိုင်မယ့် အခြေခံအုတ်မြစ်တွေကိုတည်ဆောက်ဖို့က ကျွန်တော်တို့ရဲ့ရည်မှန်းချက်ပန်းတိုင်ပါပဲ။" ဟုမှတ်ချပြုခဲ့ကြောင်းသိရသည်။ (103)

ခနောမှ ၂၀၁၈ အတာသင်္ကြန်ပါဝင်ဆင်နွဲခဲ့ပြီး၊ ဘုန်းကြီးကျောင်းများကို အသင့်ထုတ်ကုန်များလှူဒါန်း

Unilever Myanmar ၏ခနောသည်မြန်မာစားသုံးသူများနှင့်အတူ ၂၀၁၈ အတာသင်္ကြန်တွင်ဖျော်ဖြေရေးအစီအစဉ်များစတုဒီသာအစီအစဉ်များဖြင့် ပါဝင်ဆင်နွဲခဲ့ကြောင်းသိရသည်။

ခနောသည် အဓိကမြို့ကြီးနှစ်မြို့ဖြစ်သည့်မန္တလေးမြို့တွင်စတုဒီသာမဏ္ဍပ်တခုဆောက်လုပ်ပြီး၊ ရန်ကုန်မြို့တွင်ထရပ်ကားလေးစီးဖြင့် လှည့်လည်ကာသင်္ကြန်ပွဲကိုဆင့်နွဲနေရင်းပင်ပန်းကာ ဗိုက်ဆာနေသောသူများကိုခနောကနမူနာကုန်ပစ္စည်းများ ဝေဝှာရင်းမြန်မာ့ရိုးရာယိမ်းအကများ သင်္ကြန်တေးသီချင်းများဖျော်ဖြေခဲ့သည်။

မန္တလေးမြို့ခနောစတုဒီသာ မဏ္ဍပ်တွင်မြန်မာတို့၏ အနှစ်သက်ဆုံးစားစရာဖြစ်သော မြန်မာ့အကြိုက်မုန့်ဟင်းခါးဖြင့် ကျွေးမွေးဧည့်ခံခဲ့ပြီးသင်္ကြန်ဆင်နွဲသူများခေတ္တ အနားယူချိန်များတွင်ဖျော်ဖြေမှုများ၊ ရိုးရာယိမ်းအကများ၊ Beatbox ဖျော်ဖြေမှုများ၊ ပျော်ရွှင်ဖွယ်ဂိမ်းများ၊ နာမည်ကျော်သူရသိန်းအဖွဲ့၏မျက်လှည့်များ၊ ဆပ်ကပ်များဖြင့် ဖျော်ဖြေပေးခဲ့သည်။

ရန်ကုန်မြို့တွင် လူစည်ကားသောနေရာများလမ်းများသို့ခနောထရပ်ကားများဖြင့်လှည့်လည်သွားလာဖျော်ဖြေခဲ့ကြောင်း၊ ထရပ်ကားပလက်ဖောင်းပေါ်တွင်ရိုးရာသင်္ကြန်ယိမ်းအကများ၊ သင်္ကြန်သီချင်းများသီဆိုဖျော်ဖြေခြင်း၊ ခနောငါးမှုန့်သရုပ်ပြဖျော်ဖြေမှုများ၊ ခနောဝန်ထမ်းများမှ ကုန်ပစ္စည်းနမူနာများ ဝေဝှာပေးခဲ့သည်။

အဆိုပါမြို့ကြီးနှစ်မြို့ရှိဘုန်းကြီးကျောင်းများကိုလည်းခနော၏အသင့်ထုတ်ကုန်များ သွားရောက်လှူဒါန်းခဲ့ကြောင်းသိရသည်။ ကျော်ကျော်

လေယာဉ်ပေါ် ဗုံးပါလာသည်ဟု ခြိမ်းခြောက်ခဲ့သူကို စင်ကာပူရဲတပ်ဖွဲ့ ဖမ်းဆီး

လေယာဉ်ပေါ်တွင် ဗုံးပါလာသည်ဟု လိမ်ညာခြောက်လှန့်သည့် ခရီးသည်တစ်ဦးကို စင်ကာပူရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဧပြီ ၅ရက်က Scootလေကြောင်းလိုင်းပိုင် လေယာဉ်သည် ထိုင်းနိုင်ငံရှိ ဟတ်ယိုင်မြို့သို့ ဦးတည်ပျံသန်းနေစဉ်အသက် ၄၁နှစ်အရွယ်ခရီးသည်၏ ခြိမ်းခြောက်မှုကြောင့် လေယာဉ်မှူးက နောက်ကြောင်းပြန်လှည့်ရန် ဆုံးဖြတ်ခဲ့ရသည်။

အဆိုပါ ခရီးသည်ကရင်း၏ ခရီးဆောင်အိတ်ထဲတွင် ဗုံးယူလာသည်ဟု လေယာဉ်အမှုထမ်းများကို ပြောကြားခဲ့ကြောင်း စုံစမ်းရေးအရာရှိများက ဆိုသည်။ စင်ကာပူလေတပ်မှ တိုက်လေယာဉ်နှစ်စီးသည် ထိုသတင်းရသည်နှင့်ချက်ချင်းပျံတက်ပြီး ခရီးစဉ်အမှတ် TR634လေယာဉ်ကို ခြံရံလိုက်ပါ ပျံသန်းခဲ့သည်။

လေယာဉ်သည် ချန်ဂီလေဆိပ်တွင် အောင်မြင်ချောမွေ့စွာ ဆင်းသက်နိုင်ခဲ့ပြီးနောက် ခြိမ်းခြောက်သည့် ခရီးသည်ကို လုံခြုံရေးအရာရှိများက ဖမ်းဆီးခဲ့ကြသည်။ ၎င်း၏ လက်ဆွဲခရီးဆောင်အိတ်ထဲတွင် မည်သည့်ဗုံးမျှမပါခဲ့ချေ။

"လေယာဉ်မှူးက အကြောင်းကြားတာနဲ့ F-15SGတိုက်လေယာဉ်နှစ်စီးက Scootလေကြောင်းလိုင်းပိုင် လေယာဉ်ကို ခြံရံလိုက်ပါပြီး ချန်ဂီလေဆိပ်မှာ ဆင်းသက်ချိန်အထိအနီးကပ်စောင့်ကြည့်ခဲ့ပါတယ်"ဟု စင်ကာပူကာကွယ်ရေးဝန်ကြီးနောင်အန်ဟန်းက ပြောကြားခဲ့သည်။

အဆိုပါဖြစ်ရပ်တွင် ခရီးသည် ၁၇၃ဦးရော၊ အမှုထမ်း၆ဦးပါ ထိခိုက်မှုရှိခဲ့ချေ။ ရဲတပ်ဖွဲ့သည် ဗုံးသတင်းခြိမ်းခြောက်ပြောကြားသည့်ခရီးသည်နှင့် ၎င်း၏အဖော်နှစ်ဦးကို ထိန်းသိမ်းပြီး စစ်ဆေးမေးမြန်းခဲ့သည်။

"ရဲတွေကလေယာဉ်ကို နှံ့နှံ့စပ်စပ်ရှာဖွေပါတယ်။ ဖြစ်စဉ်မှာ ထိန်းသိမ်းခံရတဲ့ အဖော်နှစ်ယောက်ကတော့ ခြိမ်းခြောက်မှုနဲ့ ဘာမှဆက်စပ်ခြင်းမရှိပါဘူး"ဟု လေကြောင်းလိုင်းက ထုတ်ပြန်သည်။

အဆိုပါလေယာဉ်သည် နောင့်နေးမှုများကြုံခဲ့သည့် နောက်ညနေပိုင်းတွင် ချန်ဂီလေဆိပ်မှပြန်လည် ထွက်ခွာနိုင်ခဲ့သည်။ ဗုံးကိစ္စခြိမ်းခြောက်သည့် ခရီးသည်မှာမူ ကုလသမဂ္ဂ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေများအရ ဖမ်းဆီးခြင်း ခံထားရသည်။

ထိုပြစ်မှုအတွက် အမြင့်ဆုံးပြစ်ဒဏ်သည် စင်ကာပူဒေါ်လာ၁၂သိန်းထိ သို့မဟုတ် ထောင်ဒဏ် ၁၀နှစ်ထိ၊ သို့မဟုတ် ပြစ်ဒဏ်နှစ်ခုပေါင်းထိ ဖြစ်နိုင်ကြောင်း သိရသည်။

လရောင်– Ref: CNA

ဂျပန်အနောက်ပိုင်းတွင် ရစ်ချ်တာစကေး ၆.၁အဆင့် လျှင်လှုပ်ခတ်ပြီး ပျက်စီးမှုအချို့ဖြစ်ပေါ်

ဂျပန်နိုင်ငံအနောက်ပိုင်းတွင် ရစ်ချ်တာစကေး ၆.၁အဆင့်ရှိအင်အားပြင်း ငလျင်တစ်ခုလှုပ်ခတ်ခဲ့သဖြင့်ထိခိုက်ပျက်စီးမှုအချို့ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ ဂျပန်ငလျင်တိုင်းတာရေးအေဂျင်စီက မြို့တော်တိုကျိုမှ အနောက်ဖက်ကီလိုမီတာ ၈၀၀မျှအကွာအိုဟ်ဒါမြို့အနီးကို ဗဟိုပြု၍မြေအနက် ၁၂ကီလိုမီတာခန့်ကို ဦးတည်သည့် ငလျင်တစ်ခု ဧပြီ ၉ရက်မနက်အစောပိုင်းက လှုပ်ခတ်သွားကြောင်းဖော်ပြခဲ့သည်။

ငလျင်ကြောင့် အသေအပျောက်မရှိသော်လည်း လူ ၅ဦးဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း မြို့ခံကယ်ဆယ်ရေးဌာနက ကြေညာသည်။ ထို့အပြင် အိုဟ်ဒါရှိလမ်းများပေါ်တွင် အက်ကြောင်းများပေါ်လာခြင်း၊ သောက်သုံးရေဖြန့်ဝေမှုပိုက်လိုင်းများ ကျိုးပြတ်ခြင်း၊ ဓာတ်အားလိုင်းများ ပြတ်တောက်ခြင်းတို့လည်း တွေ့ကြုံခဲ့သည်။

ငလျင်၏ဒဏ်ကို ဂျပန်၏ ရှင်တိုဘာသာရေးအတွက် အရေးအပါဆုံး နယ်မြေတစ်ခုဖြစ်သည့် အစ်ဂူဗိုတွင်လည်း သက်ရောက်ခံစားခဲ့ရသည်။ ထိုဒေသတွင်မူ အပျက်အစီးများ မဖြစ်ပေါ်ခဲ့ချေ။

ငလျင်အပြီးတွင် အိမ်ခြေထောင်နှင့်ချီသောက်သုံးရေနှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်နေပြီး အမြန်ဆုံးပြင်ဆင်မှုများ ပြုလုပ်နေကြောင်း တာဝန်ရှိသူများက ဆိုသည်။ ဒေသတွင်း၌ ပြေးဆွဲသည့်ရထားလိုင်းအချို့ကိုလည်း ဆိုင်းငံ့ ထားလိုက်သည်။ ငလျင်နောက်ဆက်တွဲဆုနှာမီရေလှိုင်းအန္တရာယ်ကြုံနိုင်ခြေ သတိပေးချက်ထုတ်ပြန်မှုမရှိခဲ့ကြောင်းလည်း သိရသည်။

လရောင်– Ref: Business Insider

ရေနံတင်သင်္ဘောတိုက်ခိုက်ခံရသော်လည်း ရေနံတင်ပို့မှု မထိခိုက်ဟု ဆော်ဒီဝန်ကြီးပြောကြား

ဆော်ဒီအာရေဗီးယားနိုင်ငံမှ ရေနံတင်သင်္ဘောတစ်စီးကို ယီမင်နိုင်ငံမှ ဟိုသီသူပုန်အဖွဲ့က တိုက်ခိုက်ခဲ့သော်လည်းရေနံတင်ပို့မှုထိခိုက်မည် မဟုတ်ဟု ဆော်ဒီစွမ်းအင်ဝန်ကြီးခါလစ်အယ်လ်ဖာလစ်က ပြောကြားသည်။ အီရန်ကျောထောက်နောက်ခံဟိုသီအဖွဲ့သည် ဆော်ဒီရေနံတင်သင်္ဘောကိုယီမင်၏ အဓိကဆိပ်ကမ်းဖြစ်သော ဟိုဒေဒါဆိပ်ကမ်းကမ်းလွန်ဒေသတွင် တိုက်ခိုက်ခဲ့သည်ဟု အနောက်တိုင်းကထောက်ခံသော ဆော်ဒီဦးဆောင်သည့် ညွှန့်ပေါင်းအဖွဲ့က ပြောကြားသည်။

"အကြမ်းဖက်တိုက်ခိုက်မှုဟာ စီးပွားရေးလုပ်ငန်းများကို ထိခိုက်မှာမဟုတ်သလို ရေနံတင်ပို့မှုလည်း ရပ်တန့်မသွားစေနိုင်ပါဘူး"ဟု ဆော်ဒီရေနံဝန်ကြီး ဖာလစ်ကတွစ်တာ စာမျက်နှာတွင် ပြောကြားသည်။

ရေနံလုပ်ငန်းများနှင့် တင်ပို့မှုများ ပုံမှန်အတိုင်းဆက်လက်လည်ပတ်နေပြီး ဆော်ဒီအာရေဗီးယားနိုင်ငံတစ်ဝန်းရေနံလုပ်ငန်းများတွင်လည်း လုံခြုံရေးတိုးမြှင့်ထားခြင်းမရှိဟု ရေနံလုပ်ငန်းသတင်းရင်းမြစ်များက ပြောကြားသည်။

တိုက်ခိုက်ခံရသော ရေနံတင်သင်္ဘောသည်ဆော်ဒီအာရေဗီးယားပိုင် Abqaiqရေနံတင်သင်္ဘောဖြစ်သည်ဟု ဥရောပသမဂ္ဂရေတပ်က အတည်ပြုပြောကြားသည်။

နိုင်ငံတကာ အသိအမှတ်ပြု သမ္မတမန်ဆိုးဟာဒီကို ပြန်လည်တင်မြှောက်ရေး ဟိုသီသူပုန်များနှင့် ဖြစ်ပွားနေသော ယီမင်ပဋိပက္ခတွင် ဆော်ဒီအာရေဗီးယားနှင့်ယူအေအီးတို့က ၂၀၁၅က ကြားဝင်ခဲ့သည်။

ဟိုသီသူပုန်အဖွဲ့သည် ယီမင်နိုင်ငံမြောက်ပိုင်းဒေသအများအပြားကို ထိန်းချုပ်ထားပြီး ဆော်ဒီအာရေဗီးယားနိုင်ငံမြို့တော်ရီးယာ့ဒ်အပါအဝင် ဆော်ဒီပိုင်နက်သို့ဒုံးကျည်များဖြင့် ပစ်ခတ်ပြီးဆော်ဒီတပ်ဖွဲ့များက ကြားဖြတ်ပစ်ချခဲ့ရသည်။

လရောင်

—Ref: Reuters

အလွန်အကျွံညစ်ညမ်းလာသည့် အပန်းဖြေကမ်းခြေကို ပိတ်ထားရန် ဖိလစ်ပိုင်အစိုးရ ညွှန်ကြား

အလွန်အကျွံညစ်ညမ်းနေသည့် အပန်းဖြေကမ်းခြေတစ်ခုကို ပိတ်သိမ်းရန် ဖိလစ်ပိုင်သမ္မတရိုဒရီဂိုဒူတာတေးက ခွင့်ပြုပေးလိုက်ကြောင်း သိရသည်။

ဘိုရာကေးကမ်းခြေကို လူအများလာရောက် လည်ပတ်ခွင့်အနည်းဆုံး ခြောက်လမျှပိတ်သိမ်းထားရန် ဖိလစ်ပိုင်အစိုးရက ညွှန်ကြားခဲ့သည်။ ထိုကမ်းခြေသည် ဖြူလွှသည့် သဲသောင်ပြင်များနှင့် ကြည်လင်သော ပင်လယ်ရေကြောင့် တစ်ချိန်က ကမ္ဘာလှည့်ခရီးသွားများကြား အလွန်ရေပန်းစားခဲ့ဖူးသည်။

သို့သော် လက်ရှိ အခြေအနေတွင်မူ ဘိုရာကေးသည် မိလ္လာကန်တစ်ခုဖြစ်နေပြီဟု ဒူတာတေးကိုယ်တိုင်က ဝေဖန်ခဲ့ဖူးသည်။ ထိုစကားသည် ချဲ့ကားထားခြင်းမဟုတ်ဘဲကမ်းခြေသို့ လူအည်စိုအကြေးမစင်များလာတင်သည့် အခြေအနေများပင် အမှန်တကယ်ဖြစ်ပေါ်နေကြောင်း ဒေသခံများက ဝန်ခံခဲ့သည်။

အစိုးရ၏ဆုံးဖြတ်ချက်အရ ဧပြီ ၂၆ရက်မှစပြီး ဘိုရာကေးကမ်းခြေကို အများပြည်သူလာရောက်ခွင့် ပိတ်ထားပြီး ရှင်းလင်းသန့်စင်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဟု သိရသည်။ ထိုအတောအတွင်းကမ်းခြေကို အမှိုက်ပြု၍ အသက်မွေးနေသူ ၁၇၀၀၀၏ ယာယီရွှေ့ပြောင်းအခြေချမှုနှင့် ပတ်သက်သည့် အသေးစိတ်ကိစ္စများကိုလည်း အစိုးရအဖွဲ့အတွင်းဆွေးနွေးမှုများ ပြုလုပ်နေသည်။

"အခုအချိန်မှာ အကျိုးအမြတ်ကို အဓိကထားနေလို့မရတော့ဘူး။ ပေါ်လျှောမှုတွေကြောင့် သဘာဝပတ်ဝန်းကျင်ကို ဘယ်လောက်ထိ ဆိုးဆိုးရွားရွားထိခိုက်ခဲ့သလဲ ဆိုတာကို အဖြေရှာပြီး ကိုင်တွယ်ဖို့လိုနေပြီ။ ဒီကမ်းခြေကို ကယ်တင်ဖို့ လုပ်သင့်တာတွေကို အမြန်ဆုံးလုပ်ရတော့မယ်။ မဟုတ်ရင် အခြေအနေက ဆိုးသထက်ဆိုးလာပါလိမ့်မယ်"ဟု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဖရက်ဒရစ်ခ်အယ်လီဂရီက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်လက ဒူတာတေးသည် လူအည်စိုအကြေးများ ရေပေါ်ပေါလောမျောနေသည့်ကိစ္စနှင့် ပတ်သက်၍ ဘိုရာကေးမှာ မိလ္လာကန်လုံးလုံးဖြစ်နေပြီဟု ဝေဖန်ခဲ့ဖူးသည်။

ယမန်နှစ်တစ်နှစ်တာအတွင်း အဆိုပါကမ်းခြေသို့လာရောက်လည်ပတ်သူနှစ်သန်းမျှရှိခဲ့ပြီး ညပါတီပွဲများ၊ ကမ်းခြေရိုးများ အပါအဝင်ဖျော်ဖြေရေး အစီအစဉ်များ၊ ဟိုတယ်ဝှားရမ်းခများကြောင့် ဒေါ်လာတစ်ဘီလီယံဖိုးမျှဝင်ငွေ ရရှိခဲ့ကြောင်း သိရသည်။

လရောင်

Ref: CNN

ဓာတုလက်နက် အသုံးပြုခဲ့ရိုးမှန်ပါက ဆီးရီးယားကိုစစ်ရေးအရ တုံ့ပြန်မည်ဟု ထရမ့်ခြိမ်းခြောက်

အရပ်သားများကို ဓာတုလက်နက်ဖြင့် တိုက်ခိုက်ခဲ့သည် ဆိုပါက ဆီးရီးယားအစိုးရကိုစစ်ရေးအရ တုံ့ပြန်အရေးယူမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က မြိခြိမ်းခြောက်ပြောကြားခဲ့သည်။ ဒမတ်စကက်မြို့တော်အစွန်ရှိသူပုန်များထိန်းချုပ်ထားရာ အရှေ့ဂူတားဒေသမှ ဒုံးမားအရပ်တွင် ပြီးခဲ့သည့်သီတင်းပတ်ကုန်ဓာတုလက်နက်ဖြင့် တိုက်ခိုက်သည်ဟု ယူဆရသောအခြေအနေတစ်ခု ဖြစ်ပေါ်ခဲ့သည်။

ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေသူများက ဓာတုဓာတ်ငွေ့အဆိပ်သင့်သည့်လက္ခဏာများခံစားရပြီး ကလေးများအပါအဝင် လူပေါင်းထောင်ချီသေဆုံးကြောင်း ပြောကြားခဲ့သည်။ သို့သော် ဒုံးမားတွင် ဖြစ်ပွားနေသည့် အခြေအနေ အရပ်ရပ်ကို တိကျစွာဆန်းစစ်အတည်ပြုရန် အခက်အခဲများရှိနေဆဲ ဖြစ်သည်။

ထရမ့်ကမူ ယင်းကိစ္စအမှန်တကယ် ပေါ်ပေါက်ခဲ့ကြောင်း အမေရိကန်တွင် ရှင်းလင်းတိကျသည့် အထောက်အထားတစ်စုံတစ်ရာရထားပြီဟု ဆိုသည်။ ၎င်းသည် ဆီးရီးယားပဋိပက္ခနှင့်ပတ်သက်၍ ပြင်သစ်သမ္မတအီမန်နျူရယ်လ်မာခရွန်နှင့်လည်းဆွေးနွေးခဲ့ပြီး ပြင်းထန်တိကျစွာတုံ့ပြန်မှုမျိုး ရှိလာနိုင်ကြောင်း သတင်းထောက်များကို အသိပေးခဲ့သည်။

"စစ်ရေးအရ ကျွန်တော်တို့မှာ ရွေးချယ်စရာအများကြီးရှိတယ်။ ဘယ်လိုဆုံးဖြတ်ဖြစ်မလဲဆိုတာကိုတော့ အမြန်ဆုံးအတည်ပြုပေးမှာပါ"ဟု ထရမ့်ကဆိုသည်။ ထရမ့်သည်အစောပိုင်းကလည်း သားရဲတိရစ္ဆာန်သဖွယ်ရက်စက် ကြမ်းကြုတ်လှသည့် ဆီးရီးယားသမ္မတဘာရှာအယ်လ်အာဆတ်ကို ထောက်ပံ့ပေးနေသည့် ရုရှားနှင့် အီရန်အစိုးရများကို ဝေဖန်ရှုတ်ချခဲ့သေးသည်။

အာဆတ်သည် အရပ်သားများကို ဓာတုလက်နက်ဖြင့် တိုက်ခိုက်ကြောင်း ယခင်ကလည်း စွပ်စွဲမှုများတွေ့ကြုံခဲ့ရဖူးသည်။ သို့သော် ရုရှားရော၊ ဆီးရီးယားကပါ ဓာတုလက်နက်အသုံးပြုမှုနှင့်ပတ်သက်၍ အကြိမ်ကြိမ်ငြင်းဆိုခဲ့သည်။ ထိုအတောအတွင်း အမေရိကန်၏ ကုလသမဂ္ဂဆိုင်ရာသံအမတ် နစ်ကီဟာလေဝမကောင်းဆိုးရွားအာဆတ်ကို ထောက်ခံနေခြင်းဖြင့် ရုရှား၏ လက်တွင်းဆီးရီးယားကလေးငယ်များ၏ သွေးများစွန်းပေနေပြီဟု ဝေဖန်ပြောကြားခဲ့သည်။ ထို့အပြင်ဆီးရီးယားတွင် ဓာတုလက်နက်အသုံးပြုမှုနှင့်ပတ်သက်သည့် စုံစမ်းမှုအသစ်များ ပြုလုပ်နိုင်ရေးအတွက် ကုလသမဂ္ဂတွင် အဆိုတင်တောင်းဆိုသွားမည်ဟု ဟာလေကဆိုသည်။ ရုရှားဘက်ကမူ ထိုအဆိုပြုမှုသည် လက်ခံနိုင်စရာမဟုတ်သည့် သတ်မှတ်ချက်များပါဝင်နေခြင်းကြောင့် ၎င်းတို့ထောက်ခံမည် မဟုတ်ဟု တုံ့ပြန်ထားသည်။

လရောင် – Ref: Reuters

ဆီးရီးယားတွင် စစ်ဘက်သုံးလေဆိပ်ကို ဒုံးကျည်ဖြင့် တိုက်ခိုက်မှု ဖြစ်ပွား

ဆီးရီးယားတွင် စစ်ဘက်သုံးလေဆိပ်တစ်ခု တိုက်ခိုက်ခံရပြီး သေဆုံးသူအချို့ ရှိခဲ့ကြောင်း အစိုးရမီဒီယာက ဖော်ပြခဲ့သည်။

ဗြီ ဧရက် မနက်အစောပိုင်းတွင် ဟွမ်းစ်မြို့ရှိ T4လေဆိပ်ဟု လူသိများသော တိုင်ယက်စ်လေဆိပ်သို့ ဒုံးကျည်အချို့ကျရောက် ပေါက်ကွဲခဲ့ကြောင်း ဆီးရီးယားအစိုးရမီဒီယာက ဖော်ပြခဲ့သည်။ သို့သော် အသေးစိတ်အချက်အလက်များကို ထုတ်ပြန်မှုမရှိခဲ့ချေ။

ဆီးရီးယားစစ်ဘက်သုံးလေဆိပ်ကို တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်ဆိုသောကိစ္စနှင့်ပတ်သက်၍ ၎င်းတို့နှင့်မသက်ဆိုင်ကြောင်း အမေရိကန်ဘက်က ငြင်းချက်ထုတ်ထားခဲ့သည်။ မည်သည့်အဖွဲ့အစည်းကမှလည်း ယင်းတိုက်ခိုက်မှုအတွက် တာဝန်ခံကြေညာခြင်း မရှိချေ။

ဆီးရီးယားမြို့တော် ဒမတ်စကက်ဆင်ခြေဖုံးရှိ သူပုန်များ နောက်ဆုံးလက်ကျန်ထိန်းချုပ်ထားရာ အရှေ့ဂူတားဧရိယာတွင် အဆိပ်ဓာတ်ငွေ့ဖြင့် တိုက်ခိုက်မှုကြောင့် လူပေါင်းထောင်ချီသေဆုံးကြောင်း သတင်းများထွက်ပေါ် အပြီးတွင်ဆီးရီးယားစစ်ဘက်သုံးလေဆိပ်သို့ ယခုလိုဒုံးကျည်များ ကျရောက်လာခြင်း ဖြစ်သည်။

အမေရိကန် သမ္မတဒေါ်နယ်လ်ထရမ့်ကမူ အဆိပ်ဓာတ်ငွေ့တိုက်ခိုက်မှုကိစ္စနှင့်ပတ်သက်၍ ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်ကို သားရိုင်းတိရစ္ဆာန်ကြီးတစ်ကောင်နှင့် နှိုင်းယှဉ်ရှုတ်ချခဲ့သလိုအာဆတ်၏ မဟာမိတ်ရုရှားနှင့် အီရန်တို့ကိုလည်း အပြစ်တင်ထားသည်။

ထရမ့်ကိုယ်တိုင်က ပြင်းပြင်းထန်ထန်ဝေဖန်မှု ပြုလုပ်ထားသည့်တိုင်လေဆိပ်ကို တိုက်ခိုက်မှုမှာမူၔင်းတို့နှင့် လုံးဝပတ်သက်မှုမရှိကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများက ငြင်းဆိုထားသည်။ "အဲဒီအချိန်တုန်းက ကာကွယ်ရေးဝန်ကြီးဌာနဟာဆီးရီးယားမှာ စစ်ဆင်ရေးဆင်နွှဲနေတာမရှိပါဘူး"ဟု ပင်တဂွန်စစ်ဌာနချုပ်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဆီးရီးယားအစိုးရသတင်းဌာနက အစောပိုင်းတွင် အဆိုပါဒုံးကျည်တိုက်ခိုက်မှုသည် အမေရိကန်လက်ချက်ဟု ယုံကြည်ရကြောင်း ဖော်ပြခဲ့သော်လည်းနောက်ပိုင်းတွင်မူ အမေရိကန်၏အမည်ကို ပြန်လည်ဖယ်ရှားထားခဲ့ကြောင်း သိရသည်။

လရောင်
Ref:BBC

တောင်ကိုရီးယားသမ္မတဟောင်း ပတ်ဂွန်ဟေး ထောင်ဒဏ် (၂၄) နှစ်ကျ

နိုင်ငံရေးခေါင်းဆောင်များနှင့် တောင်ကိုရီးယားလုပ်ငန်း ရှင်သူဌေးကြီးများ ကြားအကျင့်ပျက်ခြစားမှု ကွန်ရက်များကို ဖွင့်ဟပြခဲ့သည့် အရှုပ်တော်ပုံတစ်ခုနှင့် ပတ်သက်၍ တောင်ကိုရီးယားတရားရုံးတစ်ရုံးက သမ္မတဟောင်း ပတ်ဂွန်ဟေးအား သောကြာနေ့က ထောင်ဒဏ် (၂၄)နှစ် ချမှတ်ခဲ့သည်။

လုပ်ငန်းစုကြီးနှစ်ခု၏ အကြီးအကဲများ ထောင်ချခံခဲ့ရသည့် အရှုပ်တော်ပုံတစ်ခုနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ပတ်ဂွန်ဟေးကို ထုတ်ပယ်ရန် အမိန့်ချပြီးနောက် ၎င်းသည် ပြီးခဲ့သည့်နှစ်က ရာထူးမှဖယ်ရှားခံရသော တောင်ကိုရီးယား၏ ပထမဆုံးဒီမိုကရေစီနည်းကျ တင်မြှောက်ခဲ့သည့် ခေါင်းဆောင်ဖြစ်သည်။

ယင်းတရားရုံးက စစ်အာဏာရှင်ဟောင်းတစ်ဦး၏ သမီးမစ္စစ်ပတ်ကို ကန်ဒေါ်လာ ၁၆ဒသမ ၉သန်း ပေးဆောင်ရန် ဒဏ်ရိုက်ခဲ့သည်။ ၎င်းသည်အာဏာအလွဲသုံးစားလုပ်မှု၊ အတင်းအကျပ်ငွေပေးဆောင်စေမှုနှင့် လာဘ်ပေးလာဘ်ယူမှုအပါအဝင်စွဲချက်များစွာအတွက် အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ပတ်ဂွန်ဟေးသည် ပြည်သူများကယုံကြည်စွာ အပ်နှင်းထားသောသမ္မတအခွင့်အာဏာကို အလွဲသုံးပြီးရလဒ်အဖြစ် နိုင်ငံရေးရာကိစ္စရပ်များ ပရမ်းပတာဖြစ်ခဲ့ကာ မကြုံစဖူးသော သမ္မတရာထူးဖယ်ရှားခံရမှုဆီ ဦးတည်ကြောင်း တရားသူကြီးကင်ဆီယွန်က မစ္စစ်ပတ်ကို ပြစ်ဒဏ်ချမှတ်စဉ်ပြောကြားသည်။

မစ္စစ်ပတ်သည် ၎င်း၏ မိတ်ဆွေဟောင်း ချိုင်ဆွန်စီးလ်နှင့် ပူးပေါင်းကြံစည်ကာ ချိုင်း၏ မိသားစုနှင့်ၔင်းပိုင်သော အမြတ်မယူသည့် ဖောင်ဒေးရှင်းအတွက် ရန်ပုံငွေရရေးဆမ်ဆောင်းနှင့် Lotte အုပ်စုတို့အပါအဝင် အဓိကလုပ်ငန်းကြီးများမှ ဝမ် ၂၃ဒသမ ၁ဘီလီယံလက်ခံခဲ့ကြောင်း တရားရုံးကဆုံးဖြတ်သည်။

အစိုးရရှေ့နေများက ၎င်းကိုထောင်ဒဏ် နှစ်(၃၀)နှင့် ဒဏ်ငွေကန်ဒေါ်လာ ၁၁၂သန်းချရန်ကြိုးပမ်းခဲ့သည်။ ပြီးခဲ့သည့်နှစ် မတ်လ ၃၁ရက်ကတည်းက အကျဉ်းကျခံနေရသော မစ္စစ်ပတ်(၆၆)နှစ်က အမှားအယွင်းတစ်စုံတစ်ရာလုပ်ထားခြင်းမရှိဟု ငြင်းဆိုပြီး တရားရုံးသို့လာရောက်ခဲ့ခြင်း မရှိပေ။ မစ္စစ်ပတ်သည် နောင်တရသော လက္ခဏာမပြသဘဲ မစ္စစ်ချိုင်းနှင့် ၎င်း၏လက်ထောက်အရာရှိများအပေါ် အပြစ်လွှဲချရန်ကြိုးပမ်းခဲ့သည်ဟု တရားသူကြီးက ပြောသည်။

လရောင်
Ref: Reuters

အီးယူဥပဒေများအရ ဖေ့စ်ဘွတ်ခ်က ပုဂ္ဂိုလ်ရေး ရွေးချယ်မှုများ ထုတ်ပြန်

များမကြာမီထွက်ပေါ်လာမည့် အီးယူဥပဒေများကို လိုက်နာရေး ဖေ့စ်ဘွတ်ခ်က ပုဂ္ဂိုလ်ရေးအချက်အလက်များကို ၎င်းတို့ကိုင်တွယ်ပုံပြောင်းလဲမည်ဟု ဧပြီ ၁စရက်က ကြေညာပြီး ယင်းအစီအစဉ်ကို ဥရောပတွင်နေသူများ ပထမဆုံးမြင်တွေ့ရမည်ဖြစ်သည်။ ဖေ့စ်ဘွတ်ခ်သုံးစွဲသူ သန်းပေါင်းများစွာ၏ ပုဂ္ဂိုလ်ရေးအချက်အလက်များ မောင်ပိုင်စီးခံရသည့်အကြောင်း ဖွင့်ချပြကြောင့် ထိခိုက်ခဲ့သည့် ဖေ့စ်ဘွတ်ခ်က မေလ ၂၅ရက်တွင် စတင်အသက်ဝင်မည့် အီးယူ၏ အထွေထွေအချက်အလက် ကာကွယ်ရေးဥပဒေ(GDPR)အတိုင်း လိုက်နာရေးပုဂ္ဂိုလ်ရေးဆိုင်ရာထိန်းချုပ်မှုအသစ်များ စတင်အကောင်အထည်ဖော်မည်ဟုပြောသည်။

မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေလူတိုင်းကို ဖေ့စ်ဘွတ်ခ်ကအချက်အလက်အသုံးပြုပုံနှင့်ပတ်သက်၍ အရေးကြီးသောသတင်းအချက်အလက်ကို ပြန်သုံးသပ်ရန်ညွှန်ကြားမည်ဖြစ်ပြီး ဖေ့စ်ဘွတ်ခ်ပေါ်ရှိၔင်းတို့၏ ပုဂ္ဂိုလ်ရေးအချက်အလက်များနှင့်ပတ်သက်၍ ရွေးချယ်ခိုင်းမည်ဖြစ်ကြောင်း ဖေ့စ်ဘွတ်ခ်ကြေညာချက်တစ်ရပ်၌ ဖော်ပြထားသည်။ ယင်းရွေးချယ်စရာများကို ဥရောပတွင် ယခုသီတင်းပတ်အတွင်း စတင်မည်ဖြစ်သည်။

မူဝါဒသစ်အရ ဖေ့စ်ဘွတ်ခ်သုံးသူများကို ၎င်းတို့လက်ခံရရှိသော ကြော်ငြာများနှင့်ပတ်သက်၍ ကြားခံအဖွဲ့အားအချက်အလက်အသုံးပြုခွင့်ပေး၊ မပေးကိုရွေးချယ်ခိုင်းမည်ဖြစ်သည်။

ဖေ့စ်ဘွတ်ခ်သုံးသူများကို ၎င်းတို့၏အကောင့်များတွင် နိုင်ငံရေး၊ ဘာသာရေးနှင့်ဆက်ဆံရေးအခြေအနေများနှင့် ပတ်သက်၍ဝေမျှလိုသည့်အရာကို စိစစ်ရွေးချယ်ခိုင်းမည်ဖြစ်သည်။

ထို့အပြင် ဖေ့စ်ဘွတ်ခ်သုံးစွဲသူများအနေဖြင့် မျက်နှာမှတ်မိနိုင်သော နည်းပညာအသုံးပြုမှုကို သုံးရန် (သို့မဟုတ်) မသုံးရန် ခွင့်ပြုမည်ဖြစ်သည်။

မျက်နှာမှတ်မိနိုင်သောနည်းပညာကို အသုံးပြုလိုက သုံးနိုင်သည်ဟုအသုံးပြုသူများအား အသိပေးမည်ဖြစ်သည်။

"ကျွန်တော်တို့က အဲဒီဥပဒေကိုပဲလိုက်နာချင်တာမဟုတ်ဘဲ ဖေ့စ်ဘွတ်ခ်ပေါ်က လူတိုင်းအတွက် ပုဂ္ဂိုလ်ရေးအတွေ့အကြုံသစ်တွေ၊ အဆင့်မြင့်တာတွေ တည်ဆောက်ဖို့ကျွန်တော်တို့ တာဝန်ယူရတာထက်ပိုပြီးတော့လည်း လုပ်ပေးချင်ပါတယ်"ဟု ဖေ့စ်ဘွတ်ခ်ကြေညာချက်၌ ဖော်ပြထားသည်။

လရောင်
Ref: AFP

နှစ် ၆၀ခန့်အတွင်း ကက်စထရိမီသားစုဝင်မပါသည့် ကျူးဘားခေါင်းဆောင်သစ် ရွေးချယ်မည်

မျှော်မှန်းထားသလို အရာအားလုံး အဆင်ပြေချောမွေ့ပါက ကျူးဘားနိုင်ငံသည် သမ္မတသစ်အမည်ကို သီတင်းနှစ်ပတ်အတွင်း တင်သွင်းနိုင်မည်ဖြစ်ပြီး ယင်းမှာ နှစ်(၆၀)ခန့်အတွင်း ကွန်မြူနစ်ခေါင်းဆောင်ကက်စထရိမီသားစုဝင်တစ်ဦးမျှ မပါဝင်သော ပထမဆုံးအကြိမ်ဖြစ်သည်။ သက်တမ်းကုန်တော့မည့် လက်ရှိသမ္မတရာအူးလ်ကက်စထရိသည် အစ်ကိုဖီဒယ်လ်ကက်စထရိကဲ့သို့ ရာထူးမှအနားယူ၊ မယူပဟေဠိဖြစ်နေဆဲဖြစ်သည်။

ဖီဒယ်လ်ကက်စထရိသည် ရာထူးမှအနားယူခဲ့သော်လည်း တိုင်းပြည်ရေးရာကိစ္စရပ်များကို ကွယ်လွန်ချိန် ၂၀၁၆အထိ ကြိုးကိုင်အုပ်ချုပ်ခဲ့သည်။ သို့သော် ကျူးဘားအမျိုးသားညီလာခံအနေဖြင့် ဇူလိုင် ၁၉ရက်အစည်းအဝေးကျင်းပသည့်အခါ သမ္မတသစ်အမည်တင်သွင်းနိုင်မည်ဖြစ်သည်။

ယင်းမှာ အမေရိကန်ကို ဆယ်စုနှစ်ပေါင်းများစွာ ရန်လိုမုန်းထားခဲ့သည့် ကျူးဘားသမိုင်းတွင် အဓိကအပြောင်းအလဲတစ်ခု ဖြစ်လာမည်ဖြစ်သည်။

"ဒါက ဒီခိုကရေစီဆီအသွင်ကူးပြောင်းမှု တစ်ခုမဟုတ်ပါဘူး။ ဒါပေမဲ့ ဒါကကြီးမားတဲ့အချိုးအကွေ့ပါ" ဟု ကျူးဘား၌ စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသော အမေရိကန်ကုမ္ပဏီအမြောက်အမြားကို ကိုယ်စားပြုသည့် Akerman ဥပဒေကုမ္ပဏီ၏ ရှေ့နေပက်ဒရိဖရေးရီကပြောသည်။ ရာအူးလ်ကက်စထရိ၏ နေရာကို ကျူးဘားကွန်မြူနစ်ပါတီတွင် ရာထူးအဆင့်ဆင့်ပုံမှန်တက်ခဲ့ပြီး ပြည်ပတွင် လူမသိနည်းသည့် လက်ရှိသမ္မတမီဂွယ်ဒီယာ့ဇ်နယ်လ် (၅၇)နှစ်က ဆက်ခံဖွယ်ရှိသည်။

သမ္မတအဖြစ် ၎င်းရွေးချယ်ခံရပါက ဘာတစ္စတာအစိုးရကိုဖြုတ်ချခဲ့သည့် ၁၉၅၉တော်လှန်ရေးအတွင်း ဖီဒယ်လ်ကက်စထရိညီအစ်ကို နှင့်အတူ တိုက်ပွဲဝင်ခဲ့သော ပြောက်ကျားစစ်သည်များက အမျိုးစုဦးဆောင်ခဲ့သော ကျူးဘားအစိုးရအတွက် အထင်ကရပြောင်းလဲမှုအဖြစ်ကိုယ်စားပြုမည်ဖြစ်သည်။

သို့သော် ယာ့ဇ်နယ်လ်အနေဖြင့် သမ္မတဖြစ်၊ မဖြစ်ဆိုခြင်းမှာအာမခံချက်မရှိသေးပေ။ လရောင်—Ref: usatoday.com

iPhone 8 နှင့် iPhone 8 Plus တို့၏ အနီရောင် မူကွဲများရှင်းကို Apple မိတ်ဆက်

Appleသည် iPhone 8နှင့် iPhone 8 Plus စမတ်ဖုန်းများအတွက် အနီရောင်မူကွဲများရှင်းကို မိတ်ဆက်ပြသလိုက်သည်။ အဆိုပါဖုန်းများ ထုတ်လုပ်မှုသည် အမေရိကန်နည်းပညာလုပ်ငန်းစုကြီးနှင့် ပရဟိတလှုပ်ရှားမှုအဖွဲ့ RED တို့ကြားပူးပေါင်းဆောင်ရွက်မှု အစိတ်အပိုင်းတစ်ခုလည်း ဖြစ်သည်။ RED သည် အာဖရိကနိုင်ငံများတွင် HIVနှင့်AIDS ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်နေသည့် အဖွဲ့အစည်း ဖြစ်သည်။

iPhone 8 နှင့် iPhone 8 Plusတို့၏ REDမူကွဲများရှင်းများတွင် တောက်ပသည့်အနီရောင်အလျှံမီနီယမ်သားကိုယ်ထည်ကို အသုံးပြုထားသည်။ အဆိုပါဖုန်းများအတွက် သိုလှောင်မှုစွမ်းရည်ကို 64GB နှင့် 256GBဟု နှစ်မျိုးခွဲခြားထုတ်လုပ်ထားသည်။

Appleသည် REDနှင့်ပူးပေါင်း၍ စမတ်ဖုန်းများထုတ်လုပ်သည်မှာ နှစ်နှစ်ဆက်တိုက်ဒုတိယအကြိမ်ဖြစ်လာသည်။ ယမန်နှစ်ကလည်း iPhone 7 နှင့် iPhone 7Plus အတွက် RED မားရှင်းများ ထွက်ပေါ်ခဲ့ဖူးသည်။

RED နှင့်ပူးပေါင်းဖန်တီးသည့် ပရောဂျက်မှရရှိလာသော အကျိုးအမြတ်ငွေကြေးများကို Apple က ခွဲဝေလျှာ်ခြန်းမည်ဖြစ်သည်။ Apple သည် လက်ရှိအချိန်ထိRED ထံသို့ဒေါ်လာသန်းပေါင်း ၁၆၀ကျော်ပေးအပ်လျှာ်ခြန်းထားသည်။

iPhone 8 နှင့် iPhone 8 Plusတို့၏ RED မားရှင်းသစ်များကို အမေရိကန်၊ ကနေဒါ၊ ဂျာမနီတို့ အပါအဝင်သတ်မှတ်ထားသည့် နိုင်ငံအချို့၌ ဇူလိုင် ၁၀ရက်မှစတင်၍ အွန်လိုင်းမှမှာယူရန် ခွင့်ပြုပေးသွားမည်ဖြစ်သည်။

Apple သည် ကုမ္ပဏီ၏ဈေးအကြီးဆုံး စမတ်ဖုန်းဖြစ်သည့် iPhone X ကိုမူ RED မားရှင်းဖြင့် ထုတ်လုပ်ရောင်းချခြင်းမရှိချေ။ ယင်းအစား အနီရောင်သားရေသား ဖုန်းကာမာကို ၉၉ဒေါ်လာဖြင့် Appleက ရောင်းချပေးလျက်ရှိသည်။

လရောင်– Ref: CNN

ဆော်ဒီအာရေးဗီးယား အိမ်ရှေ့မင်းသား ပြင်သစ်ခရီးစဉ် စတင်

ဆော်ဒီအာရေးဗီးယား အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်သည် စီးပွားရေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကမ္ဘာလှည့် ခရီးစဉ်အတွင်း ဧပြီ ၉ရက်က ပြင်သစ်နိုင်ငံသို့ ခရီးစဉ်စတင်ခဲ့သည်။ တနင်္ဂနွေနေ့က ပြင်သစ်နိုင်ငံသို့ ရောက်လာသော ဆော်ဒီအိမ်ရှေ့မင်းသား ဘင်ဆယ်လ်မန်သည် ပြင်သစ်သမ္မတ မက်ကရွန်နှင့်အတူပါရီမြို့ရှိ သမိုင်းဝင်လုမ်ပြတိုက်၌ ညစာသုံးဆောင်ခဲ့သည်။

ပြင်သစ်နိုင်ငံသည် ကမ္ဘာထိပ်တန်း ရေနံစိမ်းတင်ပို့သည့် ဆော်ဒီအာရေးဗီးယားနိုင်ငံနှင့် ဆက်ဆံရေးတိုးမြှင့်ရန် ကြိုးပမ်းနေစဉ်တစ်ချိန်တည်း ဆော်ဒီအာရေးဗီးယားပြိုင်ဘက်အီရန်နှင့်ဆက်ဆံရေး ပိုကိုတိုးတက်ရန် ဆောင်ရွက်နေခြင်းကြောင့် သမ္မတမက်ကရွန်အနေဖြင့် ဆော်ဒီအိမ်ရှေ့မင်းသား ဘင်ဆယ်လ်မန်နှင့် တွေ့ဆုံဆွေးနွေးမှု၌ ထိရှလွယ်သော သံတမန်ရေးအခြေအနေနှင့် ရင်ဆိုင်ရနိုင်သည်။

ဆော်ဒီအာရေးဗီးယား စစ်တပ်ကိုဦးဆောင်ကွပ်ကဲနေသည့် အသက် (၃၂)နှစ်အရွယ် အိမ်ရှေ့မင်းသားဘင်ဆယ်လ်မန်သည် ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဖလော်ရန့်ပါလီနှင့် လည်းတွေ့ဆုံရန် စီစဉ်ထားသည်။ အိမ်ရှေ့မင်းသားပြင်သစ်သို့ရောက်ရှိလာစဉ် ယီမင်ပြည်တွင်းစစ်အတွင်း ပါဝင်တိုက်ခိုက်နေသည့် ဆော်ဒီအာရေးဗီးယားနိုင်ငံသို့ ပြင်သစ်နိုင်ငံက လက်နက်တင်ပို့ရောင်းချခြင်းကို ဆန့်ကျင်ရန်တက်ကြွလှုပ်ရှားသူများ စုရုံးဆန္ဒပြမည်ဟု မျှော်မှန်းရသည်။

ပြင်သစ်နိုင်ငံသားအများစုက ပါရီအစိုးရအနေဖြင့် ဆော်ဒီအာရေးဗီးယားနိုင်ငံသို့လက်နက်ရောင်းချခြင်းကိုလက်မခံကြောင်း ပြီးခဲ့သည့်လတွင် You Gov အဖွဲ့၏ လူထုစစ်တမ်းကောက်ယူမှု တစ်ခုအရသိရသည်။

ဆော်ဒီအိမ်ရှေ့မင်းသားသည် အမေရိကန်၊ ဗြိတိန်နှင့် အီဂျစ်နိုင်ငံသို့ သီတင်းတစ်ပတ်ကြာ သွားရောက်ပြီးနောက် ပြင်သစ်နိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်သည်။

အဂျင်္ဂနေ့တွင် ကျင်းပမည့် ဆော်ဒီ–ပြင်သစ်အမှူဆောင်အရာရှိချုပ်ဖိုရမ်၌ စွမ်းအင်၊ လယ်ယာစိုက်ပျိုးရေး၊ ခရီးသွားနှင့် ယဉ်ကျေးမှုစသည့်ကဏ္ဍများအတွက် နားလည်မှုစာချွန်လွှာ ၁စုခုခန့် သဘောတူလက်မှတ်ထိုးမည်ဖြစ်ကြောင်း ဆော်ဒီအိမ်ရှေ့မင်းသား၏ ကိုယ်စားလှယ်အဖွဲ့မှ သတင်းရင်းမြစ်တစ်ခုက ပြောသည်။ လရောင်—Ref: AFP/ad

အမေရိကန် ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကို ဆန့်ကျင်ရေး ပူးတွဲဆောင်ရွက်ရန် အီးယူကို တရုတ်တိုက်တွန်း

ဝါရှင်တန်နှင့် ဘေဂျင်းအစိုးရတို့ကြား အပြန်အလှန်အခွန်တိုးမြှင့်ကောက်ခံမှုကြောင့် ဥရောပအနေဖြင့် ကြားညှပ်နိုင်သည့် အန္တရာယ်ရှိနေစဉ် အမေရိကန်၏ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကို ဆန့်ကျင်ရေးတပေါင်းတစည်းတည်းရပ်တည်ရန် တရုတ်ကဥရောပသမဂ္ဂကို တိုက်တွန်းခဲ့သည်။

တရုတ်သွင်းကုန်များအပေါ် နောက်ထပ်အခွန်ကန်ဒေါ်လာ ၁၀၀ဘီလီယံကောက်ခံနိုင်သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က သတိပေးပြီး နောက် ဘရပ်ဆဲလ်ကို တရုတ်၏တိုက်တွန်းချက် ထွက်ပေါ်လာသည်။

တရုတ်– အမေရိကန်ကုန်သွယ်ရေး အငြင်းပွားမှုကြောင့် ကမ္ဘာ့ကုန်သွယ်ရေးစစ်ပွဲတစ်ခုဖြစ်လာနိုင်သည်ဆိုသော စိုးရိမ်မှုများဖြစ်ပေါ်စေခဲ့သည်။ တရုတ်နှင့် အီးယူတို့သည် ကိုယ်ကျိုးစီးပွားကာကွယ်မှုကို ဆန့်ကျင်ရာတွင် ရှင်းလင်းသောရပ်တည်မှုပြုလုပ်သင့်ပြီး နိုင်ငံစုံကုန်သွယ်ရေးအစီအစဉ်ကို အခြေခံသောဥပဒေများရေရှည်တည်တံ့အောင် ပူးပေါင်းဆောင်ရွက်ပြီး ကမ္ဘာ့စီးပွားရေးကို ရေရှည်ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်တွင် ဆက်လက်ထားသင့်ကြောင်း အီးယူဆိုင်ရာတရုတ်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ကျန်းမင်က ပြောသည်။

ယင်းမှာ တရုတ်နှင့် အီးယူတို့၏ ပူးတွဲတာဝန်ဖြစ်ပြီး မိမိတို့ကဖြစ်လာအောင် အတူလုပ်ကိုင်ရမည်ဟု ၎င်းကပြောသည်။

၎င်း၏ ပြောဆိုမှုတွင် ကျန်းမင်က နိုင်ငံစုံဝါဒကို ကာကွယ်ပြီး အမေရိကန်သည် တစ်ကမ္ဘာလုံးအသိအမှတ်ပြုထားသော ဥပဒေများနှင့် ကိုယ်ပိုင်ကတိပြုမှုကို ကျော်ခိုင်းနေပြီဟု ပြောသည်။

တရုတ်စီးပွားရေးဝန်ကြီးဌာနက ဧပြီ ၆ရက်တွင် ဝါရှင်တန်နှင့်ကုန်သွယ်ရေးအငြင်းပွားမှုအတွင်း မည်သည့်ပေးဆပ်မှုမျိုးမဆို ပေးဆပ်ရန်အသင့်ရှိသည်ဟု ပြောကြားခဲ့သည်။ လရောင်—Ref: AFP

ကိုယ်အလေးချိန် ပေါင် ၂၀ကျချင်တဲ့ ကိုင်လီဂျန်နာ

မကြာမီကမီးဖွားခဲ့သော အမေရိကန်မော်ဒယ် ကိုင်လီဂျန်နာသည် ကိုယ်အလေးချိန်ပေါင် ၂၀ကျလို ကြောင်း ပြောကြားသည်။

ဖေဖော်ဝါရီက သမီးလေး Stormi ကို မွေးဖွားခဲ့သော အသက် (၂၀) အရွယ် ကိုင်လီဂျန်နာသည် ယခင်က တောင့်တင်းသွယ်လျသော ခန္ဓာကိုယ်အချိုး အစားပြန်ရရန် ကြိုးစားနေသည်။

မီးဖွားပြီးနောက် ခန္ဓာကိုယ်ကို ပြန်လည်ထိန်းသိမ်းရန် ကိုယ်အလေးချိန်ပေါင် ၂၀ ချရန် လိုအပ်ကြောင်း ကိုင်လီဂျန်နာက ပြောသည်။

"ကိုင်လီက ကလေးမွေးပြီးနောက်ပိုင်း ဝိတ်ပြန်ချဖို့အတွက် အားကစားလေ့ကျင့်မှုတွေ လုပ်နေပါတယ်။ သူကငယ်ရွယ်လှပတဲ့ ခပ်လန်းလန်းကလေးအမေတစ်ယောက်ဖြစ်ချင်တာလေ။ အဲဒီလိုဖြစ်အောင်လည်း သူကြိုးစားနေပါတယ်"ဟု အတွင်းလူတစ်ဦးက ပြောသည်။

ကိုင်လီသည် ချစ်သူအဆိုတော်ထရာဗစ်စကောက်နှင့်ရရှိသည့် ရင်သွေးလေးလွယ်ထားရကြောင်း ၂၀၁၇ စက်တင်ဘာက ကြေညာခဲ့ပြီး ယခုနှစ်ဖေဖော်ဝါရီတွင် သမီးဦးလေးမွေးဖွားခဲ့သည်။

လူမှုမီဒီယာစာမျက်နှာတွင် ပရိသတ်များအကြားရေပန်းစားပြီး ၂၀၁၄ ၌ တိုင်းမ်မဂ္ဂဇင်းက ဖော်ပြသည့် ကမ္ဘာ့သြဇာလွှမ်းမိုးမှုအရှိဆုံး ဆယ်ကျော်သက်အဖြစ် ဖော်ပြခံခဲ့ရသော ကိုင်လီဂျန်နာသည် ငယ်ရွယ်သော မိခင်တစ်ဦးဖြစ်လိုကြောင်း ကိုယ်ဝန်မရမီက ပြောကြားဖူးသည်။

လရောင်
Ref:Contactmusic

နမ်းဘိုးယားနိုင်ငံကို ဟန်နီးမွန်းထွက်မို့ ခင်ပွန်းဇနီးတို့ ဖြိတိန်တော်ဝင်မင်းသားခုံတွဲ

မေလတွင် မင်္ဂလာဆောင်မည့် ဖြိတိန်တော်ဝင်မင်းသားဟယ်ရီနှင့် အမေရိကန်မင်းသမီး မီဂန်မာကယ်တို့စုံတွဲသည် ဟန်နီးမွန်းခရီးစဉ်အဖြစ် အာဖရိကသို့ သွားရောက်ရန် ရွေးချယ်ထားသည်။ တော်ဝင်မင်းသားဟယ်ရီ (၃၃)နှစ်နှင့် မီဂန်မာကယ် (၃၆)နှစ်တို့သည် အာဖရိကအနောက်တောင်ဘက်ရှိ နမီးဘီးယားနိုင်ငံသို့ ဟန်းနီးမွန်းခရီးထွက်ရန် ရွေးချယ်ထားကြောင်း သတင်းရင်းမြစ်တစ်ခုက အတည်ပြုသည်ဟု Travel & Leisure ခရီးသွားမဂ္ဂဇင်းက ဖော်ပြခဲ့သည်။

သို့သော် ၎င်းတို့စုံတွဲ၏ ဟန်းနီးမွန်းခရီးစဉ်နှင့်ပတ်သက်၍ ဖြိတိန်တော်ဝင်မိသားစုက တရားဝင်ထုတ်ပြန်ကြေညာခြင်း မရှိသေးပေ။

မင်းသားဟယ်ရီနှင့် မီဂန်မာကယ်တို့သည် ပြီးခဲ့သည့်နှစ်က သီတင်းသုံးပတ်ကြာ အာဖရိကခရီးစဉ်ထွက်ခွာခဲ့ပြီး ဘော့ဆွာနာနှင့် ဇမ်ဘီယာ စသည့်နိုင်ငံများသို့ သွားရောက်လည်ပတ်ခဲ့သည်။

ၔင်းတို့နှစ်ဦး၏ တော်ဝင်မင်္ဂလာပွဲကို မေလ ၁၉ရက်တွင် ကျင်းပမည်ဖြစ်သည်။

လရောင် – Ref: Justjared

ဂျပန်နိုင်ငံမှာ ပထမဆုံးတစ်ကိုယ်တော် ဖျော်ဖြေပွဲ ပြုလုပ်မယ့် Girls' Generation အဖွဲ့ဝင်တေယွန်

Girls' Generation အဖွဲ့ဝင်တေယွန်သည် ဂျပန်နိုင်ငံတွင် ပထမဆုံးတစ်ကိုယ်တော် ဖျော်ဖြေပွဲပြုလုပ်မည်ဖြစ်သည်။ အသက် (၂၉)နှစ်အရွယ် တေယွန်သည် 'Taeyeon- Japan show Case Tour ၂၀၁၈' ဖျော်ဖြေပွဲကို ဇွန်လ ၁၅ ရက်တွင် စတင်ဖျော်ဖြေမည်ဖြစ်ကြောင်း SM Entertainment ကုမ္ပဏီက ကြေညာသည်။

တေယွန်သည် ဇွန်လ ၁၅ ရက်တွင် ဖုကူကာမြို့၌ ပထမဆုံးဖျော်ဖြေမည်ဖြစ်ပြီး ၁၉ရက်၌ နာဂိုယာမြို့၊ ၂၀ရက်တွင် တိုကျိုမြို့နှင့် ၂၉ရက်တွင် အိုဆာကာမြို့၌ နောက်ဆုံးပိတ်ဖျော်ဖြေမည်ဖြစ်သည်။

တို့ပြင်တေယွန်သည် 'SM Town Live World Tour VI in Dubai' ဖျော်ဖြေပွဲအတွက် ဧပြီ ၆ ရက်တွင် ဒုဘိုင်းမြို့သို့ သွားရောက်ဖျော်ဖြေသည်။

တောင်ကိုရီးယား၏ အအောင်မြင်ဆုံး ကေပေါ့ပ်အမျိုးသမီးအဆိုတော်အဖွဲ့ Girls' Generation နှင့်အတူ နာမည်ကျော်ကြားလာသော တေယွန်သည် တစ်ကိုယ်တော်ဂီတ လုပ်ရှားမှုများတွင် ပရိသတ်အားပေးမှု အများအပြားရရှိခဲ့သည်။

လရောင် – allkpop



အာဆင်နယ်ကို ၂၂ နှစ်ကြာ ကိုင်တွယ်ခဲ့သော အာစင်ဝင်းဂါး ရာသီကုန် ထွက်ခွာမည်

အာစင်ဝင်းဂါးသည် ရာသီကုန်ချိန်တွင် အာဆင်နယ်မှထွက်ခွာပြီး (၂၂)နှစ်ကြာကိုင်တွယ်မှုကိုအဆုံးသတ်တော့မည်ဖြစ်သည်။

ပြင်သစ်နိုင်ငံသားကြီးသည် ၎င်း၏နောက်ဆုံးစာချုပ်သက်တမ်းမကုန်ဆုံးမီ တစ်နှစ်အတွင်း အင်္ဂလိပ်ဘောလုံးလောက၏ သက်တမ်းအရှည်ဆုံးနည်းပြအဖြစ်မှ နုတ်ထွက်ခြင်းဖြစ်သည်။

အမြောက်တပ်သားများသည် အမှတ်ပေးဇယားနံပါတ်(၆)နေရာတွင်ရပ်တည်နေပြီး လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ထိပ်သီးလေးသင်းနေရာကိုလွှဲချော်ရန် သေချာသလောက်ရှိနေကာ ယူရိပါလိဂ်ဒိုလစ်ခွဲမှသာလျှင် ချန်ပီယံလိဂ်ဝင်နိုင်မည်ဖြစ်သည်။

အာဆင်နယ်အသင်းကို အမှတ်ရအောက်မေ့ဖွယ်ရာ နှစ်ပေါင်းများစွာ ကိုင်တွယ်ခွင့်ရရှိခဲ့သဖြင့် ကျေးဇူးတင်ကြောင်း ဝင်းဂါးကပြောကြားပြီး မိမိအနေဖြင့်အသင်းကို စိတ်ပိုင်းဖြတ်မှုအပြည့်ဖြင့်ကိုင်တွယ်ခဲ့သည်ဟု ပြောကြားသည်။ အာဆင်နယ်ပရိသတ်များအားလုံး၊ ကလပ်၏တန်ဖိုးများကို စောင့်ရှောက်ရန် ဝင်းဂါးကပြောကြားသည်။

အာစင်ဝင်းဂါး (၆၈)နှစ်သည် ပရီးမီးယားလိဂ်ဖလားသုံးကြိမ်၊ အက်ဖ်အေဖလားခုနစ်ကြိမ်ရရှိခဲ့သည်။ ဝင်းဂါးနေရာဆက်ခံမည့်သူကိုအမြန်ဆုံးရှာဖွေမည်ဟု အာဆင်နယ်အသင်းကပြောကြားသည်။

ဝင်းဂါး၏ ကြေညာချက်နှင့်ပတ်သက်၍ မိမိတို့နှစ်ပေါင်းများစွာ အားကစားနှင့်ပတ်သက်ခဲ့သမျှ အခက်ခဲဆုံးနေ့ရက်များဖြစ်သည်ဟုအာဆင်နယ်တွင် ရှယ်ယာအများစုပိုင်ဆိုင်သောစတန်းကရွန်ကီ ကပြောကြားသည်။ ဝင်းဂါးသည် အာဆင်နယ်နှင့် အင်္ဂလိပ်ဘောလုံးလောကကို ပြောင်းလဲစေခဲ့သည်ဟု အမေရိကန်နိုင်ငံသား ကရွန်ကီက ဆက်လက်ပြောကြားသည်။

အာစင်ဝင်းဂါးသည် ၁၉၉၆ က အာဆင်နယ်အသင်းကိုစတင်ကိုင်တွယ်ခဲ့ပြီး ကစားသမားများအစားအသောက် ပုံစံကိုပြောင်းလဲခဲ့ကာအရက်သောက်သောယဉ်ကျေးမှုကိုအဆုံးသတ်ခဲ့သည်။ ၎င်း၏အကြီးကျယ်ဆုံး အခိုက်အတန့်သည် ရှုံးပွဲလုံးဝမရှိခဲ့သည့် ၂၀၀၄ တွင် ပရီးမီးယားလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော် ဝင်းဂါးလက်ထက်တွင် အာဆင်နယ်အသင်း နှစ် ၂၀ဆက်တိုက် ချန်ပီယံလိဂ် ဝင်ခွင့်ရရှိခဲ့သော်လည်း ၂၀၀၆ ကဗိုလ်လုပွဲတက်ပြီး ဘာစီလိုနာကိုရှုံးနိမ့်ခြင်းသည် အမြင့်ဆုံးအဆင့်သို့ရောက်ရှိခြင်းဖြစ်ကာ တစ်ကြိမ်မျှ ချန်ပီယံလိဂ်ဖလား ကိုင်မြှောက်ခွင့်မရခဲ့ပေ။

မြတ်မင်းဇင်

ပရီးမီးယားလိဂ်အသင်းများ စံချိန်တင် အမြတ်ငွေရရှိခဲ့

ပရီးမီးယားလိဂ်ဘောလုံးအသင်းများသည် ၂၀၁၆- ၁၇ ဘောလုံးရာသီအတွင်း စံချိန်တင် အမြတ်ငွေနှင့် ဝင်ငွေများရရှိခဲ့သည်ဟု Deloitte ကုမ္ပဏီကထုတ်ပြန်သောအချက်အလက်များအရသိရသည်။ ၂၀၁၆-၁၇ရာသီတွင် ပရီးမီးယားလိဂ်အသင်းအားလုံး၏ စုစုပေါင်းဝင်ငွေသည် ပေါင်တစ်ဘီလီယံခန့်တိုးတက်ခဲ့ပြီး၊ ပေါင် ၄ဒသမ ၅ဘီလီယံ စံချိန်တင်ရရှိခဲ့သည်။ အခွန်မကောက်မီ စုစုပေါင်းအမြတ်ငွေသည် ပေါင် သုည ဒသမ ၅ဘီလီယံရှိခဲ့ပြီး ယင်းမှာ ၂၀၁၃- ၁၄ရာသီကစံချိန်တင်အမြတ်ငွေ ပေါင်သုည ဒသမ ၂ဘီလီယံထက် သုံးဆခန့်ရှိသည်။

ပရီးမီးယားလိဂ်အသင်းများ၏ ကုန်ကျစရိတ်လည်း ၉ရာခိုင်နှုန်းမြင့်တက်ကာ ပေါင် ၂ဒသမ ၅ ဘီလီယံရောက်ရှိပြီး စံချိန်တင်ခဲ့သည်။ သို့သော် ယင်းမှာ စုစုပေါင်း ဝင်ငွေ ၂၅ရာခိုင်နှုန်းတိုးတက်မှုထက်များစွာနည်းပါးသည်။ ပရီးမီးယားလိဂ်သုံးနှစ်တာ ထုတ်လွှင့်ပြသခွင့်သဘောတူညီချက်များ ၂၀၁၆- ၁၇ရာသီတွင် စတင်အသက်ဝင်လာသဖြင့် ဝင်ငွေများစံချိန်တင်မြင့်မားလာစေသည်ဟု အားကစားစီးပွားရေးအုပ်စု Deloitte အကြီးအကဲဒွန်ဂျုန်းစ်ကပြောကြားသည်။ နောက်ဆုံးလေးနှစ်အနက်သုံးနှစ်တွင် ပရီးမီးယားလိဂ်အသင်းများ အခွန်မကောက်မီအမြတ်ငွေများရရှိခဲ့သည်ဟု ယင်းကုမ္ပဏီ၏လေ့လာချက်ကတွေ့ရှိခဲ့သည်။

၂၀၁၉- ၂၀ရာသီကစ၍ သုံးနှစ်တာ ပြည်တွင်းထုတ်လွှင့်ပြသခွင့် သဘောတူညီချက်များတွင် ဝင်ငွေကျဆင်းမည်ဖြစ်သော်လည်း ပရီးမီးယားလိဂ်အသင်းများ၏ ဝင်ငွေနှင့် အမြတ်ငွေ ဆက်လက်တိုးတက်မည်ဟု ယင်းကုမ္ပဏီကမျှော်လင့်ထားသည်။ နိုင်ငံတကာထုတ်လွှင့်ပြသခွင့်သဘောတူညီချက်များမှ ဝင်ငွေဆက်လက်တိုးတက်မည်ဟု ပရီးမီးယားလိဂ်ကမျှော်လင့်ထားသည်။

မြတ်မင်းဇင်

မာလာဂါအသင်း ၁၀ နှစ်အတွင်း ပထမဆုံးတန်းဆင်း

အမ်မန်နျူရယ် ဘိုအာတိန်း၏ နောက်ဆုံးမိနစ် သွင်းဂိုးကြောင့် လီဗန်တေးကို ၁- ၀ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော မာလာဂါအသင်းသည် ၁၀ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် စပိန်လာလီဂါမှတန်းဆင်းပြီး ဒုတိယတန်းလိဂ်တွင် ယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။

လာလီဂါ ၃၃ပွဲမှ ၁၇မှတ်ရထားသော မာလာဂါ၏လက်ကျန်ငါးပွဲအလိုတွင်တန်းမဆင်းရရေး မျှော်လင့်ချက်သည် ဘိုအာတိန်း၏ နာကျင်အချိန်ပိုသွင်းဂိုးကြောင့် အဆုံးသတ်ခဲ့ရသည်။

၂၀၀၈ ကတည်းက လာလီဂါတွင် တစ်ဆက်တည်း ယှဉ်ပြိုင်ခွင့်ရခဲ့သော မာလာဂါသည် လွန်ခဲ့သောငါးနှစ် က ချန်ပီယံလိဂ်ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ပြီး ဒေါ့မ္ဘန်ကို နှစ်ကျော့ပေါင်း ၃- ၂ ဂိုးရလဒ်ဖြင့်ရှုံးကာ ထွက်ခဲ့ရသည်။

ပွဲအစတွင် မာလာဂါသည် အိမ်ရှင်လီဗန်တေးကို ခြေစွမ်းအသာဖြင့် ယှဉ်ပြိုင်နိုင်ခဲ့သော်လည်း လီဗန်တေး ဂိုးသမား အိုလာဇာဝယ်ကလက်စွမ်းပြကာကွယ်ခဲ့သည်။

လာမည့်ရာသီတွင် ဒုတိယတန်း၌ ကစားရမည့် အရေးနှင့်ပတ်သက်၍ မာလာဂါနည်းပြ ဂွန်ဇာလက်ဇ်လို ပက်ဇ်က မိမိတို့သည် လီဗန်တေးနှင့်ပွဲတွင် နောက်ကျဂိုး ခွင့်ပြုခဲ့ရခြင်းသည် ကံမကောင်းခြင်းဖြစ်ပြီး မကြာမီလာ လီဂါ၌ပြန်ကစားနိုင်ရန် ကြိုးပမ်းမည်ဟု ပြောသည်။

မြတ်မင်းဇင်

ဂျပန်-မြန်မာ ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဇွန်လတွင် ကျင်းပမည်

ရှစ်ကြိမ်မြောက်ဂျပန်- မြန်မာရိုးရာလက်ဝှေ့ပြိုင်ပွဲကို ဇွန်လအတွင်း တိုကျိုမြို့၌ ကျင်းပမည်ဖြစ်ကြောင်း ပွဲစီစဉ်သူဦးဝဏ္ဏကပြောသည်။

(Lethwei in Japan 8 SAMURAI)

ဂျပန်-မြန်မာရိုးရာလက်ဝှေ့ပြိုင်ပွဲကို ဂျပန်နိုင်ငံ၊ တိုကျိုမြို့ရှိ ကိုကုလအန်အားကစားရုံတွင် ဇွန်လ ၂၉ ရက်၌ ကျင်းပမည်ဖြစ်ပြီး တွဲဆိုင်းခြောက်ဆိုင်းပါဝင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲ၌ နာမည်ကြီးမြန်မာ့လက်ဝှေ့ကျော်များဖြစ်သည့် စောဂေါ်မူဒို၊ ထွန်းလွင်မိုး၊ ကြယ်စင်ဖြိုး၊ အောင်ဖြိုး တို့ပါဝင်မည်ဖြစ်ပြီးပြိုင်ဘက်ကစားသမားများကိုမူ ထုတ်ပြန်ခြင်းမရှိသေးပေ။

"မြန်မာဘက်က ကစားသမားတွေကို တော့ ပြိုင်ပွဲအတွက် တရားဝင်စာချုပ်ချုပ်ပြီး သွားပါပြီ။ ပြိုင်ဘက်တွေကိုတော့ တရားဝင်မသိရသေးဘူး။ တွဲဆိုင်းခြောက် ဆိုင်းမှာနိုင်ငံခြားသားချင်းနှစ်တွဲပါမယ်။ မြန်မာနဲ့နိုင်ငံခြားသားကလေးတွဲပါမယ်။ လက်ရှိတော့ ဂျပန်ကနာမည်ကြီးလက်ဝှေ့သမားတွေအပြင် တောင်ကိုရီးယား၊ တိုင်ပေ၊ဩစတြေးလျှကစားသမားတွေပါဖို့မျှားပါတယ်။ အရင်လုပ်တဲ့ပွဲတွေလိုမျိုးပရိသတ်တွေအတွက် ပွဲကောင်းတွေ ကြည့်ရဦးမှာပါ"ဟု ဦးဝဏ္ဏကပြောသည်။

အဆိုပါဂျပန်-မြန်မာရိုးရာလက်ဝှေ့ပြိုင်ပွဲကို ရုပ်သံမှ တိုက်ရိုက်ပြသနိုင်ခြင်းမရှိသော်လည်း MNTV ရုပ်သံ လိုင်းမှတစ်ဆင့်ပြန်လည်ပြသနိုင်ရန် ကြိုးစားနေကြောင်း ၎င်းကပြောသည်။ ဂျပန်-မြန်မာရိုးရာလက်ဝှေ့ပြိုင်ပွဲ ကိုဂျပန်နိုင်ငံတွင် ရှစ်ကြိမ်မြောက်ကျင်းပခြင်းဖြစ်ပြီး ယခင်ကျင်း ပခဲ့သည့်ပြိုင်ပွဲများ၌ ဂျပန်နိုင်ငံရှိ လက်ဝှေ့ ပရိသတ်အများအပြား လာရောက်အားပေး ကြည့်ရှုခဲ့သည်။



မြတ်မင်းဇင်

ထိုင်ဝမ်ရေလက်ကြားတွင် တရုတ်ကကျည်အစမ်းပြင့်စစ်ရေးလေ့ကျင့်



ဒေသတွင်းတင်းမာမှုတွေ မြင့်တက်နေစဉ်မှာပဲ ထိုင်ဝမ်ရေလက်ကြားမှာ တရုတ်က ကျည်အစစ်သုံးပြီး စစ်ရေးလေ့ကျင့်မှုတွေ စတင်ပြုလုပ်ခဲ့ပါတယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရကျွန်းဒေသရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုတွေနဲ့ ပတ်သက်ပြီး တရုတ်က သတိပေးခဲ့အပြီးမှာပဲ စစ်ရေးလေ့ကျင့်မှု လုပ်ခဲ့တာဖြစ်ပါတယ်။ ထိုင်ဝမ်ဟာလည်း ယခုသီတင်းပတ်အစောပိုင်းမှာ အလားတူစစ်ရေးလေ့ကျင့်မှုတစ်ခု စတင်ပြုလုပ်နေခဲ့တာပါ။

တရုတ်ရဲ့စစ်ရေးလေ့ကျင့်မှုဟာ အင်အားပြခြိမ်းခြောက်မှုဖြစ်ကြောင်း၊ ပုံမှန်ပြုလုပ်နေကြလေ့ကျင့်မှုတွေအဖြစ် ရည်ညွှန်းကာစစ်ရေးလေ့ကျင့်မှုတွေရဲ့ သိသာမြင်သာမှုကို လျှော့ချနေကြောင်း ပေကျင်းအစိုးရကို တိုင်ပေအရာရှိတွေက စွပ်စွဲခဲ့ပါတယ်။

တရုတ်နိုင်ငံဟာထိုင်ဝမ်ကို ခွဲထွက်နေတဲ့ ပြည်နယ်တစ်ခုအဖြစ် ရှုမြင်ထားပြီး တိုက်ခိုက်သိမ်းပိုက်သွားမယ်လို့ ခြိမ်းခြောက်ထားခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်က ထိုင်ဝမ်မှာ လွတ်လပ်ရေးထောက်ခံသမ္မတ ရွေးကောက်တင်မြှောက်ခံလိုက်ရချိန်မှစကာပြည်မကြီးနဲ့ ဆက်ဆံရေးဟာ ပိုမိုတင်းမာလာခဲ့ပါတယ်။

စစ်ရေးလေ့ကျင့်မှုတွေဟာ ထိုင်ဝမ်ရဲ့ လွတ်လပ်ရေးလှုပ်ရှားမှုတွေကိုသတိပေးဖို့ ရည်ရွယ်ခြင်းဖြစ်ကြောင်း တရုတ်အစိုးရအရာရှိတစ်ဦးက ရှင်းလင်းပြတ်သားစွာ ပြောဆိုခဲ့ပါတယ်။ ဒီစစ်ရေးလေ့ကျင့်မှုဟာ မိမိတို့အမိမြေရဲ့ အချုပ်အချာအာဏာနဲ့ ပိုင်နက်နယ်မြေစုစည်းမှုကို စောင့်ရှောက်ဖို့ ရည်ရွယ်ကြောင်း တရုတ်နိုင်ငံရဲ့ ထိုင်ဝမ်ရေးရာရုံးညွှန်ကြားရေးမှူး Liu Jieyi က ပြောဆိုခဲ့ပါတယ်။

လရောင် - CCTV

ဖိလစ်ပိုင်ရဲမှူးချုပ်သစ်ကမူးယစ်ဆေးဝါးနှိမ်နင်းမှု ဆက်လုပ်မည်ဟုကြွေးကြော်

ဖိလစ်ပိုင်၏ အသစ်စက်စက်ခန့်ထားခံရသော ရဲမှူးချုပ်က သမ္မတရီဒရီဂိုဒူတာတီ၏ ပြင်းထန်သောမူးယစ်ဆေးဝါးနှိမ်နင်းမှုများအတွင်း လူသေဆုံးမှုနှင့်ပတ်သက်၍ နိုင်ငံတကာက ပြစ်တင်ရှုတ်ချမှုများ ထပ်မံပြုလုပ်ထားသော်လည်း ယင်းမူးယစ်ဆေးစစ်ပွဲကို ဆက်လက်ဆင်နွှဲမည်ဟု ကြွေးကြော်သည်။ ကြာသပတေးနေ့က ကျမ်းသစ္စာကျိန်ဆိုခဲ့သော ရဲတပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် အိုစကာအယ်လ်ဘာယယ်ဒီ သည်လွန်ခဲ့သော ၂နှစ်က ဒူတာတီအာဏာရပြီးနောက်ပိုင်း လူထောင်ချီသေဆုံးစေခဲ့သည့် မူးယစ်ဆေးဝါးနှိမ်နင်းမှုများကို ဦးဆောင်မည်ဖြစ်သည်။

ရဲမှူးချုပ်အဖြစ် ပထမဆုံးပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အယ်လ်ဘာယယ်ဒီက "မူးယစ်ဆေးဝါးစစ်ပွဲကိုဘယ်လိုဆက်လုပ်မလဲ။ အဲဒါကိုဆက်လုပ်ဖို့ ကျွန်တော်တို့ဘာမှပြောင်းလဲမှာမဟုတ်ပါဘူး" ဟုသတင်းထောက်များအားပြောကြားသည်။

ပြင်းထန်သော မူးယစ်ဆေးဝါးနှိမ်နင်းရေး စတင်ရန် ဒူတာတီကို ကူညီပေးခဲ့ပြီးနောက် ယခုသီတင်းပတ်အတွင်း သူ့ရဲကောင်းဂုဏ်ပြုဆုများနှင့်အတူ အငြိမ်းစားယူသွားသော ရော်နယ်ဒီဒယ်လာရိုဆာ၏ တာဝန်ကိုအယ်လ်ဘာယယ်ဒီက လွှဲပြောင်းရယူခဲ့သည်။

လူ ၅၈ဦးကို ဖမ်းဆီးမှုဆီသို့ ဦးတည်သောရှင်းလင်းမှု တစ်ခုအတွင်း မူးယစ်ဆေးဝါးသံသယရှိသူဟုဆိုသူ ၁၃ဦးကို ရဲတပ်ဖွဲ့က သတ်ပစ်ခဲ့ကြောင်းဇူလိုင် ၂၀ရက်ကကြေညာသည်။

ဥရောပသမဂ္ဂကဖိလစ်ပိုင်၏ မူးယစ်ဆေးဝါးနှိမ်နင်းမှုကို ရှုတ်ချပြီး ဖိလစ်ပိုင်ကပြန်လည်ဝေဖန်စဉ် အယ်လ်ဘာယယ်ဒီ၏ မှတ်ချက်များထွက်ပေါ် လာခြင်း ဖြစ်သည်။

မူးယစ်ဆေးဝါးနှိမ်နင်းမှုများအတွင်း လူ ၄,၁၀၀ သေဆုံးခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောဆိုထားစဉ်အမှန်တကယ်သတင်ဖြတ်ခံရသူအရေအတွက်သည် ယင်းထက်သုံးဆများနိုင်သည်ဟု လူ့အခွင့်အရေးအဖွဲ့များက ပြောဆိုထားသည်။

လူ့အသိုင်းအဝိုင်းမှ မူးယစ်ဆေးဝါးရာဇဝတ်ကောင်များ ကင်းစင်ရေးလူတစ်သိန်းကို သတ်ပစ်ရန်မဲဆွယ်ကတိပေးခဲ့ပြီးနောက် ဒူတာတီသည် ၂၀၁၆ဇူလိုင်က နှိမ်နင်းမှုများစတင်ခဲ့သည်။

လရောင် - Ref: AFP

ဒေါ်နယ်ထရန့်က ပူတင်ကိုအမေရိကန်သို့ ဖိတ်ကြားခဲ့ဟု ရုရှားပြောကြား

အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ရုရှားသမ္မတ ဗလာဒီမာပူတင်အား အမေရိကန်နိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားခဲ့ကြောင်းနှင့် အိမ်ဖြူတော်တွင် ပူတင်ကို တွေ့ဆုံရလျှင် နှစ်ထောင်းအားရရှိမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနကို ကိုးကား၍ RIA Novosti သတင်းဌာနက ပြောကြားသည်။ ပြီးခဲ့သည့်လက ဖုန်းခေါ်ဆိုမှုအတွင်း ပူတင် အမေရိကန်သို့ လာရောက်ရန် ဒေါ်နယ်ထရန့်က အကြိမ်ကြိမ်ပြောကြားခဲ့သည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်မ်ရော့ကပြောကြားပြီး ယင်းဖိတ်ကြားမှုကို တရားဝင်ဖြစ်ရေးထရန့်က လုပ်ဆောင်ရန် ရုရှားကမျှော်လင့်နေကြောင်း သတင်းက ဆက်လက်ဖော်ပြသည်။

မတ်လ ၂၀ရက်ကဖုန်းခေါ်ဆိုမှုတွင် ပူတင်ပါရှင်တန်သို့ လာရောက်ရေးထရန့်က အကြိမ်ကြိမ်ပြောကြားခဲ့ကြောင်း။ မိမိတို့အနေဖြင့် မယုဇဉ်ကျေးသလိုမဖြစ်စေဘဲ သမ္မတထရန့်ကိုယ်တိုင်က အဆိုပြုခြင်းဖြစ်သောကြောင့် ထိုအနေအထားမှပင် ရှေ့ဆက်ပြီးဒေါ်နယ်ထရန့်က ဖိတ်ကြားမှုကို အခိုင်အမာလုပ်ရေးအမေရိကန် လုပ်ဖော်ကိုင်ဖက်များကို ပြန်ကြားခဲ့သည်ဟု ဆာဂျီလက်မ်ရော့ကဆက်ပြောသည်။

ပူတင်အားအိမ်ဖြူတော်သို့ ကြိုဆိုခြင်းသည် ဒေါ်နယ်ထရန့်၏ ပြည်တွင်းမှဝေဖန်သူများကို ဒေါသထွက်စေမည်ဖြစ်သည်။

ၔင်းတို့ကရုရှားသည် အနောက်နိုင်ငံများအပေါ် ရန်စသော လုပ်ရပ်များလုပ်ဆောင်နေသည်ဟု ပြောကြားသည်။

ဒေါ်နယ်ထရန့်သည် ယင်းဖုန်းခေါ်ဆိုမှုနောက်ပိုင်း ရုရှားနိုင်ငံနှင့် ပြဿနာများကိုဖြေရှင်းရန် လိုအပ်ကြောင်းနှင့် ရုရှားနှင့်ဆက်ဆံရေးကောင်း ထားရှိလိုသည်ဟု တွစ်တာပေါ်မှသော်လည်းကောင်း၊ ပြောစကားများဖြင့် သော်လည်းကောင်း ပြောကြားခဲ့ကြောင်း ဆာဂျီလက်မ်ရော့က ဆက်လက်ပြောကြားသည်။

လရောင်

Ref: Reuters